# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၂၆)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ထိုင်းနိုင်ငံသို့ရောက်ရှိ

**ဗန်ကောက် အောက်တိုဘာ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ တာဝန်ရှိသူများနှင့်အတူ နတ်ရွာစံ ထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်၏ တော်ဝင်စျာပနအခမ်းအနားသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ခေတ္တတည်းခိုမည့် ဗန်ကောက်မြို့ရှိ Okura Prestige Hotel သို့ ရောက်ရှိစဉ် (သတင်းစဉ်)

# အိမ်နီးချင်းနှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး H.E. Mr. Asaduzzaman နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိမ်နီးချင်းနှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ချစ်ကြည်ရင်းနှီးစွာနှင့် အတူတကွ ဖြေရှင်းသွားနိုင်မည်ဟု ခိုင်မာစွာယုံကြည်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား ပြန်လည်စိစစ်လက်ခံရေးနှင့်ပတ်သက်၍ နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး H.E. Mr. Asaduzzaman တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)




မြန်မာ့အလင်း

# NCA စာချုပ်နှင့် ဆောင်ရွက်ရန် တာဝန်များ

ယခုလ ၁၅ ရက်နေ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်နှစ်ပြည့်အခမ်းအနားကို နေပြည်တော်၌ စည်ကားစွာကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌတို့က အမှာစကားများ အသီးသီးပြောကြားခဲ့ရာတွင် NCA စာချုပ်သည်သာလျှင် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ကြောင်းအခိုင်အမာရပ်တည်၍ ပြောကြားသွားကြသည်ကိုတွေ့ရသည်။

ထိုသို့ပြောကြားရခြင်းမှာ NCA စာချုပ်ပါ ထူးခြားချက်များကြောင့်ဟု ဆိုရပါမည်။ NCA စာချုပ်မှာ သာမန်အပစ်အခတ်ရပ်စဲရေးစာချုပ်များထက် ပိုမိုကျယ်ပြန့်၊ ပိုမိုနက်ရှိုင်းသည်။ ၎င်းစာချုပ်တွင် နိုင်ငံရေးအာမခံချက်(နိုင်ငံရေးလမ်းပြမြေပုံ)နှင့် ဆောင်ရွက်ရန် တိကျသောအချိန်ဇယားများပါရှိသည်။ တိကျသော ရည်မှန်းချက်တစ်ရပ်အနေဖြင့် NCA စာချုပ်က ဦးတည်သည်မှာ အနာဂတ်မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရန်ဖြစ်သည်။ မည်သို့သောဖက်ဒရယ်လဲဟုဆိုလျှင် "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု" အခြေခံမူ ပထမအချက်တွင် အာမခံချက်အဖြစ် ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထို့နောက် NCA စာချုပ်၏ ထူးခြားချက်မှာ တိကျသောအချိန်ဇယားများပါရှိခြင်းဖြစ်သည်။ ၎င်းမှာ NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ရက်ပေါင်း၆၀ အတွင်း နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရေးဆွဲရန်နှင့် ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန်ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံကို ခြောက်လတစ်ကြိမ် ကျင်းပရန်ဖြစ်သည်။ ယခုအစိုးရလက်ထက်တွင် (၂၁)ရာစုပင်လုံနှစ်ကြိမ်ကျင်းပခဲ့ပြီး အခြေခံမူ ၃၇ ချက်ကို ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်း(၁)အဖြစ် လက်မှတ်ရေးထိုးနိုင်သောအဆင့်အထိ ခရီးရောက်ခဲ့ပြီဖြစ်သည်။ ယခုရည်မှန်းချက်မှာ တတိယအကြိမ် (၂၁) ရာစုပင်လုံ အစည်းအဝေးကြီးတွင် အခြေခံမူအားလုံးကို ပြီးပြတ်အောင်ဆွေးနွေးရန်ဖြစ်သည်။

နိုင်ငံတကာဘက်ကိုကြည့်လျှင် ယခုလ ၂၄ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၁၉)ကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပပြီးစီးသွားခဲ့သည်ကို တွေ့ရသည်။ ၎င်းကွန်ဂရက်နှင့်ပတ်သက်သော တရုတ်ပြည်မှရေးသားသည့်ဆောင်းပါးတစ်စောင်တွင် တရုတ်ပြည်ခိုင်မာတောင့်တင်းအင်အားကောင်းလာခြင်းမှာ အဓိကအချက်လေးချက်ကြောင့်ဟု ဆိုထားသည်။ ၎င်းတို့မှာ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း၊ ပေါ်လစီတစ်သမတ်တည်းရှိခြင်း၊ မြင့်မားသောအုပ်ချုပ်မှု စွမ်းဆောင်ရည်ရှိခြင်းနှင့် ပွင့်လင်းမှုအားလုံးပါဝင်မှု စသောအချက်များဖြစ်သည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံအဖို့ဆိုလျှင် ထိုအချက်လေးချက်သည် အနည်းနှင့်အများဆိုသလို လျော့နည်းလိုအပ်နေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ယခု (၂၁) ရာစုပင်လုံအစည်းအဝေးများတွင် အခြေခံမူများကို ချမှတ်နိုင်မည်ဆိုလျှင် တစ်သမတ်တည်းသောပေါ်လစီများ၊ မူများကို ရရှိမည်ဖြစ်ပါသည်။ ပြည်တွင်းစစ်ချုပ်ငြိမ်းမှသာ နိုင်ငံရေးတည်ငြိမ်မှုကိုရရှိမည်ဖြစ်ပြီး အုပ်ချုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတကာအတွေ့အကြုံများကို လေ့လာ၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့နောက် ပြည်သူ့ရေးရာပေါ်လစီများတွင် ပွင့်လင်းမှုနှင့် အားလုံး၏အသံများကို ကိုယ်စားပြုမှုများရှိအောင် ကြိုးပမ်းရမည်ဖြစ်ပါသည်။

ထိုသို့သောခြေလှမ်းများအားလုံးအတွက် NCA စာချုပ်သည် ပထမခြေလှမ်းပင်ဖြစ်သည်။ NCA သည် ခရီးလမ်းဆုံးမဟုတ်ဘဲ အနာဂတ်မြန်မာနိုင်ငံအတွက် အဝင်တံခါးအစသာလျှင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် NCA စာချုပ်တွင် အားလုံးပါဝင်ရေးအတွက် လမ်းဖွင့်ထားခြင်းဖြစ်ပြီး နိုင်ငံခေါင်းဆောင်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးပြီးသော ခေါင်းဆောင်များက လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် အဖွဲ့များအား တိုက်တွန်းနေရခြင်းဖြစ်ပါကြောင်း တင်ပြရပါသည်။

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-II ပြိုင်ပွဲ နေပြည်တော် MICC-II ၌ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-II ပြိုင်ပွဲ၏ ပွဲစဉ်(၃)ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်တွင် လည်းကောင်း၊ ပွဲစဉ်(၄) ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC-II ၌ ည ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းပြုလုပ်ခဲ့ရာ Level-I ပဏာမအသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကို လာလေ့ဒ် ဒက်ဆဲလ် လီယန်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကို လာလေ့ဒ် ဒက်ဆဲလ် လီယန်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တနင်္သာရီတိုင်း ဒေသကြီးတွင် မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၅-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၃၅/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၉ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဝင် General Paiboon Koomchaya၊ ထိုင်းနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီး Dr. Atchaka Si bunruang၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများက ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Wing-6 ၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဗန်ကောက်မြို့ရှိ Okura Prestige Hotel သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ် (သတင်းစဉ်)

# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ် လီယန်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်ကိစ္စတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ် လီယန်တို့ တွေ့ဆုံဆွေးနွေးစဉ်**

(သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ် လီယန်အား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ဌာနေညှိနှိုင်းရေးမှူးအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း မြန်မာနိုင်ငံအပေါ် မှန်ကန်စွာ နားလည်ဆောင်ရွက်ပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်ပေးမှုများအတွက် များစွာဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ အရာရှိများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# Cyber Space ဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

**Cyber Space ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။** (အောက်ပုံ)




ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ကမ္ဘာကြီးတွင် လူမှုဆက်ဆံမှု လွန်စွာများလာပါကြောင်း၊ ယနေ့တွင် ဆက်သွယ်ရေး များစွာကောင်းလာပြီဖြစ်၍ တစ်ကမ္ဘာလုံး ဖြန့်ကြက်ဆက်သွယ်ကြပါကြောင်း၊ ဆက်သွယ်ရေးကောင်းသည့် ယနေ့ခေတ်တွင် ဆက်သွယ်လုပ်ဆောင်နေသည့် အလုပ်သက်ရောက်မှုများမှာ ထင်ထင်ရှားရှားဖြစ်လာပါကြောင်း၊ IT ဟုခေါ်သည့် ဒစ်ဂျစ်တယ်၊ အင်တာနက်များသည် Cyber Space နှင့် ပတ်သက်နေသည့် အရာများဖြစ်ကြောင်း၊ နည်းပညာများ၊ ပစ္စည်းကိရိယာများကို အသုံးပြု၍ Cyber Space ပေါ်မှ မိမိအယူအဆများကို အမျိုးမျိုးအဖုံဖုံ ဖြန့်ချိ၍ရပါကြောင်း၊ Cyber Space မှ ကမ္ဘာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စမျိုးစုံကို လှုပ်ရှားဆောင်ရွက်နေကြပါကြောင်း၊ IT နည်းပညာရှိလာခြင်းဖြင့် ကမ္ဘာတွင် ဖြစ်ပျက်နေသမျှကို အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနိုင်ပါကြောင်း။

ယနေ့ခေတ် ကမ္ဘာကြီးတွင် နည်းပညာအသုံးချ လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ သိရှိနားလည်ထားရန် လိုကြောင်း၊ ၎င်းကိုသိရှိပြီး တိုးတက်အောင် ကြိုးစားမည်ဆိုပါက တစ်ဦးချင်းတိုးတက်လာပြီး မိမိဌာန၊ တိုင်းပြည်လည်း တိုးတက်လာမည်ဟု မြင်ပါကြောင်း၊ ယနေ့ ဝန်ကြီးဌာနသုံးခုမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ထားပြီး ၎င်းတို့က အတတ်ပညာလေ့လာဆည်းပူးထားသည်များကို မျှဝေပေးနိုင်သလောက် ပေးသွားမည်ဖြစ်ပြီး ရသလောက်ယူစေလိုပါကြောင်း၊ ဆက်လက်၍လည်း ဆိုက်ဘာနှင့်ပတ်သက်၍ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူးကြီး မိုးအောင်က MPT၊ တယ်လီနော၊ အူရီဒူး စသည့် ဆက်သွယ်ရေးအော်ပရေတာ သုံးခု ပြိုင်ဆိုင်ဆောင်ရွက်မှုများကြောင့် မိမိတို့ နိုင်ငံ၏ အင်တာနက်ကဏ္ဍ တိုးတက်လာကြောင်း၊ ကမ္ဘာတွင် ဆက်သွယ်မှု ကောင်းမွန်လာသည့်အတွက် မီဒီယာများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှ ဆိုက်ဘာလုံခြုံရေးကို ခြိမ်းခြောက်လာကြောင်း၊ ကြိုတင်ကာကွယ်မှု၊ မှုခင်းအပိုင်းများကို တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာကဏ္ဍတွင်လည်း အထက်ရုံးဌာနများ၏ ညွှန်ကြားချက်များ၊ အစည်းအဝေးများတွင် ပါသည့်အချက်များ ပြင်ပကို ပေါက်ကြားပြီး ပြည်တွင်း၊ ပြည်ပ သတင်းဌာနများကို ရောက်ရှိသွားသည်ကို တွေ့ရှိရကြောင်း၊ သတင်းပိုင်းအနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် တရားဝင်မှတ်ပုံတင်၍ တင်ပြနေသည့် သတင်းမီဒီယာများက ၎င်းတို့ သတင်းရင်းမြစ်ကို တိကျစွာတင်ပြသော်လည်း Personal အရ ထောင်ထားသည့် Page များမှာ ၎င်းတို့လိုချင်သည့် ပုံစံနှင့် အစိုးရ၊ ဝန်ကြီးဌာနအသီးသီးကို တိုက်ခိုက်ရေးသားဖော်ပြနေမှုများရှိနေကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအဆင့်ရှိ ရုံးစာများကို ထိန်းသိမ်းသွားရမည့် တာဝန်ရှိကြောင်း၊ ဌာနများကို တိုက်ခိုက်နေသည့် မီဒီယာများအနေဖြင့် Cyber Space ကို အသုံးချဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ အင်တာနက်ကိုသုံးသည့်နေရာတွင် ကောင်းသည့်ဘက်တွင် သုံးသူက ကောင်းသည်ကို သုံးသော်လည်း ဆိုးသည့်ဘက်ကို သုံးသည့်သူက အဆိုးကိုသာ သုံးမည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာကို အသုံးပြု၍ လှုံ့ဆော်မှုများလည်း ဆောင်ရွက်နိုင်ကြောင်း။

နည်းပညာထွန်းကားလာသည်နှင့်အမျှ မိမိတို့နိုင်ငံတွင် ကြုံတွေ့နေရသည့် ဆိုက်ဘာမှုခင်းအခြေအနေများနှင့် ကြိုတင်ကာကွယ်မှုနည်းလမ်းများ သိရှိနားလည်စေရန်ဖြစ်ကြောင်း။

မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များမှာ ဆိုက်ဘာလုံခြုံရေးဆောင်ရွက်ခြင်း၊ Internet အား စောင့်ကြပ်ထိန်းသိမ်းခြင်း၊ Cybercrime ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှုအား တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဆိုက်ဘာမှုခင်းများ စုံစမ်းဆောင်ရွက်ခြင်း၊ ဆိုက်ဘာမှုခင်းဆိုင်ရာ သက်သေခံပစ္စည်းများ စစ်ဆေးဆောင်ရွက်ခြင်း၊ လောင်းကစားမှုများနှင့် ပတ်သက်၍လည်း လုပ်ဆောင်နေသူ၏ ဘဏ်အကောင့်များ သိရှိရန်အတွက် ဆောင်ရွက်နေပါကြောင်း၊ ဆိုက်ဘာနှင့် ပတ်သက်လာလျှင် မိတ်ဖက်ဝန်ကြီးဌာနများ၊ ပြင်ပနည်းပညာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် INTERPOL, ASEANPOL နှင့် UNODC အဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးကျော်သူဝင်းက နည်းပညာ အခေါ်အဝေါ်များကို နိုင်ငံတကာအလိုက် သတ်မှတ်ထားကြောင်း၊ cyber attack , client attack စသဖြင့် ဖြစ်ကြောင်း၊ Hacking မှာ ကျယ်ကျယ်ပြန့်ပြန့် မရှိတော့ကြောင်း၊ DOS DTS ဆိုသည်မှာ လူတစ်ယောက်ကို ဖုန်းဖြင့် နှောင့်ယှက်ခြင်း စသည့်ပုံစံမျိုးဖြစ်ကြောင်း၊ ယင်းကို နည်းပညာအရကာကွယ်ရန် blacklist လုပ်၍ရကြောင်း၊ မြန်မာတွင် အဖြစ်အများဆုံး Cybercrime များမှာ ဆိုရှယ်မီဒီယာကို အသုံးပြုပြီး အခြားသူများအား အသရေပျက်စေသည့် စာသားများ၊ ပုံများတင်၍ အသရေဖျက်ခြင်းတို့ ဖြစ်ကြောင်း၊ ယနေ့ခေတ် လူမှုကွန်ရက်မီဒီယာများ ပေါ်လာသည့်အခါ သတင်းများ မြန်ဆန်စွာဆက်သွယ်ဖြန့်ချိနိုင်ကြောင်း၊ အင်တာနက်အသုံးပြုသူ ၁၅ သန်းတွင် ဖေ့စ်ဘွတ်သုံးသည့်သူ ၁၅ သန်းရှိသည့်အတွက် အင်တာနက်သုံးသူတိုင်း ဖေ့စ်ဘွတ်သုံးသည်ကို တွေ့ရှိရကြောင်း၊ အများစု၏ အချိန်များသည် ဖေ့စ်ဘွတ်သုံးခြင်းဖြင့် ကုန်လွန်နေသည်ကို တွေ့ရကြောင်း၊ ထိုသို့ သုံးစွဲရာမှ ၅၃ ရာခိုင်နှုန်းသည် လူမှုမီဒီယာ သုံးစွဲမှုသည် အကျင့်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားကြောင်း။

လူမှုမီဒီယာအသုံးပြု၍ လူမျိုးရေး၊ ဘာသာရေး ထိပါးပုတ်ခတ်မှုများရေးသားရာမှ ပဋိပက္ခများဖြစ်လာစေရန် လှုံ့ဆော်နိုင်ကြောင်း၊ ဖေ့စ်ဘွတ်ကို အကောင်းကို ဦးတည်အသုံးပြုသူများရှိသလို အဆိုးကို ဦးတည်သုံးသူများလည်းရှိကြောင်း၊ ဆိုက်ဘာလုံခြုံရေး ထိခိုက်နိုင်သည့် ဖြစ်စဉ်များဖြစ်ပွားပါက သက်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲမှူး ဖြိုးမြတ်မောင်က e-Government စနစ်နှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်ကစပြီး ပြည်ထဲရေးဝက်ဘ်ဆိုက်ကို လွှင့်တင်ခဲ့ကြောင်း၊ ဝက်ဘ်ဆိုက်များအား ပြည်သူသို့ချပြရာတွင် အသေးစိတ်ကအစ စစ်ဆေးရကြောင်း၊ အောက်ခြေ ပြည်သူလူထုအနေဖြင့် အခြေခံမိုဘိုင်းဖုန်းများကို ကိုင်ဆောင်ကြပြီး တချို့တွင် myanmar 3 font များ မပါဝင်ကြောင်း၊ ထို့ကြောင့် ဝက်ဘ်ဆိုက်ကို ဇော်ဂျီ myanmar 3 နှစ်ခုစလုံးဖြင့် လွှင့်တင်ခဲ့ရကြောင်း၊ EDMS အပိုင်းအရ ၂၀၁၇ ခုနှစ် မတ်လအကုန်တွင် Version အသစ်ဖြင့် EDMS ကို ပြောင်းသုံးရန် ဆင့်ပွားသင်တန်းများ ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခရိုင်အဆင့်မှ ဦးစီးဇယားဆွဲပြီး ကြပ်မတ်ကာ EDMS ပေးပို့ခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက ဆိုက်ဘာလုံခြုံရေးဟုဆိုရာတွင် IT နည်းပညာကွန်ရက်ကို အသုံးပြုလျှင် ဆိုက်ဘာထဲတွင် ပါဝင်ကြောင်း၊ သုံးစွဲသူ ၁၅ သန်းတွင် ၁၄ သန်းခန့်သည် မိမိတို့အကောင့်ကို Log Out လုပ်လေ့မရှိကြောင်း၊ နားလည်ရန်လိုအပ်နေပါသေးကြောင်း၊ ဝက်ဘ်ဆိုက်များ အတိုက်ခံရလျှင် သိစေချင်သည့်အချက်အလက်များ သိလို၍ ယူသွားသည်၊ အသစ်ပြန်လုပ်မည်ဆိုသည်သာ နားလည်ကြကြောင်း၊ မိမိတို့ အများစုမှာ g-mail ကို သုံးကြကြောင်း၊ g-mail Server ကို ဖြတ်သန်းသွားရကြောင်း၊ ထောင်ပေါင်းများစွာသော g-mail ကို နည်းပညာအရ ဖတ်နိုင်အောင် လုပ်ထားကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာနနှင့်ပတ်သက်၍ g-mail သုံးမည်ဆိုလျှင် ဌာန g-mail ကိုသာ ပေးစေလိုကြောင်း၊ free is not free သာဖြစ်ကြောင်း၊ မိမိတို့ အချက်အလက်များ ပေါက်ကြားနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း။

ဆိုက်ဘာလုံခြုံရေးတွင် သုံးခု ကျိုးပေါက်နိုင်ကြောင်း၊ (၁) User၊ (၂) ကွန်ရက် (ဆက်သွယ်ရေးအော်ပရေတာများ)၊ (၃) ICT Device ဟူ၍ ဖြစ်ကြောင်း၊ ICT Access တွင် အားလုံးရင်းနှီးသည့် မိုဘိုင်းဖုန်းကိုပြောလိုကြောင်း၊ မိမိဖုန်းကို မိမိသုံးသည်သာဖြစ်သော်လည်း ပျက်၍ သွားရောက်ပြင်လိုက်ပါက မိမိအချက်အလက်များ မလုံခြုံတော့ကြောင်း၊ ထို့ကြောင့် ဖုန်းပေါ်တွင် မိမိအတွက် အရေးကြီးသည့် အချက်အလက်များ မထားစေလိုကြောင်း၊ လုံခြုံရေးအသိရှိရှိနှင့် သုံးရန်လိုကြောင်း၊ User နှင့်ပတ်သက်လျှင် ပို၍အဓိကကျကြောင်း၊ User ကြောင့် လုံခြုံရေးကျိုးပေါက်နိုင်ကြောင်း၊ ထို့ကြောင့် User များကို ထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရုံးဌာနများတွင် ကွန်ပျူတာ Network ကို သုံးသည့်အခါ လိုက်နာရမည့် ညွှန်ကြားချက်များကို အထက်အဆင့်ဆင့်ကို တင်ပြ၍ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ အဆိုပါ Guidelineသည် မိမိကို ကာကွယ်ပေးသည့်အရာလည်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်က မိမိတို့ဌာနအနေဖြင့် ဝက်ဘ်ဆိုက် သုံးခု၊ Trade Portal သုံးခုဖြင့် ဆောင်ရွက်နေကြောင်း၊ အွန်လိုင်းမှ ငွေကြေးပေးသွင်းမှုများ ဆောင်ရွက်နိုင်ရန် e-Payment စနစ် ဆောင်ရွက်နေကြောင်း၊ ပို့ကုန်/သွင်းကုန် အထည်ချုပ်လုပ်ငန်းများအတွက် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားကြောင်း၊ အမိန့်ညွှန်ကြားချက်များကို နေ့စဉ် Update လုပ်လွှင့်တင်ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်မှုသတင်းများကို Commerce Journal Website တွင် လွှင့်တင်ထားကြောင်း။

Myanmar Tradenet Website ကို ၂၀၀၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Myanmartradenet အသင်းဝင်များအနေဖြင့် လိုင်စင်လျှောက်ထားနိုင်ကြောင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသတင်းများ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာသတင်းများ၊ နယ်စပ်ကုန်သွယ်မှုသတင်းများ၊ ကုန်စည်ပြပွဲသတင်းများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ထားကြောင်း၊ IELPS (Import Export License & Permit System) ကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Online စနစ်ဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်နှင့် ပါမစ်များ၊ မော်တော်ယာဉ်ပါမစ်များကို ရန်ကုန်၊ နေပြည်တော်တွင် လျှောက်ထားနိုင်သော စနစ်ဖြစ်ကြောင်း၊ နောက်စနစ်တစ်ခုမှာ BTOS (Border Trade Online System) ဖြစ်ကြောင်း၊ နယ်စပ်စခန်းများတွင် ကုန်သွယ်မှုလုပ်ငန်းများအတွက် စီးပွား/ကူးသန်း၊ အကောက်ခွန်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်ဌာနများမှ One Stop Services (OSS) စနစ်ဖြင့် ဆောင်ရွက်သည့် စနစ်တစ်ခုဖြစ်ကြောင်း။

MPU (Myanmar Payment Union) စနစ်ကို ၂၀၁၇ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး KBZ ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နေပြည်တော်၊ ရန်ကုန်သာမက မူဆယ်၊ မြဝတီရှိ ပို့ကုန်/သွင်းကုန် လိုင်စင်များနှင့် အခြားပေးသွင်းရသည့် ငွေကြေးပေးသွင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ Fully Online စနစ်တွင်လည်း အသုံးပြုနိုင်ရန် ချိတ်ဆက်ထားကြောင်း၊ Trade Data Reporting System ကို တင်သွင်း/တင်ပို့သည့် ပစ္စည်းများ၏ အမှန်တင်စာရင်းအား အကောက်ခွန်ဦးစီးဌာနနှင့် နယ်စပ်စခန်းများမှ ရယူ၍ Trade နှင့် ပတ်သက်သည့်စာရင်းများ ပြုစုမှုများအတွက် ဆောင်ရွက်ထားသည့်စနစ်ဖြစ်ကြောင်း၊ e-Bio (Employee Bio Data Information System) မှာ ဆက်သွယ်ရေးက ဆောင်ရွက်နေသည့် GPMS စနစ်ကဲ့သို့ ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များအား စနစ်တကျ ထည့်သွင်း ထားရှိပြီး လိုအပ်သည့်အချိန်တွင် Report ထုတ်ယူနိုင်ရန် ဆောင်ရွက်ထားရှိပြီး အဆိုပါစနစ်တွင် Attendances စနစ်နှင့် ချိတ်ဆက်၍ Payrolls တွက်ချက်နိုင်ရန် တိုးချဲ့ဆောင်ရွက်ထားကြောင်း၊ DEMS (Document Exchange Management System) မှာ ရုံးတွင်းစာပေးပို့သည့် စနစ်အား Manual မှ Electronic စနစ်ဖြင့် Paper Less စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ရုံးလုပ်ငန်း လုပ်ထုံးလုပ်နည်းများအတိုင်း ပြင်ဆင်ဖြည့်စွက်၍ File သိမ်းဆည်းသည့် စနစ်များ၊ Digital Code ဖြင့် လက်မှတ်ရေးထိုးမှုအပြင် Signature Pad ဖြင့် လက်မှတ်ရေးထိုးနိုင်သည့် စနစ်များပါဝင်အောင် ဆောင်ရွက်ထားရှိသည့် စနစ်တစ်ခုဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းပပသူက Digital Economy၊ e-Commerce တို့နှင့် စပ်လျဉ်း၍ e-Commerce ဆိုသည်မှာ အီလက်ထရွန်နစ် နည်းပညာများသုံး၍ ဆောင်ရွက်သည့်နည်းဖြစ်ကြောင်း၊ စီးပွားရေး၏ သွင်ပြင်လက္ခဏာများမှာ လုပ်ငန်းဆောင်ရွက်မှုများကို အီလက်ထရွန်နစ်နည်းပညာများဖြင့် ဆောင်ရွက်ခြင်း၊ အလုပ်ရှင်၊ အလုပ်သမား၊ ဝယ်ယူ/ရောင်းချမှုများကို အကျိုးရှိရှိချိတ်ဆက်နိုင်ပြီး မျှဝေနိုင်ကြောင်း၊ Personalize တွင် အသုံးပြုသူများအနေဖြင့် ကြိုက်နှစ်သက်သည်ကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ e-Government ကို ၂၀၀၅ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း Unit Platform တစ်ခုလည်း လိုအပ်လာပြီ ဖြစ်ကြောင်း၊ ICT ကဏ္ဍ၏ အရေးပါမှုကို အကျိုးရှိရှိ အသုံးချနိုင်လျှင် လွန်စွာအကျိုးရှိသည်ကို တွေ့ရကြောင်း၊ ကောင်းကျိုးရှိသလို ဆိုးကျိုးလည်းရှိသည်ကို သတိထားရမည်ဖြစ်ကြောင်း။

ဖေ့စ်ဘွတ်ကို အသုံးချ၍ စီးပွားဖြစ်သွားသူများလည်းရှိကြောင်း၊ ကောင်းသည့်အကျိုးရလဒ်များစွာရှိကြောင်း၊ အွန်လိုင်းမှာ Market အတွက် အလွန်ပင်ကောင်းမွန်ကြောင်း၊ စနစ်တကျဆောင်ရွက်နိုင်မည်ဆိုလျှင် e-Commerce လည်း အောင်မြင်လာမည်ဖြစ်ကြောင်း၊ အောင်မြင်လာသည်နှင့် ဆိုက်ဘာလုံခြုံရေးလည်း အရေးကြီးလာပြီဖြစ်ကြောင်း၊ ထို့အပြင် နှစ်ဦးနှစ်ဖက်ကြား ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ဘယ်လိုဥပဒေနှင့် ထိန်းကျောင်းမည်လဲဆိုသည်က လိုအပ်လာကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိစေရန်အတွက် ဆောင်ရွက်နေမှုများအား ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Renata Dessallien အား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ခေတ္တပြောင်းရွှေ့ခဲ့ကြသည့် ဒေသတွင်းနေ နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ သတင်းမီဒီယာများ လွတ်လပ်စွာ သတင်းရယူနိုင်ရေးနှင့် ရခိုင်ပြည်နယ်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိစေရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်းရှိ စေတနာရှင်ပြည်သူလူထုများ၊ ပြည်ပနိုင်ငံများနှင့် ပြည်ပအဖွဲ့အစည်းများမှ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီ ထောက်ပံ့သည့်အခြေအနေများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



❖ *ကျောဖုံးမှ*

တိုးမြှင့်ဆောင်ရွက်ခြင်းကိစ္စ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စ၊ နယ်စပ်ဆက်ဆံရေးရုံးတွေ ထူထောင်ဖွင့်လှစ်ဖို့ကိစ္စ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုနဲ့ လူဝင်လူထွက်များစိစစ်ခြင်းကိစ္စ၊ တရားမဝင်ဖြတ်ကျော်သွားလာနေတဲ့ ကိစ္စနဲ့ နိုင်ငံသားစိစစ်လက်ခံမှုတွေမှာ ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စတွေကို ဆွေးနွေးပါတယ်။ နိုင်ငံသား ဟုတ်၊ မဟုတ် စိစစ်လက်ခံတဲ့အခါမှာ နှစ်နိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုပြီးတော့ နယ်ပယ် (၅) ရပ်ကို အဓိကထားဆွေးနွေးခဲ့ပါတယ်''ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ''ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကတော့ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းခြင်း၊ လုံခြုံရေးအခန်းကဏ္ဍနဲ့ နယ်စပ်ဒေသတစ်လျှောက် ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ နားလည်မှုမြှင့်တင်ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ မူးယစ်ဆေးဝါး တရားမဝင် ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနဲ့ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်လှုပ်ရှားမှုများ၊ နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ခြင်း စတဲ့ ခေါင်းစဉ်တွေကို ဆွေးနွေးခဲ့ပါတယ်။

''နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးအပြီးမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးဆိုင်ရာဆွေးနွေးမှုလုပ်ငန်းစဉ် သဘောတူညီချက်ကို ရရှိခဲ့ပြီးတော့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲ့ဒီအပြင် နယ်စပ်ဆက်ဆံရေးရုံး များ ထူထောင်ဖွင့်လှစ်ခြင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးခဲ့ပါတယ်''ဟု ပြောသည်။

ထို့ပြင် ၎င်းက ''အစည်းအဝေးမှာတော့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးတွေနဲ့ ကိုယ်စားလှယ်အဖွဲ့တွေရဲ့ ဆွေးနွေးချက်တွေအရ နှစ်နိုင်ငံအကြား အချက် (၁၀) ချက်ကို ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့ပါတယ်။

''အဲ့ဒီအပြင် အကြမ်းဖက်မှုဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူတွေ၊ အားပေးကူညီသူတွေကိုလည်း အရေးယူဆောင်ရွက်ဖို့နဲ့ ထွက်ပြေးတိမ်းရှောင်နေသူများ အမည်စာရင်းကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို လွှဲပြောင်းပေးခဲ့ပြီး အမြန်ဆုံး စုံစမ်းဖော်ထုတ်လွှဲပြောင်းပေးဖို့လည်း ကျွန်တော်တို့ဘက်က တောင်းဆိုခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးကိုယ်တိုင်က ၎င်းတို့အနေနဲ့ ပြစ်မှုကျူးလွန်သူတွေ (သို့မဟုတ်) တရားမဝင်လက်နက်ကိုင်အဖွဲ့တွေနဲ့စပ်လျဉ်းပြီး မည်သည့်လုပ်ရပ်ကိုမှ လက်ခံခြင်းမပြုသကဲ့သို့ ဘင်္ဂလားဒေ့ရှ်ရဲ့ ပိုင်နက်နယ်မြေပေါ်မှာလည်း မည်သည့်အဖွဲ့အစည်း၊ တရားမဝင်အဖွဲ့အစည်း၊ သောင်းကျန်းသူ၊ အကြမ်းဖက်သမား မည်သူ့ကိုမှ ခွင့်မပြုဘဲ ယခင်ကလည်း ခွင့်မပြုခဲ့တဲ့အပြင် နောင်တွင်လည်း ခွင့်ပြုမည်မဟုတ်ကြောင်း အကျေအလည် ပြောဆိုသွားပါတယ်။ ကတိပြုသွားပါတယ်'' ဟု ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက ထွက်ပြေးသွားသောသူများပြန်လည်လက်ခံမည့် ကိစ္စနှင့် အကြမ်းဖက်သမားများအား ဖော်ထုတ်ရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုမေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန Public Security Division မှ Secretary Mr. Mostafa Kamal Uddin တို့က ပြန်လည်ဖြေကြားကြသည်။

**(သတင်းစဉ်)**

❑ *ကျောဖုံးမှ*

ငမိုးရိပ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ရန်ကုန် တိုင်းဒေသကြီးအစိုးရအနေဖြင့် တည်ဆောက်ခွင့်ပြုကာလ ငါးလသာ သတ်မှတ်ပေးခဲ့သော်လည်း တည်ဆောက်မှုလုပ်ငန်းပိုင်း အဆင်ပြေချောမွေ့သဖြင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် အဆိုပါတံတားကြီးကို တာဝန်ယူဆောက်လုပ်သော မြတ်နိုးသူကုမ္ပဏီမှ သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အပ်နှံခဲ့ပြီးဖြစ်ကာ လတ်တလောအနေဖြင့် AC လမ်းခင်းလျက်ရှိပြီး များမကြာမီ ရက်ပိုင်းအတွင်း ခရီးသည်တင်ယာဉ်များ အပါအဝင် ပြည်သူများလွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ရကြတော့မည်ဖြစ်သည်။

''ငမိုးရိပ်တံတား(သစ္စာလမ်း)ကို ကျွန်တော်တို့အနေနဲ့ မိုးတွင်းကာလမှာ စတင် အကောင်အထည်ဖော်တည်ဆောက်ခဲ့ပေမယ့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် အပြီးတည်ဆောက်နိုင်ခဲ့ပါတယ်။ ကုမ္ပဏီအနေနဲ့ကတော့ သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ရာနှုန်းပြည့်ပြီးစီးလို့ အပ်နှံထားပြီးပါပြီ။ ဒါကြောင့် လတ်တလောအနေနဲ့ ရဟန်း၊ သံဃာတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ကလေးတွေအပါအဝင် ခရီးသွားပြည်သူတွေကို စတင်ဖြတ်သန်းသွားလာခွင့်ပြုထားပါတယ်။ ဆောက်လုပ်မှုပိုင်းဆိုင်ရာအနေနဲ့ မီးပိုင်းဆိုင်ရာကအစ ရာနှုန်းပြည့်ပြီးစီးနေပါပြီ။ AC လမ်းလည်း အခုခင်းနေပြီဆိုတော့ မကြာခင်ရက်ပိုင်းအတွင်းမှာ ပြည်သူတွေအနေနဲ့ စတင်ဖြတ်သန်း အသုံးပြုနိုင်တော့မှာပါ'' ဟု အဆိုပါ ငမိုးရိပ်တံတား(သစ္စာလမ်း)အား တာဝန်ယူ တည်ဆောက်ခဲ့သောအဖွဲ့မှ အင်ဂျင် နီယာတစ်ဦးက ပြောသည်။

ရာနှုန်းပြည့် တည်ဆောက်မှုပြီးစီးပြီဖြစ်သောငမိုးရိပ်တံတား(သစ္စာလမ်း)သည် ပင်မတံတား အရှည်ပေ ၉၀၀ (မီတာ ၂၈၀ )၊ချဉ်းကပ်လမ်းအရှည် ၆၅ မီတာ၊ ကားလမ်းအကျယ် ရှစ်မီတာ၊ စကြံလမ်းအကျယ် တစ်ဖက် ၁ ဒသမ ၇ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်မီတာ၊ အကျယ် မီတာ ၆၀၊ ခံနိုင်ဝန် တန် ၆၀ ရှိပြီး တံတားအမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်း၊ သံကူကွန်ကရစ်၊ စတီးလ် ဘောက်ကာတာဖြစ်ကာ ယာဉ်များ နှစ်လမ်းသွားအသုံးအပြုနိုင်မည်ဖြစ်သည်။

''ဒီတံတားကြီးက ကျွန်တော်တို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) နဲ့ တောင်ဥက္ကလာပကို ငမိုးရိပ်ချောင်းဖြတ်ပြီး တည်ဆောက်ထားတာဆိုတော့ ပြည်သူတွေအတွက် ဖြတ်လမ်းသဘောမျိုးဖြစ်နေတဲ့အတွက် အလွန်ပဲအဆင်ပြေပါတယ်။ အရင်ကဆိုစက်တပ်သမ္ဗန်လေးတွေနဲ့ ကျောင်းသား ကျောင်းသူတွေကအစ တစ်ဖက်နဲ့တစ်ဖက် ကူးလူးသွားလာကြရတာ။ အဲဒီလိုမှ မသွားရင် ဘေလီတံတားဘက်ကနေ သွားကြရတော့ ကားလမ်းပိတ်တာ နဲ့ အချိန်အများကြီးပေးကြရတယ်။ ခုတော့ ခြောက်မိနစ်၊ ခုနစ်မိနစ်လောက် လမ်းလျှောက်လိုက်တာနဲ့ တစ်ဖက်နဲ့တစ်ဖက် လိုရာခရီးကို လွယ်လင့်တကူ သွားနိုင်သလို ဒီတံတားကြီးက ယာဉ်ကြောကျပ်တည်းမှုကိုလည်း အမှန်တကယ် အထောက်အကူပြုမယ်လို့ထင်ပါတယ်'' ဟု ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၃ ရပ်ကွက်မှ ဦးမြင့်သူက ပြောသည်။

ယင်းငမိုးရိပ်တံတား(သစ္စာလမ်း)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးအရ ဘတ်ဂျက်ဖြင့် အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ပြီး မြန်မာငွေကျပ်ဘီလီယံ ၅ ဒသမ ၂ သန်းအကုန်အကျခံကာ ပြည်တွင်းအင်ဂျင်နီယာများကရက်ပေါင်း ၁၅၅ ရက်အတွင်း အပြီးတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-မောင်စိန်လွင်**
**(မြန်မာ့အလင်း)**



# ရှမ်းယူနိုက်တက်အသင်း ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံဆုပထမဆုံး ဆွတ်ခူး




**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ဖလားနှစ်လုံးလမ်းကြောင်းပေါ်မှ ပထမဆုံး ဆုဖလားဖြစ်သည့် ရှုံး/ထွက် ချန်ပီယံဆုအား ရယူနိုင်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက်ပေးဂိုးမရှိဘဲ ဗိုလ်လုပွဲ တက်ရောက်လာသည့် ရန်ကုန်အသင်းသည် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရပြီး နှစ်ကြိမ်ဆက်တိုက် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဗိုလ်ချုပ် အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံဆုအား ပထမဆုံးအကြိမ် ရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် သီဟစည်သူ၊ ဝင်းမင်းထွန်း၊ ခရစ္စ တိုဖာ၊ ရန်နိုင်ဦး၊ မက်ဆီမင်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ရန်ကုန်အသင်းမှာမူ ခင်မောင်လွင်၊ ကျော်ဇင်ထက်၊ ကျော်ကိုကို၊ ဆီဇာတို့ကို အသုံးပြုခဲ့သော်လည်း ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းမှာ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ နှစ်သင်းစလုံး ဖလားနှစ်လုံးအိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန် အားထည့်ကစားခဲ့သော်လည်း ပထမပိုင်းတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ပေ။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ကျော်ကိုကို တစ်ဦးတည်း ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဇော်မင်းထွန်းမပါသည့် ရန်ကုန်ခံစစ်ကို ဖိအားပေးနိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ထောင့်ကန်ဘောမှတစ်ဆင့် မက်ဆီမင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းကသာ ဆက်လက်ဖိကစားခဲ့ပြီး ၅၆ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ မိနစ် ၆၀ တွင် ဆီဇာက ရန်ကုန်အတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့၍ လက်ကျန်မိနစ်များမှာ ပိုမိုအသက်ဝင်ခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရရန် အားထည့်လာသော်လည်း ရှမ်းယူနိုက်တက် နောက်တန်း ကာကွယ်နိုင်ခဲ့သလို ဂိုးသွင်းခွင့်အချို့ကိုလည်း ဂိုးသမားသီဟစည်သူက ကာကွယ်နိုင်ခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်းနှင့်ဆုကြေး ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆုရ ရန်ကုန်အသင်းအား ဆုကြေးငွေကျပ် သိန်း ၁၅၀ တို့ကို ကာကွယ်ရေးဦးစီးချုပ် (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# My FINANCE စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ထိုး

နေပြည်တော် အောက်တိုဘာ ၂၅

**မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြို့နယ်အဆင့် သမဝါယမအသင်းစုများ၊ အခြေခံသမဝါယမအသင်းများနှင့် သမဝါယမငွေစုငွေချေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးဆီသို့ ကူးပြောင်းနိုင်ရေး ပညာပေးရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ကနေဒါနိုင်ငံ သမဝါယမအဖွဲ့ချုပ်တို့အကြား My FINANCE စီမံကိန်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ဟိုတယ်ဇုန်ရှိ Grand Amara Hotel ၌ ကျင်းပခဲ့သည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားပြီး (CCA) Executive Director က My FINANCE စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြိုးနှင့် (CCA) Executive Director Mr. Michael Casey တို့က My FINANCE စီမံကိန်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**

အဆိုပါ နားလည်မှုစာချွန်လွှာသည် CCA က ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တည်ထောင်ပေးရန်၊ ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမအသင်းများ၊ ငွေကြေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ ထူထောင်၍ ခိုင်မာအားကောင်းလာစေရန် My FINANCE စီမံကိန်းကို အမေရိကန်ဒေါ်လာ သုံးသန်း အသုံးပြုအကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်သည်။ စီမံကိန်းကာလ ၃၂ လအတွင်း မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ပခုက္ကူ၊ ရေစကြို မြို့နယ်တို့မှ သမဝါယမအသင်းများ၊ အမှုဆောင်အဖွဲ့များနှင့် ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ အာမခံ ရန်ပုံငွေ တစ်ရပ် ထူထောင်ပေးခြင်း၊ Exchange Visit များ စေလွှတ်ခြင်း၊ Workshop များ ကျင်းပပေးခြင်း၊ အပ်နှံငွေများ ပြန်လည်ထုတ်ယူမှုကို ကာမိစေရေးအတွက် အသင်းသားများ၏ ယုံကြည်မှုကို တည်ဆောက်နိုင်ရန် ငွေဖြစ်လွယ်မှု နည်းလမ်းများကို မိတ်ဆက်ပေးခြင်း၊ ဝယ်လိုအားများသည့် သွင်းအားစုများ ဝယ်ယူနိုင်ရေးအတွက် ငွေရေးကြေးရေး ဆိုင်ရာ သတ်မှတ်ချက်များ ပုံဖော်ရေးဆွဲပေးခြင်းနှင့် ဈေးကွက်ရှာဖွေရေး မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ကူညီပံ့ပိုး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မြန်မာ့အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ အလားအလာ

**ဝေယံဦး**

စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် အားထုတ်ကြိုးစားလုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံမှာတော့ အဓိကစီးပွားရေးလုပ်ငန်းတွေကို ကြည့်ရင် အသေးစားနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်းတွေကများနေတာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အသေးစားနဲ့ အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေဟာ နိုင်ငံအတွင်းမှာ ၉၀ ရာခိုင်နှုန်းကျော်ရှိနေပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကတော့ ၉၉ ဒသမ ၆ ရာခိုင်နှုန်းကျော်ရှိနေတယ်လို့ စက်မှုဝန်ကြီးဌာန အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရဲ့စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့နိုင်ငံတွေအတော်များများမှာ နိုင်ငံရဲ့ စီးပွားရေးကို အဓိကအခန်းကဏ္ဍကနေပြီး မြှင့်တင်ပေးနေတာဟာ SME လို့ခေါ်တဲ့ အသေးစားနဲ့ အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေဖြစ်နေတာ တွေ့ရမှာဖြစ်သလို လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အဲဒီလုပ်ငန်းတွေက ထိထိရောက်ရောက် အထောက်အကူပေးနိုင်တယ်လို့ ဆိုပါတယ်။

အသေးစားနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်းတွေဟာ အခြေခံလူ့အဖွဲ့အစည်းနဲ့ ပြည်သူတွေအကြား နီးကပ်ဆက်စပ်တဲ့ အနေအထားရှိတာမို့ အဲဒီSME လုပ်ငန်းတွေမှ စားသုံးသူပြည်သူတွေအထိ ရောက်ရှိဖို့အတွက် ထုတ်လုပ်သူ၊ စိုက်ပျိုးလုပ်ကိုင်သူ၊ ပါဝင်လုပ်ကိုင်သူ၊ လက်လီလက်ကား ရောင်းချသူနဲ့ သယ်ယူပို့ဆောင်ပေးသူတွေအပြင် ဝန်ဆောင်မှုပေးသူတွေပါ Supply Chain အဖြစ် ပါဝင်နေတာမို့ အကျိုးဆက်အများအပြား ဖြစ်ပေါ်စေပါတယ်။

မြန်မာနိုင်ငံမှာတော့ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ SME လုပ်ငန်းတွေဟာ စုစုပေါင်း ၄၈၇၇၈ ခုရှိနေပြီး ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းမှာပင် ၆၆၅၁ ခုရှိနေတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီ SME လုပ်ငန်းတွေကို ကဏ္ဍ ၁၃ ခု သတ်မှတ်ထားရာမှာ နေထိုင်ရေးလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ စားသောက်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာလုပ်ငန်း၊ စက်သတ္တုပစ္စည်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေး လုပ်ငန်း၊ စာပေနှင့် အနုပညာဆိုင်ရာလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလက်မှုသုံးကိရိယာထုတ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အထွေထွေစက်မှုအလုပ်ရုံစတာတွေဖြစ်ပါတယ်။ အဲဒီ SME တွေထဲမှာမှ စားသောက်ရေးဆိုင်ရာ လုပ်ငန်းတွေကတော့ မှတ်ပုံတင်ထားတာ ၅၈ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိတယ်လို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရဲ့စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ပြည်တွင်းမှာ သဘာဝအရင်းအမြစ်ပေါများတဲ့ မြန်မာနိုင်ငံမှာ ခေတ်မီနည်းပညာတွေ၊ နည်းစနစ်တွေနဲ့ အသုံးပြုပြီး နိုင်ငံတကာ အရည်အသွေးမီ၊ တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ရင်တော့ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေလည်း ထွက်ပေါ်လာမှာ ဖြစ်သလို နိုင်ငံတကာနဲ့လည်း စီးပွားရေးပေါင်းစည်းဆက်စပ်မှုရှိလာမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ခြင်းနဲ့အတူ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုဖြစ်စဉ်တွေမှာ ပိုမိုဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံရဲ့ SME လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ အခွင့်အလမ်းတွေ ရှိနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံ SME တွေရဲ့ အခြေအနေကိုကြည့်ရင် စိန်ခေါ်မှုတွေနဲ့ အခက်ခဲတွေရှိနေပြန်ပါတယ်။ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိမှု ကြိုးစားနေရဆဲဖြစ်နေတာမို့ ကုန်ကျစရိတ်က အတိုင်းအတာတစ်ခုအထိ ရှိနေပါတယ်။ အခုနောက်ပိုင်းဓာတ်အားတိုးတက်ရရှိလာတာကြောင့် သက်သာမှုရှိပေမယ့် အခြားနိုင်ငံတွေနဲ့ ယှဉ်ရင်တော့ ဈေးနှုန်းမယှဉ်ပြိုင်နိုင်သေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် ငွေကြေးအရင်းအနှီးရရှိဖို့ ခက်ခဲခြင်း၊ နည်းပညာလွှဲပြောင်းရရှိရေးခက်ခဲခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်မှုအားနည်းခြင်း၊ ထုတ်လုပ်မှုနည်းပညာကျွမ်းကျင်မှုနိမ့်ကျခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ရရှိမှုခက်ခဲခြင်း၊ စီးပွားရေးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုတွေကို ကူညီပေးမယ့် ဌာနတွေမှာ လိုအပ်ချက်ရှိနေခြင်း၊ အခြေခံအဆောက်အအုံ မပြည့်စုံခြင်း၊ အခြေခံကောင်းဖန်တီးပေးနိုင်မှုအားနည်းခြင်း၊ သင့်တင့်မျှတသော အခွန်အကောက်နှင့် အထူးအခွင့်အရေးများ ခံစားခွင့်ရရှိရန် လိုအပ်ခြင်းတို့ဆိုတဲ့ အခက်အခဲတွေရှိနေတယ်လို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေက သုံးသပ်နေကြပါတယ်။



ပြည်တွင်း SME တွေအတွက် ငွေကြေးချေးပေးမှုရှိလာလို့ အထောက်အကူရပေမယ့် လိုအပ်ချက်တွေရှိနေဆဲဖြစ်တယ်လို့ဆိုပါတယ်။ ပြည်တွင်းဈေးကွက်မှာ ပြည်ပက ဝင်ရောက်လာတဲ့ မျိုးတူကုန်ပစ္စည်းတွေကြောင့် ပြည်တွင်း SME ထုတ်ကုန်တွေက စိန်ခေါ်မှုလည်း ရှိနေပါတယ်။ ထုပ်ပိုးမှုအရည်အသွေးအားနည်းမှု၊ ထုတ်ကုန်အရည်အသွေးအားနည်းမှု၊ ဈေးကွက်ဗဟုသုတနည်းပါးမှု၊ ဈေးကွက်ထိုးဖောက်ရာမှာ အများနဲ့ မတူအောင် ဆောင်ရွက်နိုင်မှုတွေက အားနည်းချက်အဖြစ် ရှိနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်တွင်းဈေးကွက်မှာတော့ စားသောက်ကုန်နဲ့ ထုတ်ကုန်တွေအပိုင်းကို ကြည့်ရင် ပြည်ပက စားသောက်ကုန်တွေဟာ ထုပ်ပိုးမှု၊ ဈေးနှုန်းသက်သာမှု၊ များများထုတ်လုပ်နိုင်မှုကြောင့် ဈေးကွက်မှာ အသာစီးရသလို ဖြစ်နေတယ်လို့ သုံးသပ်နေကြပါတယ်။

"စိန်ခေါ်မှုအနေနဲ့ လိုအပ်တဲ့ကုန်ပစ္စည်းပြတ်လပ်မှုမရှိအောင် ထုတ်လုပ်တင်သွင်းတဲ့အပိုင်းမှာ အားနည်းတာ၊ ထုပ်ပိုးမှုအရည်အသွေးပိုင်း အားနည်းတာ၊ ဈေးကွက်စီးပွားရေးဗဟုသုတ နည်းပါးတာကြောင့် ဈေးကွက်ထိုးဖောက်ရာမှာ အများနဲ့ ကွဲပြားအောင် ဈေးကွက်ထိုးဖောက်မှုနည်းစနစ်တွေမှာ အားနည်းတာဖြစ်တယ်"လို့ ပြည်တွင်း SME လုပ်ငန်းထုတ် ကုန်ပစ္စည်းတွေကို ဈေးကွက်နေရာရရှိစေဖို့အတွက် ၂၀၁၃ ခုနှစ်ကတည်းကနေ အခုအချိန်အထိ တစ်ဖက်တစ်လမ်းက ကြိုးစားနေတဲ့ City Mart Holding Limited မှ လက်ထောက်ဈေးကွက်မန်နေဂျာ ဒေါ်နှင်းလဲ့ဝေက ဆိုပါတယ်။

ပြည်တွင်း SME လုပ်ငန်းအများစုဟာ ဆက်လက်ရှင်သန်နိုင်ရေးအတွက် လောလောဆယ်မှာတော့ ပြည်တွင်းဈေးကွက်ရရှိရေးအပေါ် မူတည်နေတာမို့ ကြိုးစားဆောင်ရွက်နေရလျက် ရှိပါတယ်။ ပြည်ပဈေးကွက်အတွက် ခြေလှမ်းချိန်မှာ ပြည်တွင်းဈေးကွက်ခိုင်မာဖို့ လိုအပ်တယ်လို့လည်း SME လုပ်ငန်းရှင်တွေက ပြောကြားနေပါတယ်။

ပြည်တွင်း SME တွေ တိုးတက်ဖွံ့ဖြိုးဖို့အတွက် စီးပွားရေးမူဝါဒရေးဆွဲသူတွေ၊ ပြည်တွင်းက စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေက အောင်မြင်မှုဆီကို ပို့ဆောင်ပေးနိုင်မယ်လို့ SME လုပ်ငန်းရှင်တွေက ပြောကြားနေပါတယ်။ ။

**ကမ္ဘာ့နိုင်ငံတွေအတော်များများမှာ နိုင်ငံရဲ့ စီးပွားရေးကို အဓိကအခန်းကဏ္ဍကနေပြီး မြှင့်တင်ပေးနေတာဟာ SME လို့ ခေါ်တဲ့ အသေးစားနဲ့ အလတ်စား စက်မှုလက်မှု လုပ်ငန်းတွေဖြစ်နေတာ တွေ့ရမှာဖြစ်သလို လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဲဒီလုပ်ငန်းတွေက ထိထိရောက်ရောက် အထောက်အကူပေးနိုင်တယ်လို့ ဆိုပါတယ်။**



# IT နည်းပညာကို ရည်ရွယ်ချက်ဆိုးဖြင့်သုံးစွဲမှုများ စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်လာ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **အရှုံးပေါ်၍ ရပ်ဆိုင်းထားသော ဓာတ်မြေသြဇာ စက်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ဓာတ်မြေသြဇာများကို ပြန်လည်ထုတ်လုပ်နိုင်ရန်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းကြီးကြပ်မှုအောက်တွင် ဓာတ်မြေသြဇာစက်ရုံ ငါးရုံ ရှိသည့်အနက် အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း) နှင့် အမှတ်(၃) ဓာတ်မြေသြဇာ (ကျော်စွာ) စက်ရုံများသည် ကာလကြာရှည်စွာ ကုန်ထုတ်လုပ်မှု ရပ်ဆိုင်းထားသည့်အတွက် အရှုံးဖြစ်ပေါ်လျက်ရှိပါကြောင်း။

အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)ကို ၁၉၆၈ ခုနှစ်တွင် ဂျာမနီနိုင်ငံ Pintsch Bamag Co.,Ltd နှင့် စတင်တည်ဆောက်ခဲ့ပြီး ကျောက်ခွက်၊ အရာတော်၊ သာကြီးတောင် ရေနံမြေတို့မှ ကုန်းတွင်းသဘာဝဓာတ်ငွေ့အား ကုန်ကြမ်းအဖြစ်ရယူ အသုံးပြုလည်ပတ်ခဲ့ကာ တစ်ရက် ဓာတ်မြေသြဇာ ၂၀၇ တန်ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး သက်တမ်းအားဖြင့် ၄၉ နှစ် ကြာမြင့်ခဲ့ပါကြောင်း၊ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)ကို ၁၉၈၂ ခုနှစ်တွင် ဂျာမနီနိုင်ငံ UHDE GmbH Co.,Ltd နှင့် စတင်တည်ဆောက်ခဲ့ကာ ပြည်ရေနံမြေမှ ကုန်းတွင်း သဘာဝဓာတ်ငွေ့အား ကုန်ကြမ်းအဖြစ် ရယူအသုံးပြုလည်ပတ်၍ တစ်ရက်လျှင် ဓာတ်မြေသြဇာတန် ၆၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး သက်တမ်းအားဖြင့် ၃၅ နှစ် ကြာမြင့်ခဲ့ပါကြောင်း။

ရေနံမြေများမှ ကုန်းတွင်းသဘာဝဓာတ်ငွေ့ထွက်ရှိမှု ပမာဏကျဆင်းလာသဖြင့် အမှတ်(၂) ဓာတ်မြေသြဇာ (ကျွန်းချောင်း)ကို ၂၀၀၉ ခုနှစ် မေ ၃၁ ရက်တွင် လည်းကောင်း၊ အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၇ ရက်တွင် လည်းကောင်း ကုန်ထုတ်လုပ်မှု ရပ်ဆိုင်း ထားခဲ့ပါကြောင်း၊ ယင်းစက်ရုံ နှစ်ရုံတို့သည် သက်တမ်း ကြာမြင့်ပြီးဖြစ်ခြင်း၊ ကုန်းတွင်းသဘာဝဓာတ်ငွေ့ထွက်ရှိမှု ကျဆင်းလာ ခြင်း၊ ဓာတ်မြေသြဇာထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းမရခြင်းတို့ကြောင့် စက်ရုံများကို ရပ်ဆိုင်းထားရခြင်းဖြစ်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဓာတ်မြေသြဇာများကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေခြင်း မရှိပါကြောင်းနှင့် ယင်းစက်ရုံ နှစ်ရုံကို စာရင်းရှင်းလင်းဖျက်သိမ်းရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၏ **ပြည်တွင်းရှိ ကမ်းရိုးတန်းနှင့် မြစ်ချောင်းများတွင် ပို့ဆောင်ရေးလုပ်နေကြသော ရေယာဉ်များ၏ အင်ဂျင်မြင်းကောင်ရေ အင်အားကို ၂၀ အထိသာလျှင် လိုင်စင်လျှော့ထားခွင့် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက စက်မြင်းကောင်ရေ ၂၀ ထက်ပိုသော ရေယာဉ်အမျိုးအစားများ တိုင်းတာစစ်ဆေး မှတ်ပုံတင်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများက တိုက်ရိုက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မြင်းကောင်ရေ ၂၀ ထက်ပိုသော ရေယာဉ်များကို တိုင်းတာစစ်ဆေးရာတွင် ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်မှု ရှိ၊ မရှိနှင့် ရေယာဉ်ဝန်ထမ်းများ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီမှု ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ရသည့်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးရေးအရာရှိသင်တန်း တက်ရောက်အောင်မြင်ပြီးသော တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများရှိ စစ်ဆေးရေးအရာရှိများမှ ပုံစံအမျိုးအစားကွဲပြားသော ရေယာဉ်များအလိုက် အတိုင်းအတာများကို သင်တန်းမှ ပညာနှင့် အတွေ့အကြုံများကို အခြေခံပြီး ကိုယ်တိုင်ကိုယ်ကျတိုင်းတာ၍ တင်ဆောင်နိုင်သည့် တန်ချိန်များ တွက်ချက်ပေးရပါကြောင်း။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော တိုင်းတာရေးအရာရှိများနှင့် စစ်ဆေးရေးအရာရှိများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တိုင်းတာစစ်ဆေးဆောင်ရွက်ပြီးမှ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူများ မရှိသေးပါကြောင်း၊ ယခုခေတ်တွင် အင်ဂျင်ထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာများ မြင့်မားလာမှု ကြောင့် အင်ဂျင်အရွယ်အစားသေးငယ်သော်လည်း မြင်းကောင် ရေအားတိုးလာပြီး စွမ်းဆောင်ရည်မြင့်လာသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် ရေယာဉ်များတွင် စက်စွမ်းအားမြင့်မားလာသည်နှင့်အမျှ ရေယာဉ်၏ ကြံ့ခိုင်မှု၊ မီးဘေးလုံခြုံမှု၊ အသက်ကယ်ပစ္စည်းများ ပြည့်စုံလုံလောက်စွာပါရှိမှုစသည့် လုံခြုံမှုပိုင်းဆိုင်ရာများတွင် ဂရုစိုက်ပြီး စနစ်တကျ စစ်ဆေးပေးရန် ပို၍လိုအပ်လာပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စက်မြင်းကောင်ရေအား ၂၀ အထက်ရှိ ရေယာဉ်များကို စစ်ဆေးမှတ်ပုံတင်ရန် လုပ်ပိုင်ခွင့် တိုးမြှင့်သတ်မှတ်ပေးရန် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်နှင့် မယ်စဲ့ မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်းတို့က ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း၊ နယ်စပ်ကုန်သွယ်ရေးမြို့များဖြစ်သော မူဆယ်နှင့် မြဝတီမြို့များ၌ လေယာဉ်ကွင်း ဆောက်လုပ်ပေးရန်၊ ပြင်ဦးလွင်အနီးစခန်း လေဆိပ်၌ လေယာဉ်ခရီးစဉ်ပြုလုပ်ပေးရန်၊ မယ်စဲ့မြို့နယ်၌ MPT တာဝါတိုင် ထပ်မံတိုးချဲ့တပ်ဆင်ပေးရန် မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က **လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရရှိသော အချက်အလက်များအရ နိုင်ငံတစ်ဝန်းတွင် မိုဘိုင်းဖုန်းအသုံးပြုသူများတွင် Internet အသုံးပြုသူ ရာနှုန်းပြည့်နီးပါး လူမှုကွန်ရက်၊ Social Network များဖြစ်သည့် Facebook၊ Instagram ၊ Twitter များထဲတွင် Facebook ကို အထူးအသုံးပြုကြပါကြောင်း၊ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် လောင်းကစားမှု၊ တရားမဝင်ရောင်းဝယ်မှု၊ တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖြန့်ချိမှု၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခဖြစ်စေသည့် သတင်းမှားများ လုပ်ကြံဖန်တီးမှုတို့ကြောင့် ရာဇဝတ်မှုခင်းများထဲတွင် သက်ငယ်မုဒိမ်းမှုများ၊ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများနှင့် လူမျိုးရေး၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုများ မြင့်တက်နေသည်ကို စိုးရိမ်ဖွယ်ရာ တွေ့ရှိရပါကြောင်း၊ လူငယ်၊ လူရွယ်များ စိတ်ဓာတ်ပျက်ပြားပြီး အကျင့်စာရိတ္တများ ပိုမိုပျက်စီးလာခြင်းသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာစေပါကြောင်း၊ နိုင်ငံတော်အစိုးရမှ IT နည်းပညာကို အသုံးပြုရာတွင် ရည်ရွယ်ချက်ဆိုးဖြင့် သုံးစွဲမှုများကို စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်လာပြီဟု ယူဆမိပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်နှင့် ပြည်သူတို့၏ သတင်းသိပိုင်ခွင့်များကို မထိခိုက်စေဘဲ စနစ်တကျရှိသည့် နည်းလမ်းများ ရှာဖွေပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရမှ IT နည်းပညာ အလွဲသုံးစွဲမှုများကို စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်ပေးပါရန် ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **စာရင်းအင်း ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီဝင် ဦးနေမျိုးထွန်းက ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်ချက် အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။ **အေးအေးသန့်(သတင်းစဉ်)**




**ရေယာဉ်များတွင် စက်စွမ်းအားမြင့်မားလာသည်နှင့်အမျှ ရေယာဉ်၏ ကြံ့ခိုင်မှု၊ မီးဘေးလုံခြုံမှု၊ အသက်ကယ်ပစ္စည်းများ ပြည့်စုံလုံလောက်စွာ ပါရှိမှုစသည့် လုံခြုံမှုပိုင်းဆိုင်ရာများတွင် ဂရုစိုက်ပြီး စနစ်တကျစစ်ဆေးပေးရန် ပို၍ လိုအပ်လာပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ စက်မြင်းကောင်ရေအား ၂၀ အထက်ရှိ ရေယာဉ်များကို စစ်ဆေးမှတ်ပုံတင် ရန် လုပ်ပိုင်ခွင့် တိုးမြှင့်သတ်မှတ်ပေးရန် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား**

# NCA မှာ ပါဝင်တဲ့ အခန်းအလိုက်ခေါင်းစဉ်တွေမှာ ဖြည့်တင်းစရာ၊ ဆက်လက်ဆောင်ရွက်စရာတွေကို ဆွေးနွေးညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးမှ ရရှိလာသည့် ရလဒ်များအား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် ပြန်လည်၍ ဆွေးနွေးဆုံးဖြတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲက အစည်းအဝေးတွင် ပြောကြားသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲတို့က အမှာစကားပြောကြားသည်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက "NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေး အစည်းအဝေးဟာ လိုလိုလားလားနဲ့ ဆောင်ရွက်တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ NCA နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ ဘယ်လောက်ပြီးစီးသလဲ၊ ဘယ်လောက်ဆောင်ရွက်နိုင်ခဲ့သလဲ၊ ဘာတွေရှေ့ဆက်ဖို့ လိုသလဲဆိုတာ ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ NCA မှာ ဆောင်ရွက်ရမယ့် လုပ်ငန်းတော်တော်များများကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ပြန်လည်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေအပေါ်မှာ အားသာချက်တွေ အားနည်းချက်တွေ၊ NCA မှာ ပါဝင်တဲ့ အခန်းအလိုက်ခေါင်းစဉ်တွေမှာ လိုအပ်နေတာတွေ ဖြည့်တင်းစရာရှိတာတွေ၊ ဆက်လက်ဆောင်ရွက်စရာရှိတာတွေကို ဒီကနေ ဆွေးနွေးညှိနှိုင်းကြဖို့ပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၀ သို့*

# ရခိုင်ပြည်နယ်ရှိ လိုအပ်သော မြို့နယ်များ၌ ဘက်စုံသုံး Cyclone Shelter စုစုပေါင်း ၃၂ လုံးကို ၂၀၁၈ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(**ယာပုံ**)



အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါ်ထုမေ၏ **ခေတ်အဆက်ဆက် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သော ရခိုင်ပြည်နယ်ရှိ လိုအပ်သော မြို့နယ်များတွင် ဘက်စုံအသုံးပြုနိုင်သော (Multi – Purpose) Cyclone Resistant Shelters များ လာမည့်ဘဏ္ဍာနှစ်အတွင်း လုံလောက်စွာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်သည် ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသည့်အတွက် မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်ကြုံတွေ့နေရသည့် ဒေသဖြစ်ရာ မုန်တိုင်းဒဏ်ခံခိုလှုံရာ အဆောက်အအုံများကို လိုအပ်ချက်အပေါ်မူတည်၍ ဆောက်လုပ်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သော မြို့နယ်များတွင် ဘက်စုံသုံး Cyclone Shelter များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၁၃ - ၂၀၁၄ မှ ၂၀၁၆ - ၂၀၁၇ ခုနှစ်အထိ စုစုပေါင်း ၁၂ လုံး တည်ဆောက်ခဲ့ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Cyclone Shelter ၁၀ လုံး တည်ဆောက်ခဲ့ပါကြောင်း၊ လာမည့် ၂၀၁၈ခုနှစ်အတွင်း ဘက်စုံသုံး Cyclone Shelter ၃၂ လုံး ထပ်မံတည်ဆောက်ပေးမည်ဖြစ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၈ လုံးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းငွေဖြင့် လေးလုံး တည်ဆောက်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ လိုအပ်သော မြို့နယ်များ၌ ဘက်စုံသုံး Cyclone Shelter စုစုပေါင်း ၃၂ လုံးကို လာမည့် ၂၀၁၈ ခုနှစ်အတွင်း အပြီးတည်ဆောက်မည့်အပြင် လိုအပ်သည့် နေရာများကို ကွင်းဆင်းကြည့်ရှုပြီး ဒေသခံများ၏ ဆန္ဒအရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရလည်းကောင်း လုံလောက်စွာအသုံးပြုနိုင်ရန် ထပ်မံဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈) မှ ဦးကိုကိုနိုင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆) မှ ဦးမင်းဦးနှင့် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန်၊ မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစွာစိစစ်ကြပ်မတ် စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သော မြို့နယ်များတွင် ဘက်စုံသုံး Cyclone Shelter များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၁၃ - ၂၀၁၄ မှ ၂၀၁၆ - ၂၀၁၇ ခုနှစ်အထိ စုစုပေါင်း ၁၂ လုံး တည်ဆောက်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Cyclone Shelter ၁၀ လုံး တည်ဆောက်ခဲ့ပါကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ်အတွင်း ဘက်စုံသုံး Cyclone Shelter ၃၂ လုံး ထပ်မံတည်ဆောက်ပေးမည်ဖြစ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၈ လုံးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းငွေဖြင့် လေးလုံး တည်ဆောက်မည်**

တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးသက်နိုင်စိုးက ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရဧရိယာ သတ်မှတ်ရာတွင် ယခင်က သတ်မှတ်ခဲ့သည့်ကာလ (ဇွန်၊ ဇူလိုင်၊ ဩဂုတ်) အတိုင်း သတ်မှတ်ရန်၊ ငါးဖမ်းကွက်ကျော်လွန်ဖမ်းဆီးခြင်း၊ ခွင့်ပြုစီးရေထက် ကျော်လွန်ဖမ်းဆီးခြင်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်၊ သတ်မှတ်ပိုက်ကွက်၊ သတ်မှတ်ငါးဖမ်းနည်းစနစ်အတိုင်း ဖမ်းဆီးနိုင်ရေးနှင့် တားမြစ်ငါးဖမ်းကိရိယာများဖြစ်သော Baby Trawl (ငါးနီတူပိုက်) အသုံးပြုဖမ်းဆီးခြင်းကို ခွင့်မပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်။

တရားမဝင် ငါးဖမ်းနည်းစနစ်များဖြစ်သည့် အဆိပ်ချငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်၊ သတ်မှတ်ငါးဖမ်းကိရိယာအသုံးပြု ဖမ်းဆီးစေရေး၊ ကမ်းဝေးရေယာဉ်များ ကမ်းနီးတွင် ဝင်ရောက်ဖမ်းဆီးမှု မရှိစေရေးတို့ကို သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးအရေးယူသွားရန်၊ ငါးဖမ်းရေယာဉ်အမည်နှင့် လိုင်စင်အမှတ်များကို ဖုံးအုပ်ငါးဖမ်းဆီးသည့် လှေများ၊ တရားမဝင်ငါးဖမ်းလှေများနှင့် စည်းကမ်းပျက်လှေများ စိစစ်ကြီးကြပ်နိုင်ရေးအတွက် ဖော်ထုတ်အရေးယူဆောင်ရွက်ရန်၊ ရေချိုငါးသယံဇာတတိုးပွားနိုင်ရေးအတွက် ရေငန်ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်းနှင့် မျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် သက်ဆိုင်ရာဌာနများကို အကြံပြုတိုက်တွန်းအပ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတောင်ဘက် မြန်မာ့ရေပြင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တရားမဝင်လှေ ၃၆ စင်း ဖမ်းမိရာ တစ်ဖက်နိုင်ငံသားပိုင် လှေ ၁၂ စင်းနှင့် ၂၀၁၇-၂၀၁၈ခုနှစ်တွင် ငါးခိုးဖမ်းလှေ ၁၁ စင်းတွင် တစ်ဖက်နိုင်ငံသားပိုင်လှေ ခြောက်စင်း ဖမ်းမိခဲ့ပါကြောင်း၊ တရားမဝင် ငါးဖမ်းခြင်း၊ သတင်းပို့ရန် ပျက်ကွက်ခြင်း၊ ပုံမှန်မဟုတ်သော စည်းကမ်းမဲ့ ဝင်ရောက်ငါးဖမ်းခြင်း၊ IUU ကိစ္စရပ်များကာကွယ်ရန် ငါးဖမ်းလှေများတွင် Vessel Monitoring System များ တပ်ဆင်သင့်ပါကြောင်း၊ ထိုသို့ တပ်ဆင်ခြင်းဖြင့် ငါးဖမ်းရေယာဉ်၏ တည်နေရာ၊ ရေယာဉ်လမ်းကြောင်းများ ပုံမှန်သတင်းအတိအကျ သိရှိနိုင်ခြင်း၊ ငါးမျိုးစိတ်နှင့် ငါးဖမ်းကွက်များကို တွက်ချက်ပေးနိုင်ခြင်း၊ VMS တပ်ဆင်ထားခြင်းမရှိသည့် တရားမဝင် ငါးဖမ်းရေယာဉ်များ၊ ငါးခိုးကယ်ရီလှေများကို ထောက်လှမ်းနိုင်ခြင်းနှင့် ငါးဖမ်း ရေယာဉ်များ ဆိပ်ကမ်းသို့ ဝင်ရောက်စစ်ဆေးခံခြင်း ရှိ၊ မရှိကိုလည်း သိရှိနိုင်ပါကြောင်း။

ထိုကဲ့သို့ သိရှိမှသာ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို ငါးတင်၊ ငါးချဆိပ်ကမ်းပေါ်တင်၍ စစ်ဆေးခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသော Catch Certificate စာရွက်စာတမ်းများ ထုတ်ပေးနိုင်ပြီး ပြည်ပတင်ပို့ခွင့်လိုင်စင်ရယူထားသော ငါးဖမ်းရေယာဉ်များ FOB, CIF ကဲ့သို့သော ငါးသယ်ယာဉ်များ ပြည်ပသို့ တရားဝင်သယ်ယူပို့ဆောင်နိုင်၍ နိုင်ငံ့အခွန်အခ တိုးတက်ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျော်သောင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၃၀နှင့် ကြားနေမဲ ငါးမဲဖြင့် ထောက်ခံမဲများသဖြင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူမှုအခြေပြုဗဟိုဌာနတွင် ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) ၌ “**လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်**” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ကို အောက်တိုဘာ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေ ချုပ် ဦးဒီဆင်ရမ်၊ တနိုင်းမဲဆန္ဒနယ်အမှတ် (၂) ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးကြွယ်၊ ကချင်ပြည်နယ် ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လွင်မောင်သိန်း၊ ကချင်ပြည်နယ် မူးယစ်ဆေးစွဲရောဂါကုသရေးဆေးရုံမှ အထူးကုဆရာဝန်ကြီး(စိတ်ကျန်းမာရေး) ဒေါက်တာထွယ်လု၊ စာပေပညာရှင် စာရေးဆရာမ ပုညခင်နှင့် မြစ်ကြီးနားမြို့မှ လူငယ်ကိုယ်စားလှယ် ဦးအောင်ငွေစိုးတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## Public Safety Seminar ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ Fortune International Ltd. ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenzhen မြို့အခြေစိုက် Hytera Communications Corporation.Ltd. တို့ ပူးပေါင်း၍ Hytera ကုမ္ပဏီထုတ် Digital Two Way Radio System များဖြစ်သော Digital Mobile Radio Integrated Command and Control Centre၊ Emergency call taking and handling System Solution များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြား Two Way Radio(Walkie Talkie) အသုံးပြုသည့် အစိုးရဌာနများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြား၍ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ နိဝင်ဘာလ ဒုတိယပတ်က Public Safety Seminar ကို ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် အောင်ဝင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Fortune International Ltd. က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် တပ်ဆင်အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၄၅၀၀၀၀ တန်ဖိုးရှိ Integrated Command and Control Centre တစ်ခုကို Fortune International Ltd. ဥက္ကဋ္ဌ ဦးမြဟန်က လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က လက်ခံ ရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်ကိုင်းတိုင်းဒေသကြီးအခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးပြိုင်ပွဲမုံရွာမြို့၌ကျင်းပမည်

**မုံရွာ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ၁၅ ကီလိုမီတာ စက်ဘီးပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီခွဲတွင် မုံရွာမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းစက်ဘီးစီးပြိုင်ပွဲကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းများအရှိန်မြှင့်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် (UEHRD) စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ(**ယာပုံ**)ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ဖြစ်စဉ်တစ်ခုတည်းကိုသာကြည့်သည့်အတွက် နိုင်ငံတကာအသိုက်အဝန်း၏ အထင်လွဲမှားမှုများရှိခဲ့ရကြောင်း၊ ဖြစ်စဉ်၏ အခြေခံအကြောင်းရင်းကို သိမှသာလျှင် အမှန်ကိုသိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရာတွင် ပြည်သူအတွက် အကျိုးရှိထိရောက်ပြီး ဖြေရှင်းဆောင်ရွက်ရမည့် အချက်များကို နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ရမည့်အခက်အခဲများရှိသော်လည်း အကောင်းဆုံးနည်းလမ်းများဖြင့် ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကော်မတီဝင်များမှစ၍ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများအထိ အခြေအနေမှန်ကိုသိရှိရန်လိုအပ်ပြီး ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေကို ဖြေရှင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်သည့်နည်းလမ်းများဖြင့် ဖော်ဆောင်နိုင်ရန် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine (UEHRD) စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ UEHRD နှင့် မိမိတို့ကော်မတီ၏ လုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

တစ်နိုင်ငံလုံးရှိ ပြည်သူများ၏အင်အားကို ရယူဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအင်အားကို ပြသနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ တတ်သိပညာရှင်များ၊ ဖောင်ဒေးရှင်းများနှင့် လူငယ်အင်အားစုများလည်း ပါဝင်လာကြပြီဖြစ်ကြောင်း၊ "ပြည်သူ့အတွက် လူငယ့်ရက်နှစ်ဆယ်"စီမံကိန်းကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးများနှင့် ဤပဋိပက္ခမျိုးထပ်မံမဖြစ်ပွားရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ယခုဖြစ်စဉ်အပေါ် ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတကာကအာရုံစိုက် စောင့်ကြည့်နေသဖြင့် မီဒီယာကဏ္ဍကလည်း အလွန်ပင်အရေးကြီးပါကြောင်း၊UEHRD နှင့် မိမိတို့ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ရန်လိုအပ်ပြီး အခြေအနေမှန်ကိုသိရှိကြမှသာ ဖြေရှင်းဆောင်ရွက်နိုင်မည့် အနေအထားဖြစ်ပြီး ပူးပေါင်းဆောင်ရွက်လာကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လတ်တလော၊ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌဖြစ်သူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖြစ်စဉ်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်ပြီး စီမံချက်ကို အကောင်းဆုံးရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်မည့်သူနှင့် အကောင်အထည်ဖော်သည့်ရလဒ်များကို လက်ခံမည့်သူဟူ၍ နှစ်မျိုးရှိပါကြောင်း၊ အကောင်အထည်ဖော်ပေးမည့်သူများက မျှမျှတတဆောင်ရွက်ပေးရန်လိုအပ်ပြီး လက်ခံမည့်သူကလည်း နားလည်ယုံကြည်လက်ခံရန် လိုအပ်ပါကြောင်း။

မိမိတို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မည်မျှအထိ ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကလည်း အရေးကြီးပါကြောင်း၊ ရေရှည်တွင် နှစ်ဖက်အသိုင်းအဝိုင်းအကြား သဟဇာတဖြစ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ချိတ်ဆက်ဆောင်ရွက်ရမည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရင်း အသိုင်းအဝိုင်းနှစ်ခု မျက်နှာချင်းဆိုင်လက်တွဲနိုင်ရေးဆောင်ရွက်နိုင်မည်ဟု ထင်မြင်ယူဆပါကြောင်း၊ စိန်ခေါ်မှုအခက်အခဲများရှိနိုင်မည်ဖြစ်သော်လည်း သတ္တိရှိရှိဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီးတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# UEHRD ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြည်သူများအတွက် ကျေးရွာများနှင့် အိုးအိမ်များ စနစ်တကျပြန်လည်ဖွဲ့စည်းတည်ဆောက်ပေးနိုင်ရေးအတွက် UN-HABITAT အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

UEHRD ၏ အဓိကရည်ရွယ်ချက်များဖြစ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အချိန်ကာလအလိုက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ UEHRD ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ် UN-HABITAT မှ Senior Human Settlements Officer ဖြစ်သူMr.Bruno Derconဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ကျေးရွာအိုးအိမ်များ ဖွဲ့စည်းတည်ဆောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(အပေါ်ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသောUEHRD၏ လုပ်ငန်းစဉ်များ လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်များကြောင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်နေရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အဆိုပါပြည်သူများအတွက် အိုးအိမ်များ တည်ဆောက်နေရာချထားခြင်းကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားကျေးရွာများကိုစုစည်း၍ ပြန်လည်တည်ဆောက်ပေးခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း၊ မီးလောင်ပျက်စီးသွားသော တိုင်းရင်းသားနှင့် မွတ်စလင်များ၏ ကျေးရွာများကို ပြန်လည်တည်ဆောက်ရာတွင် ကျေးရွာအင်္ဂါရပ်နှင့် ညီညွတ်သော ဖွဲ့စည်းတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ဖွဲ့စည်းတည်ဆောက်မှုမျိုးဖြစ်စေရန် ယခုကဲ့သို့UN-HABITAT အဖွဲ့အစည်းကို ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများကလည်း မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

UN-HABITATသည် မြို့ရွာစီမံကိန်းများ ရေးဆွဲမှုကို အထောက်အကူပြု ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ကျေးရွာများ ဖွဲ့စည်းနေရာချထားမှုကိုလည်း နည်းပညာပံ့ပိုးမှုဖြင့် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ မြန်မာ့ရေမြေသဘာဝ၊ လူမှုရေးအခြေအနေ၊ အုပ်ချုပ်မှုစနစ်တို့နှင့် ကိုက်ညီမည့်စီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ကျေးရွာများနှင့် အိုးအိမ်များ စနစ်တကျပြန်လည်ဖွဲ့စည်းတည်ဆောက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည်UN-HABITATအဖွဲ့မှတာဝန်ရှိသူများနှင့် နိုဝင်ဘာ ၈ ရက်တွင် ထပ်မံတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# UEHRD ၏ စီမံကိန်းများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်အကောင်အထည်ဖော်မှုများတွင် ပူးပေါင်းပါဝင်ရေး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံသံအမတ်ကြီးတို့က လာရောက်တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel၊ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansen နှင့် ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr.Andrew Patrick တို့က ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသည့် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် တိုးတက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ပြည်သူများ၏ အင်အားကို ဖိတ်ခေါ်တည်ထောင်ထားသည့် UEHRD ၏ လုပ်ငန်းတာဝန်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီများနှင့် ၎င်းတို့၏ ဆက်စပ်ပတ်သက်နေသော လုပ်ငန်းများ၊ အရှိန်မြှင့်ဆောင်ရွက်နေသော လူသားချင်းစာနာကူညီမှုဆိုင်ရာ အထောက်အပံ့ပေးရေး ကိစ္စရပ်များ၊ UEHRD၏ အဓိကရည်ရွယ်ချက်များဖြစ်သော လူသားချင်းစာနာကူညီထောက်ပံ့မည့် အစီအစဉ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လုပ်ငန်းတာဝန် အသီးသီးအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဦးစားပေးလုပ်ငန်းနှင့် နေရာဒေသများ ရွေးချယ်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများစတင်နေမှုများ၊ Diversity Management Forum ကျင်းပ၍ မတူခြားနားမှုများအား နားလည်လက်ခံလာစေရေး ချဉ်းကပ်နည်းလမ်းများ ရှာဖွေဖော်ထုတ်မည့် ကိစ္စရပ်များ၊ ဒေါက်တာ ကိုဖီအာနန် ကော်မရှင် အကြံပြုချက် အကောင်အထည်ဖော်မှုများ၊ ရခိုင်ပြည်နယ်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပညာသင်ဆုများ ထောက်ပံ့နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်သတင်းများ

## ရသေ့တောင်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ရသေ့တောင် အောက်တိုဘာ ၂၅**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နယ်လှည့် ရွေ့လျားဆေးကုသအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ် အနောက်ပြင်ကျေးရွာနှင့် ရွှေလောင်းတင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာများပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးအေးသောင်းထွန်း ဦးဆောင် ပြီး သူနာပြုဆရာ၊ ဆရာမများအဖွဲ့သည် အနောက်ပြင်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသား ၁၅၀ နှင့် ရွှေလောင်းတင် ကျေးရွာမှ ကျေးရွာသူ ကျေးရွာသား ၆၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အနောက်ပြင်ကျေးရွာနှင့် ရွှေလောင်း တင်ကျေးရွာများတွင် ရာသီတုပ်ကွေး ရောဂါ၊ ချောင်းဆိုး၊ နှာစေး၊ အရေပြား ရောဂါနှင့် ဝမ်းလျှော ဝမ်းပျက်ရောဂါများကို အများဆုံး ကုသပေးခဲ့ရကြောင်း၊ ကူးစပ်ရောဂါဖြစ်ပွားမှုများ မရှိကြောင်း လက်ထောက်ကျန်းမာရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ အောက်တိုဘာ ၂၅**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာပြီး စစ်တွေမြို့ ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်း၌ ခေတ္တခိုလှုံနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များအား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ရာသီတုပ်ကွေးရောဂါ၊ ချောင်းဆိုး၊ နှာစေး၊ အရေပြားရောဂါ၊ ထိခိုက်ဒဏ်ရာရလူနာများနှင့် ဝမ်းလျှော ဝမ်းပျက်ရောဂါများကိုအများဆုံး ကုသပေးခဲ့ရကြောင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုများမရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ထိန်လင်းအောင်၏ ပြောကြားချက်အရသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ထိန်လင်းအောင်နှင့် သူနာပြုဆရာ ဆရာမ သုံးဦးတို့က ခေတ္တနေရပ်စွန့်ခွာခိုလှုံနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင် ၅၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုစီမံကိန်း နှစ်ဆင့် ချေးငွေထုတ်ချေးရေးသင်တန်း စစ်တွေမြို့၌ ဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၂၅**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်ဘဏ်ခွဲ၏ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးမှုစီမံကိန်း နှစ်ဆင့်ချေးငွေထုတ်ချေးရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေမြို့နယ်ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်မန်နေဂျာက ယခု ချေးငွေသည် နှစ်ရှည်ချေးငွေဖြစ်သည့်အတွက် ချေးငွေထုတ်ချေးခြင်း၊ ကောက်ခံခြင်းနှင့် ပတ်သက်ပြီး သင်တန်းနည်းပြများ၏ သင်ကြားမှုများကို စိတ်ဝင်စားစွာ သင်ယူမှတ်သား၍ လက်တွေ့နယ်ပယ်တွင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ချေးငွေဌာနမှ လက်ထောက်မန်နေဂျာ က JICA ချေးငွေနှင့် တောင်သူများကို ချေးငွေထုတ်ချေးရခြင်းနှင့် ချေးငွေအပေါ် အတိုးနှုန်းကောက်ခံသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းစတင်ပို့ချသည်။

ယခုသင်တန်းကို တောင်သူများ၏ လယ်ယာလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ချေးငွေထုတ်ချေးနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတော်အစိုးရကို ထုတ်ချေးသည့် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူများကို ထုတ်ချေးနိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ဘဏ်ခွဲများမှ မြို့နယ်မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊ အကြီးတန်းစာရေးများနှင့် ပြည်နယ်ဘဏ်ခွဲမှဝန်ထမ်းများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

*စာမျက်နှာ ၇ မှ*

"NCA အစိတ်အပိုင်းရဲ့ ရာနှုန်းပြည့်နီးပါးကို တိုင်းရင်းသားတွေဘက်ကပဲ အဆိုပြု ထားပြီးတော့ အဆိုပြုလာတဲ့အချက်တွေကို ယခင်အစိုးရလက်ထက်ကပဲ ဆွေးနွေး ညှိနှိုင်းကြပြီးတော့ Single-Text ရအောင် ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ NCA ကိုအဓိကထားပြီး အားနည်းချက်တွေရှိတယ်ဆိုလည်း လုပ်ငန်း လမ်းညွှန်နဲ့ လုပ်ထုံးလုပ်နည်းတွေအပေါ်မှာ တိုးချဲ့ပြီး ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးလိုပါ တယ်"ဟု ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NCA စာချုပ်အား အကောင်အထည်ဖော်လာသည်မှာ နှစ်နှစ်ကျော်လာခဲ့ပြီး NCA ကိုယခင်ကတည်းက ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်ကို ပေါင်းစပ်ပြီး စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုအပိုင်းတွင် ယခုကဲ့သို့ ဖြစ်စဉ် (Process) များနှင့် လုပ်ဆောင်ခဲ့ခြင်း မဟုတ်သောကြောင့် ဖြစ်ပေါ်လာသည့် ဖြစ်စဉ်များကို အရှိန်အဟုန်ဖြင့် ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ ဖြစ်စဉ်ကို ကြည့်ရှုထိန်းသိမ်းသည့် တည်ဆောက်မှုအပိုင်း (Structure) အတွက် JMC နှင့် UPDJC တွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ လက်ရှိသွားနေသည့်ဖြစ်စဉ်ကို အရှိန်အဟုန်ဖြင့် ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

"စေ့စပ်ညှိနှိုင်းဆွေးနွေးတဲ့ ဖြစ်စဉ်တစ်ခုကို အရှိန်အဟုန်မပြတ်အောင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရော၊ ကျွန်တော်တို့ အစိုးရဘက်ကရော ဒီအခြေအနေကို ညှိနှိုင်းပြီးတော့မှ ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဓိကက ကျွန်တော်တို့ NCA ရဲ့ မူဘောင်ထဲမှာ ဖော်ပြထားတာက ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်သွားရမယ် ဆိုတာပါ။ ဒီအရာဟာ ကျွန်တော်တို့အတွက် ရည်မှန်းချက်ပန်းတိုင်ပါ။ ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့အတွက် NCA ဆိုတဲ့ ဖြစ်စဉ်တစ်ခုကို ကျွန်တော်တို့ ညှိနှိုင်းနေကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေမှာ NCA Process အပိုင်းမှာ ဘယ်နေရာက ရပ်တန့်နေလဲ၊ ဘယ်နေရာမှာတော့ အရှိန်အဟုန်နဲ့ သွားနိုင်အောင် လုပ်ဖို့လိုသလဲ ဆိုတာကို နှစ်ဖက်ကျေကျေလည်လည်နဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညီအစ်ကိုရင်းစိတ်ဓာတ်နဲ့ ဆွေးနွေးကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်း ပါတယ်" ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် အခန်း (၁) အခြေခံမှုများ၊ အခန်း(၂) ဦးတည်ချက်နှင့်ရည်ရွယ်ချက်များ၊ အခန်း(၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း၊ အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ၊ အခန်း(၆) ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အခန်း(၇) အထွေထွေဟူ၍ အခန်း (၇) ခန်း ပါရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲက NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်သည် ကျွန်တော်တို့ တိုင်းပြည်အတွက် အလွန်အရေးကြီးသည်ကို မိမိတို့ NCA လက်မှတ်ထိုးထားသည့် ရှစ်ဖွဲ့လုံးက ခံယူထားကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် တံခါးပေါက်တစ်ခုဖြစ်သည်ကို နားလည်ထားပါကြောင်း၊ NCA သည် မပြည့်စုံသော်လည်း အားနည်းချက် အားသာချက်များကို ပြုပြင်ကြမည်ဆိုသည့် ဘုံသဘောထားများရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုပြုလုပ်သည့် NCA အကောင်အထည်ဖော်မှု အတူတကွ ပြန်လည်သုံးသပ်ခြင်းကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ချက်ချင်းသဘောတူ၍ ယခုအစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ လက်တွေ့ဆောင်ရွက်ခဲ့ရပါတယ်။ အဲ့ဒီမှာ အခက်အခဲတွေတွေ့ပါတယ်။ မလုပ်ရသေးတာလည်း ရှိပါတယ်။ အဲ့ဒီအခက်အခဲတွေ ဖြေရှင်းနိုင်မယ့် နည်းလမ်းကို ဒီနေရာမှာ ရှာနေတာဖြစ်ပါတယ်။ NCA စာချုပ်ထဲမှာပါတဲ့ အခန်း(၁)နဲ့ အခန်း(၂)က မူသဘော ဆောင်ရွက်ချက်ဖြစ်ပါတယ်။ အခန်း (၃)နဲ့ အခန်း(၄)မှာ ကျွန်တော်တို့ JMC လိုဟာမျိုး လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အခန်း(၅)လိုအရာမျိုး နိုင်ငံရေးနဲ့ဆိုင်တဲ့ လမ်းပြမြေပုံကိစ္စတွေ၊ UPDJC ကိစ္စတွေ ဖြစ်ပါတယ်။ အခန်း(၆)မှာက ကြားကာလ အစီအစဉ်ဖြစ်ပါတယ်။ ဒါဟာ တစ်ဦးနဲ့တစ်ဦး ကြားမှာလုပ်ရမယ့် ပညာရေးဆိုင်ရာ၊ ဒုက္ခသည်ဆိုင်ရာ၊ တပ်ပိုင်းဆိုင်ရာ စသည်ဖြင့် ကိစ္စတွေဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အခန်းလိုက် အခန်းလိုက် အတူတကွ ကျော်ဖြတ်သွားကြမယ်"ဟု ရဲဘော်သံခဲက ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ် ၁၁ ဦးနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စားလှယ် ၁၁ ဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးကို သုံးရက် ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေး အတူတကွ ကြိုးပမ်းတည်ဆောက်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် မူကြမ်းအဖြစ် ရရှိခဲ့သည်။ ၂၀၁၅ အောက်တိုဘာ ၁၅ ရက်တွင် NCA စာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နှစ်ကျော်အကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) ၊ DKBA (ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တပ်ဦး)၊ RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ) တို့ဖြစ်ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

## ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူများ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းအကြောင်း ဆွေးနွေး

**သထုံ အောက်တိုဘာ ၂၅**

ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်) မှ တာဝန်ရှိသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ လူထုဗဟိုပြုစီမံကိန်း ပထမနှစ် စီမံကိန်းစက်ဝန်းနှင့် ဒုတိယနှစ် စီမံကိန်းစက်ဝန်း၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်ပြီး အောက်တိုဘာ ၂၄ ရက်က သက်ဆိုင်ရာအဖွဲ့များနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ ထိုသို့ တွေ့ဆုံရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများတက်ရောက်ပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မွှေး**

# မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲ မန္တလေးမြို့၌(တတိယအကြိမ်)ပြုလုပ်

မန္တလေး အောက်တိုဘာ ၂၅



**မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် ၆၂လမ်း၊ ၄၀× ၄၁ လမ်းကြားရှိ မနော်ရမ္မဟစ်တိုင်ကွင်း၌ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်၍ မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံ ဆုတောင်းပွဲ (တတိယအကြိမ်) အခမ်းအနားကို အောက်တိုဘာ၂၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ပြုလုပ်ခဲ့သည်။** (ယာပုံ)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာ ယုယုမေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီး လျှပ်စစ်၊စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်း ဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့် ပါတီဝင်များ၊ ဘာသာပေါင်းစုံမှ ဆရာတော်များ၊ ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့်အတူ ဗုဒ္ဓဘာသာမှ သံဃာတော် အပါး ၇၀၊ မယ်သီလရှင် အပါး ၃၀၀ ခန့်၊ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့မှ ၅၀ ခန့်၊ ခရစ်ယာန်ဘာသာမှ ၅၀ ခန့်၊ အစ္စလာမ်ဘာသာဝင် ၁၀၀ ခန့်၊ ဗဟာအီဘာသာမှ ၇၀ ခန့်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမေ့ရင်ခွင် ပညာဒါနကျောင်း (ပြည်ကြီးတံခွန်)မှ ကျောင်းသားကျောင်းသူများ၊ ကံတက်ကုန်းမစိုးရိမ် (ဘက)ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မင်္ဂလာ မန္တလေးမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၄၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုတောင်းပွဲ အခမ်းအနားကို အစီအစဉ်ငါးရပ်ဖြင့် ကျင်းပခဲ့ရာ အစီအစဉ်အရ မန္တလေးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် အလုပ်အမှုဆောင် ဦးအောင်သိန်းဌေး(တရားလွှတ်တော်ရှေ့နေ)က ဘာသာငါးဘာသာကိုယ်စား ဆုတောင်းမေတ္တာ ပို့သခြင်းကို တိုင်တည်ပေးခဲ့ပြီး တက်ရောက်လာကြသူများက ဆုတောင်းမေတ္တာပို့သခဲ့သည်။

ထို့နောက် ဗုဒ္ဓဘာသာမှ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် တိပိဋက ရွေးချယ်ရေးအဖွဲ့သြဝါဒါစရိယ မစိုးရိမ်တိုက်ကြီး နာယကဆရာတော် ဘဒ္ဒန္တဥေယျာဘိဝံသ အာဂမနယူပဒေသကျောင်း မဟာအောင်မြေမြို့နယ်မှ ဆုတောင်းမေတ္တာပို့သခြင်း၊ ဟိန္ဒူဘာသာမှ သနန္တနဓမ္မပါလက သာသနာပြုဆရာကြီး ဦးရာမ်းလာလ်က ဆုတောင်းမေတ္တာပို့သခြင်း၊ ခရစ်ယာန်ဘာသာမှ မန္တလေးမြို့ ခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးကျော်ရွှေက ဆုတောင်းမေတ္တာပို့သခြင်း၊ အစ္စလာမ်ဘာသာမှ မန္တလေးတိုင်းဒေသကြီး မော်လဝီများအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာရဗီတက္ကသိုလ် ကျောင်းအုပ်ကြီး အလ်ယာဂ်ျမောင်လာနာကင်မ် (ခ)ဦးသန်းအောင် ဖုန်းအိုးရပ် အမရပူရမြို့နယ်မှ ဆုတောင်းမေတ္တာပို့သခြင်း၊ ဗဟာအီဘာသာမှ သာသနာပြုဆရာကြီး ဦးတင်ညိမ်းတို့က အစီအစဉ်အလိုက် အသီးသီးဆုတောင်းမေတ္တာများပို့သခဲ့ကြပြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဘာသာရေးခေါင်းဆောင်ငါးဦးတို့က သတ်မှတ်နေရာတွင် စုပေါင်းမီးထွန်းညှိခဲ့ကြရာ တက်ရောက်လာကြသူများက မိမိတို့ဘာသာတရားအလိုက် သုံးမိနစ်ခန့် ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သခြင်းများ ပြုလုပ်ခဲ့ကြပြီး ည ၇နာရီ မိနစ် ၂၀ တွင် ဘာသာပေါင်းစုံ ဆုတောင်းပွဲ (တတိယအကြိမ်)အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**သုံးခွ အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးရန် စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၂၅ ရက်က ထုတ်ချေးပေးခဲ့သည်။

စိုက်စရိတ်ချေးငွေထုတ်ပေးရာတွင် အောင်ပန်းစိန်၊ မဟာမိတ်၊ သမစိတ္တ၊ ကြံ့ကြိတ်၊ နံ့ယောကျေးရွာအုပ်စုများသို့ ချေးငွေ စုစုပေါင်း ငွေကျပ် ၂၁၆၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးကန်ပတ်လမ်း နတ်မောက်လမ်းသွယ်(၁) လမ်းထိပ်တွင် အောက်တိုဘာ ၂၅ ရက်က ယာဉ်မောင်းလူငယ်တစ်ဦး မောင်းနှင်လာသော Vitz 9F/--------ယာဉ်မှာ ကန်ပတ်လမ်းပေါ်၌ အရှိန်လွန်ကာ တိမ်းမှောက်ပြီး ပက်လက်လန်နေစဉ်** (အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် ကန်ပတ်လမ်းတစ်လျှောက်တွင် နာရီဝက်ခန့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပြီး ယာဉ်မောင်းအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူကာ သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်းနှင့်အညီ စစ်ဆေးအရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။)

**ဓာတ်ပုံ- မိုးမခ**

## လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရန်ကုန်၌ လက်နက်များသိမ်းဆည်းရမိဟု မမှန်မကန်ဖော်ပြသူများအား အမှုဖွင့်အရေးယူထား

ရန်ကုန် အောက်တိုဘာ ၂၅

**ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက်စာမျက်နှာများပေါ်တွင် အောက်တိုဘာ ၂၃ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရှောင်တခင်ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ပြီး လက်နက်ပေါင်းစုံအား ရှာဖွေသိမ်းဆည်းရမိကြောင်း၊ သီတဂူဆရာတော်များကို ဖမ်းဆီးထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က မည်သည့်အကြောင်းကြောင့် လက်နက်ခဲယမ်းများ စုဆောင်းရသည်ဆိုသည်ကို ဖော်ထုတ်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မသင်္ကာစရာဘုန်းတော်ကြီးကျောင်းများကို သတင်းပေးကြရန် နှိုးဆော်တိုက်တွန်းသင့်ကြောင်း စသည်ဖြင့် လူမှုကွန်ရက် သတင်းစာမျက်နှာနှင့် လူပုဂ္ဂိုလ်စာမျက်နှာတချို့တွင် စတင်ဖော်ပြထားခဲ့သည်။**

ယင်းသို့ဖော်ပြထားသည်မှာ မဟုတ်မမှန်သည့်သတင်းအမှားဖြစ်ကြောင်း၊ သီတဂူဆရာတော်၏ သာသနာပြုလုပ်ငန်းများကို ပုတ်ခတ်စော်ကားရုံမျှမက သီတဂူတက္ကသိုလ်အား အသရေပျက်စေရန်ဆောင်ရွက်သူများအပေါ် စုံစမ်းဖော်ထုတ် အရေးယူပေးရန်အတွက် သီတဂူသာသနာပြုအဖွဲ့က တိုင်တန်းသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရှိရသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ သီတဂူသာသနာပြုအဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ "အောက်တိုဘာ ၂၃ ရက်မှာ စတင်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ရန်ကုန်မှာ လက်နက်မိတယ်ဆိုပြီး မဟုတ်မမှန်တဲ့ သတင်းတွေတင်ထားတာ တွေ့ရတယ်။ ဖြန့်တဲ့သူတွေကလည်း ဆက်ပြီးဖြန့်နေတာကိုလည်း တွေ့ရတယ်။ မရိုးသားတဲ့သတင်းတွေကို ပြည်သူတွေ သတိပြုကြဖို့ လိုပါတယ်။ အခုလို မဟုတ်မမှန် ပြောဆိုထားတဲ့အတွက် တရားဥပဒေအတိုင်း အရေးယူနိုင်ဖို့ အမှုဖွင့်တိုင်ကြားခဲ့တာပါ။ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ရန်ကုန်ဟာ ရဟန်းသံဃာတော်တွေ၊ သာသနာ့နွယ်ဝင် သီလရှင်တွေနဲ့ လူပုဂ္ဂိုလ်တွေကို မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေ သင်ကြားပေးနေတဲ့ တက္ကသိုလ်တစ်ခုဖြစ်ပါတယ်" ဟု သီတဂူသာသနာပြုအဖွဲ့မှ အတွင်းရေးမှူးတစ်ဦးဖြစ်သူ ဦးကျော်မိုးနိုင်က ပြောကြားသည်။

ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း အောက်တိုဘာ ၂၄ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ သီတဂူဗုဒ္ဓတက္ကသိုလ်တွင် လက်နက်ခဲယမ်းများတွေ့ရှိခဲ့သည်ဟူသောသတင်းမှားများကို လူမှုကွန်ရက် အင်တာနက်ဖေ့စ်ဘွတ် စာမျက်နှာများပေါ်တွင် အကောင့်နာမည်တစ်ခုဖြင့် စတင်ဖော်ပြခဲ့ပြီး ယင်းသတင်းကို Myanmar News ဆိုသည့် သတင်းစာမျက်နှာတစ်ခုမှ ထပ်မံဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ သတင်းအမှားများ ရေးသားဖော်ပြခဲ့သည့်အကောင့်သည် လူမှုကွန်ရက်ပေါ်တွင် အကောင့်သုံးခုဖြင့် အမုန်းတရားများဖြစ်စေသော အကြောင်းအရာများ၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ်ရေးသား ထုတ်လွှင့်ဖော်ပြနေသူ ဖြစ်သောကြောင့် သီတဂူဗုဒ္ဓတက္ကသိုလ်တွင် လက်နက်ခဲယမ်းများ တွေ့ရှိသည်ဟူသောသတင်းမှာ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ရေးသားဖော်ပြသည့် သတင်းအမှားဖြစ်ကြောင်း ရှင်းလင်းဖော်ပြအပ်သည်ဟူ၍ ထုတ်ပြန်ထားခဲ့သည်။

**(သတင်းစဉ်)**

## ဘုရင့်နောင်ပွဲရုံဝင်းဘဏ်အချို့မှ ထုတ်ယူလာသော ကုမ္ပဏီပိုင်ငွေများကို ကုမ္ပဏီယာဉ်မောင်းက ယာဉ်နှင့်အတူ ယူဆောင်ထွက်ပြေး

**ရန်ကုန် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်က ယုဇနလမ်းအတွင်းရှိ KBZ ဘဏ် (၁)သို့ ငွေထုတ်ရန် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးနှစ်ဦးဖြစ်သူ မယွန်းဖြူနှင့် မဇင်မာလွင်တို့သည် အခြားဘဏ်များမှ ထုတ်ယူလာသောငွေများနှင့်အတူ ကုမ္ပဏီပိုင်ယာဉ်ဖြင့်ရောက်ရှိလာခဲ့သည်။ ငွေထုတ်ယူရန် ၎င်းအမျိုးသမီးနှစ်ဦးသည် ယာဉ်ရပ်ရန် နေရာလွတ်မရှိသဖြင့် ယာဉ်ပေါ်မှဆင်း၍ ဘဏ်အတွင်း ဝင်ရောက်ငွေထုတ်ပြီး ပြန်ထွက်အလာ ကုမ္ပဏီမှခန့်ထားသော ယာဉ်မောင်းဖြစ်သူ လှိုင်သာယာမြို့နယ် ၅ ရပ်ကွက် နဝရတ် ၄ လမ်းနေ ကျော်ဇင်ဦး ၃၀ နှစ်(ဘ)ဦးတင်ဦးနှင့်အတူ ယင်းကုမ္ပဏီပိုင် Wish အမျိုးအစားယာဉ်အား မတွေ့ရှိသဖြင့် ယာဉ်မောင်းဖြစ်သူ ကျော်ဇင်ဦး၏ လက်ကိုင်ဖုန်းကိုဆက်သွယ်ခေါ်ယူရာ စက်ပိတ်ထားကြောင်း ကုမ္ပဏီဝန်ထမ်း မယွန်းဖြူ၏ပြောကြားချက်အရ သိရသည်။

ယင်းယာဉ်ပေါ်တွင် ဘုရင့်နောင်ဝင်းအတွင်းရှိ ကုန်သည်များမှ စားအုန်းဆီဖိုးငွေအဖြစ် ပေးသွင်းထားသော ပုဂ္ဂလိကဘဏ် ငါးဘဏ်မှ ထုတ်ယူလာသည့် စုစုပေါင်း ငွေကျပ် ၁၄၁၄၇၆၈၀၀ ပါရှိလာသည်ဟု သိရသည်။

ကုမ္ပဏီပိုင်ငွေများအား မော်တော်ယာဉ်နှင့်အတူ မောင်းနှင်ထွက်ပြေးသွားသူ ကျော်ဇင်ဦးအား အရေးယူပေးပါရန် မရမ်းကုန်းမြို့နယ်နေ ကုမ္ပဏီဒါရိုက်တာဖြစ်သူ၏ တိုင်တန်းချက်အရ ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ယင်းဖြစ်စဉ်မှ ငွေနှင့်ကုမ္ပဏီပိုင်ယာဉ်တို့အား ခိုးယူသွားသူ ကျော်ဇင်ဦးကို ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေလျက်ရှိသည်။ ပြည်သူများအနေဖြင့် ဆက်သွယ်သတင်းပေးကူညီရန် ပြစ်မှုကျူးလွန်သူနှင့်ယာဉ်တို့၏ဓာတ်ပုံများ သတင်းပေးဆက်သွယ်ရန် ဖုန်းနံပါတ်များကို သက်ဆိုင်ရာက လူမှုကွန်ရက်ပေါ်တွင် အသိပေးဖော်ပြထားသည်။

ပြည်သူတစ်ဦး၏သတင်းပေးချက်အရ ညဦးပိုင်းတွင် အဆိုပါယာဉ်ကို အင်းစိန်မြို့နယ် ရွှေပြည်သာတံတားအဆင်းနှင့် ၁၄ လမ်းဆုံအကြားရှိ မြရောတိုက်တန်းရှေ့တွင် ရပ်တန့်ထားကြောင်း ယင်းမော်တော်ယာဉ်မှာ တံခါးများအား ပိတ်ထားပြီး ယာဉ်အတွင်း ဆာလာအိတ်ခွံများသာတွေ့ရှိရကြောင်း သက်ဆိုင်ရာက သွားရောက်အတည်ပြုရာမှ သိရသည်။

ယင်းဖြစ်စဉ်မှ ငွေများယူဆောင်ပြီး ထွက်ပြေးလွတ်မြောက်နေသူ ကျော်ဇင်ဦးအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပိတ်ဆို့ရှာဖွေလျက်ရှိသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့များသို့လည်း ကူညီစုံစမ်းဖမ်းဆီးပေးနိုင်ရန် ပြစ်မှုကျူးလွန်သူ၏ မှတ်တမ်းဓာတ်ပုံများအား ပေးပို့ထားကြောင်း သိရသည်။ ၎င်းယာဉ်မောင်းသည် အဆိုပါကုမ္ပဏီတွင် လွန်ခဲ့သော လေးလခန့်က အလုပ်စတင်ဝင်ရောက်ခဲ့သည်ဟု သိရသည်။

**ခင်ဆိုင်**



# သိန်းပေါင်း ခြောက်သောင်းနှစ်ထောင်ကျော်တန်ဖိုးရှိသော အိုက်စ်မူးယစ်ဆေးများ ကျိုင်းဖောင်း၌ ဖမ်းမိ



**ကျိုင်းတုံ အောက်တိုဘာ ၂၅**

ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်း၌ ယနေ့နံနက် ၅ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၈)စုပါဝင်သော ပူးပေါင်းအဖွဲ့သည် ငွေကျပ်သိန်းပေါင်း ၆၂၅၀၀ တန်ဖိုးရှိ ICE ပုံဆောင်ခဲ မူးယစ်ဆေးများ ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် တောင်ကြီး-မိုင်းပျဉ်း-ကျိုင်းတုံကားလမ်း ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်း ဘီးခွန်ကောက်ခံရေးအနီး၌ မူးယစ်ဆေးဝါးသတင်းအရ စောင့်နေစဉ် မိုင်းပျဉ်းဘက်မှ မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်နေ မြဝင်း မောင်းနှင်လာသည့် Crownမော်တော်ယာဉ် 6I/ ... ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ခန်းတွင် တရုတ်စာတန်းပါ အဝါရောင် ပလတ်စတစ်အထုပ်များတွင် ထည့်လျက် တစ်ထုပ်လျှင် တစ်ကီလိုပါသော ICE အဖြူရောင် ပုံဆောင်ခဲ မူးယစ်ဆေး အထုပ် ၂၅၀ (ဒေသပေါက်ဈေး ငွေကျပ်သိန်း ၆၂၅၀၀)ကို ဖမ်းဆီးရမိသည်။

အဆိုပါ မူးယစ်ဆေဝါးများကို မိုင်းပျဉ်း-ကျိုင်းတုံအကြား တုံတာမြို့ရှိ ငြိမ်းချမ်း စားသောက်ဆိုင်မှ တင်ဆောင်လာပြီး ဆိုင်ရှင် ဒေါ်နန်းရှုန်က ငွေကျပ်သိန်း ၃၀ ဖြင့် တာချီလိတ်သို့ ပို့ဆောင်ခိုင်းခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေါ်နန်းရှုန်ကိုလည်း ဖမ်းဆီးရမိထားကြောင်း မူးယစ်တပ်ဖွဲ့စု ၂၈ မှ ဒုတိယရဲမှူးဇော်ဝင်းထွန်းက ပြောသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့မ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၂ စီး၊ သွင်းကုန် ၅၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၁၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၀၃ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မန္တလေးသို့သွားရောက်မည့် ခရီးသည်ယာဉ် သုံးစီးကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း အမျိုး ၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၅၀၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လက်ပံကွင်းအထကမှ ပဉ္စမတန်းကျောင်းသူသေဆုံးမှုတွင် ကျူးလွန်သူကို ဖမ်းဆီးရမိ

**မြန်အောင် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် လက်ပံကွင်းကျေးရွာအုပ်စု အထကလက်ပံကွင်းမှ ပဉ္စမတန်းကျောင်းသူကို ကျောင်းပြန်ချိန်တွင် သတ်ခဲ့သူအား အောက်တိုဘာ ၂၄ ရက်က ဖမ်းဆီးရမိပြီဖြစ်ကြောင်း မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကံမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် ညနေကျောင်းဆင်းချိန်တွင် အထက လက်ပံကွင်းမှ ပဉ္စမတန်း ကျောင်းသူ မ------(ညောင်ခုံရွာ မျှင်ဝါးတောင်အုပ်စု)နေသူသည် စာနီစုကျေးရွာနှင့် ငါးဘတ်ကျကျေးရွာသွား လမ်းအနီးရှိ လယ်ကွက်ထဲတွင် မှောက်လျက်အနေအထားဖြင့် ရေထဲသို့ ခေါင်းစိုက်ကာ သတိလစ်၍ ပါးစပ်နှင့် နှာခေါင်းထဲတွင် ရွှံ့များပေကျံနေပြီး သတိမရဘဲ ရှုန်းကန်နေသောကြောင့် လက်ပံကွင်း ဆေးခန်းသို့ ပို့ဆောင်ပြီး အင်ပင်ဆေးရုံသို့ ဆက်လက်ပို့ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ဟင်္သာတဆေးရုံသို့ ဆက်လက်ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ရာ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ကျူးကျူးကျချောင်းဘေးတံငါလုပ် မြုံးထောင်သည့် အုန်းဌေး(၃၇နှစ်) ငါးဘတ်ကျကျေးရွာနေသူအား မသင်္ကာဖွယ် သတင်းစကားများအရ ခေါ်ယူစစ်ဆေးရာ အောက်တိုဘာ ၂၄ ရက်တွင် အုန်းဌေးက ၎င်းကိုယ်တိုင် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပြစ်မှုကျူးလွန်သူ အုန်းဌေး၏ ဝန်ခံထွက်ဆိုချက်အရ ၎င်းသည် ကျူးကျူးကျချောင်းဘေးတွင် တဲဆောက်ပြီး သန်းစိုးနှင့်အတူ မြုံးထောင်၊ ပိုက်ထောင် ပြုလုပ်ခဲ့ကြောင်း၊ အခင်းဖြစ်သည့်နေ့ အောက်တိုဘာ ၂၀ ရက်က ငါးဘတ်ကျရွာနေအိမ်မှ ငါးတဲသို့ စာနီစု လမ်းအတိုင်းသွားရောက်ခဲ့ရာ အခင်းဖြစ်နေရာအနီးတွင် သေဆုံးသူ တစ်ဦးတည်း စက်ဘီးစီးလာသည်ကို တွေ့ရသဖြင့် စက်ဘီးကို ဆွဲလှဲပြီးခေါ်ခဲ့ကာ တာလမ်းနှင့် ပေ ၃၀ ခန့်အကွာ စပါးခင်းထဲတွင် ၎င်းအား ဆွဲလှဲစဉ် အော်သဖြင့် ပါးစပ်ကိုပိတ်ကြောင်း၊ ထပ်မံအော်သဖြင့် ကုပ်မှကိုင်ပြီး စပါးခင်းအတွင်းရှိ ရေထဲသို့ ခေါင်းကို နှိမ့်၍ မအော်ရန် ပြုလုပ်ခဲ့သောကြောင့် စပါးခင်းရေထဲသို့ ခေါင်းစိုက်ပြီး မှောက်လျက် ငြိမ်သွားကြောင်း၊ မကြာမီ ခဲတစ်လုံး ပစ်ပေါက်သံကြားရပြီး ကျောင်းသားလေးများကို တွေ့၍ ထွက်ပြေးခဲ့ကြောင်း ဝန်ခံထွက်ဆိုပြီး အမှုနှင့်ပတ်သက်၍ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**



ပြစ်မှုကျူးလွန်သူက အခင်းဖြစ်ပွားခဲ့သည့်နေရာအား တာဝန်ရှိသူများကို ပြသစဉ်

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ (၈၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ ၂၀ ရက်တွင် စတင်လက်ခံ၍ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် ၈၅-ကြိမ်မြောက် ဦးရေ (၁၀၇၂၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကုန်။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2039 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အိမ်မဲမြို့၊ ချောင်းဝပိုင်းရပ်ကွက်၊ ကျွန်စစ်သားလမ်း၊ မြေစာရင်းအကွက်အမှတ် ၈၊ ဦးပိုင်အမှတ် ၁၁၇၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေအား ဦးလွင်ကောင်းမြတ်-ဒေါ်အိမွန်စံအမည်ဖြင့် မြေငှားဂရန်လျှောက်ထားရာတွင် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အိမ်မဲမြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာရှိတိုက်ခန်းများနှင့်ယာယီမြေရှင်အဖြစ်ဆောင်ရွက်သောတိုက်ခန်းများ၊ ကန်ထရိုက်တာနှင့် အမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်ဝယ်ယူထားသူများက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နွယ်မြင့် ၁၂/ဗတထ(နိုင်)၀၂၈၃၅၂(မှ) | ဒေါ်ခင်အေးကြူ ၁၂/ဗဟန(နိုင်)၀၇၉၃၈၉ | တိုက် ၁၊ အခန်း ၁၆၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၂။ | ဦးဖုန်းရှိန် ၁၂/မရက(နိုင်)၁၃၄၅၈၄(မှ) | ဒေါ်မာရီယာစော(ခ)စောယဉ်မင်းဦး ၁၁/စတန(နိုင်)၀၅၃၅၁၇ | တိုက် ၂၄၊ အခန်း ၂၄၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ်။ |
| ၃။ | ဦးကျော်ဝင်း ၇/ပတန(နိုင်)၀၀၃၄၀၆(မှ) | ဒေါ်အေးအေးလွင် ၁၂/ဒလန(နိုင်)၀၂၄၉၅၂ | တိုက်(အေ-၁)၊ အခန်း ၁၀၂၊ ရတနာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |
| ၄။ | ဦးဇင်မင်းဦး(ဥက္ကဋ္ဌ) (ဇေင်နှင်းဆီဆောက်လုပ်ရေး) ၁၂/သဃက(နိုင်)၁၅၁၁၉၀(မှ) | ဒေါက်တာတင်တင်ထွေး ၁၂/လသန(နိုင်)၀၀၉၆၂၂ | တိုက် ၈၆၊ ခုနစ်လွှာ၊ ၃၇လမ်းအောက်၊ ကျောက်တံတားမြို့နယ်။ |
| ၅။ | ဦးဇင်မင်းဦး(ဥက္ကဋ္ဌ) (ဇေင်နှင်းဆီဆောက်လုပ်ရေး) ၁၂/သဃက(နိုင်)၁၅၁၁၉၀(မှ) | ဦးစိုးပိုင် ၁၂/ကတန(နိုင်)၀၁၄၅၉၂ | တိုက် ၈၆၊ လေးလွှာ၊ ၃၇လမ်းအောက်၊ ကျောက်တံတားမြို့နယ်။ |
| ၆။ | ကန်ထရိုက်တာဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၅၉၅၄(မှ) | | အမှတ်၁၄၉၊Penthouse၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ |
| | ဦးမျိုးမင်းကျော် ၁၁/စတန(နိုင်)၀၅၅၇၆၆(မှ) | ဒေါ်ရင်လင်းလတ် ၁၂/ပဘတ(နိုင်)၀၀၂၆၀၇ | |
| ၇။ | ဦးစံ ၇/ပမန(နိုင်)၀၈၈၈၈၇(မှ) | ဒေါ်တင်တင်မြ ၁၂/ပဘတ(နိုင်)၀၀၀၇၆၂ | အမှတ် ၁၀၈၊ စတုတ္ထထပ်၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၈။ | ဦးစောလှဦး ၁၂/ရကန(နိုင်)၀၂၃၇၁၈(မှ) | ဒေါ်ဌေးဌေးမြင့် ၇/ပတန(နိုင်)၀၀၃၄၇၄ | တိုက်(ဘီ)၊ အခန်း ၁၀၆၊ ရတနာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**



## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် အောက်တိုဘာ ၂၃ ရက်အထိ စိုက်ပျိုးရေဧက ပေ ၁၃ ဒသမ ၃ သန်းကျော်ခန့် သိုလှောင်ထားရှိပြီးဖြစ်ပါသည်။ ယမန်နှစ်က ဆည်ရေဖြင့် နွေစပါးစိုက်ဧကပေါင်း ကိုးသိန်းကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၁၈ သိန်းခန့် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါသည်။ ယခုနှစ် နွေစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ဆည်/ကန်များနှင့် မြစ်ရေတင် လုပ်ငန်းများမှ ရေရယူစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမှုနည်းပညာအကူအညီများရရှိရေး၊ လယ်ယာထွန်ယက်ရေးကိစ္စအဝဝတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နီးစပ်ရာဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ကြိုတင်ညှိနှိုင်းစီမံဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ကျင်းပရာ ဂန္ဓမာအသင်းနှင့် YREO အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

YREO အသင်းသည် ဦးဆောင်ဂိုးများ နှစ်ကြိမ်တိုင် သွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ YREO အသင်းအတွက် ၃၁ မိနစ်တွင် ဝင်းစန္ဒာထွန်း၊ ၄၈ မိနစ်တွင် မြတ်နိုးခင်တို့က သွင်းယူခဲ့ပြီး ဂန္ဓမာအသင်းအတွက် ချေပဂိုးများကို ၄၃ မိနစ်တွင် သင်းသင်းမော်၊ မိနစ် ၈၀ တွင် တင့်တင့်ထွန်းတို့က သွင်းယူခဲ့သည်။

YREO အသင်းသည် ယခုရာသီတွင် ဒုတိယမြောက် သရေပွဲကြုံတွေ့ခဲ့ခြင်းဖြစ်ပြီး ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ ပွဲစဉ် (၁၃) နောက်ဆုံးနေ့အဖြစ် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့သည် အောက်တိုဘာ ၂၆ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**




## မွေးနေ့ဂါရဝပြုဆုမွန်

၂၆-၁၀-၂၀၁၇ရက်တွင် ကျရောက်သော ဘွားဘွားကြီး ဒေါ်နှင်း၏(၁၀၃) နှစ်ပြည့် မွေးနေ့အခါသမယတွင် ဘွားဘွားကြီး၏သီလ၊ သမာဓိဂုဏ်တို့ကို ဖော်ညွှန်းလျက် ပူဇော်ကန်တော့ပါသည်။

ဘွားဘွားကြီး၏ဖြူစင်သန့်ရှင်းသော မေတ္တာရိပ်အောက်တွင် ကြည်လင်အေးမြနိုင်ပါရစေ။

**$A_5$ သောက်ရေသန့်မိသားစု**
**သား၊ သမီး၊ မြေး၊ မြစ်များ**

## မင်္ဂလာရက်မြတ်ဆုမွန်

၂၅-၁၀-၂၀၁၇ရက်တွင် ကျရောက်သော ဖေဖေနှင့်မေမေတို့၏ (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်တွင် ကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝဆုမွန်ပြုအပ်ပါသည်။

**$A_5$ သောက်ရေသန့်မိသားစု**
**သား၊ သမီး၊ မြေးများ**

## NYRDDC အာစရိယပူဇော်ပွဲ

တိုင်းရင်းသားဒီဂရီကောလိပ် ရန်ကုန်/မန္တလေး/စစ်ကိုင်း၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကို သူငယ်ချင်းများအနေဖြင့် (မပျက်မကွက်) ပါဝင်တက်ရောက်ဆင်နွှဲပေးကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

**KBZ(Dawpon Bank)Acc no;11030211000176001**
**Ph;09-425008700/ 798168175/ 421086898/ 4250015667/ 43190155**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ်(၅)အထက အလယ်တန်းပြဆရာမ နန့်စိန်စိန်မူ ၁၄/ငပတ(နိုင်)၀၅၀၉၅၆၊ ဒေါ်စိန်စိန်မူနှင့် နမ့်စိန်စိန်မူတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

## အမြန်ပြန်လာပါ

အငယ်လေး(ခ)ယဉ်ထွေးအောင် ၈/မမန(နိုင်)၁၈၈၄၅၅ အမေ နေမကောင်းဖြစ်နေပါ၍ ရောက်ရာအရပ်မှ မိဘများကို အမြန်ဆက်သွယ်ပါ။

**မိခင် - ဒေါ်စန်းစန်းမော်**

## အချိန်ပြောင်းလဲပြင်ဆင်ခြင်း

အောက်တိုဘာ၂၈ရက်တွင်ကျင်းပမည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဂါရဝပြုကန်တော့မည့် အခမ်းအနားအချိန်ကို ညနေ ၃ နာရီမှနံနက်၇နာရီသို့ ပြောင်းလဲပြင်ဆင်ထားပါကြောင်း အသိပေးအပ်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ/ယင်းမာပင်ခရိုင်

၁။ မုံရွာ/ယင်းမာပင်ခရိုင်၊ သစ်တောဦးစီးဌာန၊ မုံရွာ၊ ဘုတလင်၊ ပုလဲနှင့်ကနီမြို့နယ်တို့ရှိ ပုံစံ(၈)ဝင် ကျွန်း/သစ်မာ(သစ်/ခွဲသား/ဘုတ်ပြား)များအား တိုင်းကျော်သယ်ယူခွင့် မပြုကြောင်း စည်းကမ်း သတ်မှတ်ချက်ဖြင့် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောဦးစီးဌာနမှ တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုထားသောစက်သေး၊ စက်ကြီး၊ အချောထည်စက်၊ လွှာထိုးစက်၊ လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်များ၊ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင် အသင်းဝင်များနှင့် မြန်မာနိုင်ငံပရိဘောဂလုပ်ငန်းရှင်အသင်းဝင်များကိုသာ လေလံဆွဲဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(က) လေလံအစီအစဉ်**

**ရက်** - ၂၀၁၇ခုနှစ် နိုဝင်ဘာ(၈)ရက်
**အချိန်** - နံနက် ၁၀နာရီ
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ခရိုင်သစ်တောဦးစီးဌာန၊ မုံရွာမြို့

**(ခ) လေလံတင်ရောင်းချမည့် ပစ္စည်းများ**

| စဉ် အမျိုးအမည် | ကျွန်း လုံးတန် | ကျွန်း ခွဲသားတန် | သစ်မာ(အုပ်စု-၁) လုံးတန် | သစ်မာ(အုပ်စု-၁) ခွဲသားတန် | စုစုပေါင်း (တန်) |
|---|---|---|---|---|---|
| ၁ ဘုတ်ပြား | - | ၆ဒသမ၉၂၉ | - | ၁၅၁ဒသမ၄၇၃၆ | ၁၅၈ဒသမ၄၀၂၆ |
| ၂ သစ်/ခွဲသား | ၁၅၁ဒသမ၂၂၄၂ | ၂၆ဒသမ၉၃၇၀ | ၁၅ဒသမ၄၈၅၀ | ၁၈၀ဒသမ၃၆၅၆ | ၃၇၄ဒသမ၀၁၁၈ |
| ပေါင်း | ၁၅၁ဒသမ၂၂၄၂ | ၃၃ဒသမ၈၆၆ | ၁၅ဒသမ၄၈၅၀ | ၃၃၁ဒသမ၈၃၉၂ | ၅၃၂ဒသမ၄၁၁၄ |

၂။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် လေလံစည်းကမ်းချက် တစ်စုံလျှင် ၅၀၀၀(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၃၁-၁၀-၂၀၁၇ရက်မှ ၁-၁၁-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ခရိုင်သစ်တောဦးစီးဌာန၊ မုံရွာမြို့ (ဖုန်း-၀၇၁-၂၁၅၃၀) တွင်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် အထက(လှည်းဆိပ်)ပဋ္ဌမတန်း(A)မှ မောင်ဇင်မျိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဝင်း ၁၄/ကကန(နိုင်)၁၀၈၆၉၃ ဖြစ်ပါသည်။

**ဦးမျိုးဇော်ဝင်း**

## ပုံစံ(၁)အခွန်စိမ်း ပျောက်ဆုံးခြင်း

ကျွန်တော် ဦးနန်းဝေ ၃/မဝတ(နိုင်)၀၀၅၅၇၀၏ ကား 3K/1198၏ ပုံစံ(၁)အခွန်စိမ်း ပျောက်ဆုံးသွားပါသဖြင့် ရရှိထားပါက အကြောင်းကြားပေးပါရန်။

**ဦးနန်းဝေ**
**ဖုန်း-၀၉-၇၃၁၈၂၇၆၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းဈေးရုံ၊ ပထမထပ်၊ ဆိုင်အမှတ် (၁၇၀)တွင် ဆိုင်ငှားအမည်ပေါက် ဒေါ်ရင်ရင်မြ ဆိုင်အား သမီးဖြစ်သူ ဒေါ်သဇင်သိန်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်းဈေးတာဝန်ခံရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဈေးတာဝန်ခံ၊ လှည်းတန်းဈေး**


## 7 Stars ရာထူးဝင်သင်တန်းကြီး
## ထွေ/အုပ် ဒုဦးစီးမှူးဝင်ခွင့်
## ပုံမှန်တန်းခွဲများစပြီ။

သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံးပြုစုထားသော မှတ်စုစာအုပ်များကိုလည်း ရောင်းချပေးနေပါပြီ။

**စာအုပ်ဝယ်ယူရရှိနိုင်သော နေရာများ**

မန္တလေး - ညို စာပေ ( မန္တလေး တစ်ဦးတည်းကိုယ်စားလှယ် )
ရ၁ လမ်း နှင့် ၃၄ လမ်းထောင့် ( 02 - 69701 )
နေပြည်တော် - ရွှေမင်းသားစာပေ ( မြို့မဈေး ) ၊ ရွှေရည်ဝင်းစာပေ ( မြို့မဈေး )
အဓိပတိစာပေ ( သပြေကုန်း) ၊ သရဖူစာပေ ( ပျဉ်းမနား ၊ ရှမ်းကန် )
ရန်ကုန်မြို့ - 7 Stars ရာထူးဝင်သင်တန်းကြီး ၊ ရာပြည့် ၊ စာပေဟင်းလေးအိုးကြီး

တိုက် (18/3B) ၊ သမြေညို (၁) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ ရန်ကုန်မြို့ ။
09- 789107733 , 09- 780080052 , 09- 421052736 , 09- 799860155

# အမေရိကန် လေဆိပ်များနှင့် လေကြောင်းလိုင်းများတွင် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ တင်းတင်းကျပ်ကျပ်လုပ်ဆောင်သွားမည်



**ဝါရှင်တန် အောက်တိုဘာ ၂၅**
ခရီးသွားများကို တင်းတင်းကျပ်ကျပ် စိစစ်ခြင်းအပါအဝင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုသစ်များသည် အမေရိကန် လေကြောင်းလိုင်းများ၌ အောက်တိုဘာ ၂၆ ရက်မှစပြီး အကျိုးသက်ရောက်မည် ဖြစ်ကြောင်း သက်ဆိုင်ရာ လေကြောင်းလိုင်းများက မကြာသေးမီတွင် ဖော်ပြခဲ့သည်။

ခရီးသွားများကို တင်းတင်းကျပ်ကျပ် စိစစ်မှုများ လုပ်ဆောင်သွားရန် လေကြောင်းလိုင်းများအနေဖြင့် ရက်ပေါင်း ၁၂၀ ခန့်လိုအပ်ကြောင်း ဥရောပနှင့် အမေရိကန်အရာရှိများက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရက်ပေါင်း ၁၂၀၏ နောက်ဆုံးနေ့သည် အောက်တိုဘာ ၂၆ ရက်ဖြစ်သည်နှင့်အညီ အောက်တိုဘာ ၂၆ ရက်မှစပြီး လေကြောင်းလိုင်းများတွင် လုံခြုံရေးဆိုင်ရာ တင်းတင်းကျပ်ကျပ်စိစစ်ခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

လေကြောင်းလိုင်းများတွင် ဇူလိုင်လ နှောင်းပိုင်းအထိ ဖောက်ခွဲရေးအာရုံခံစစ်ဆေးခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ခရီးသွားများအနေဖြင့် လုံခြုံရေးဆိုင်ရာ စစ်မေးမှုများရှိသည့်အတွက် လေယာဉ်မထွက်ခွာမီ သုံးနာရီ ကြိုတင်ရောက်ဖို့လိုကြောင်း လေကြောင်းလိုင်းများက ခရီးသည်များကို သတိပေးတိုက်တွန်းထားကြောင်း သိရသည်။

လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်သစ်များသည် အမေရိကန်ပြည်ထောင်စုသို့နေ့စဉ် ဆိုက်ရောက်နေသော လေကြောင်းလိုင်း ၂၀၀၀ခန့်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ၃၂၅၀၀၀ ပေါ်သို့ အကျိုးသက်ရောက်မည်ဖြစ်သည်။ နိုင်ငံပေါင်း ၁၀၅ နိုင်ငံ၏ လေဆိပ် ၂၈၀မှ လေကြောင်းလိုင်း ၁၈၀ ပေါ်တွင်လည်း အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စုက လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရန် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကရှိ နိုင်ငံပေါင်း ရှစ်နိုင်ငံ၏ လေဆိပ်ပေါင်း ၁၀ ခုမှ ဆိုက်ရောက်လာသော လေယာဉ်များပေါ်တွင် လျှပ်စစ်ပစ္စည်းများ သယ်ဆောင်လာခြင်းဆိုင်ရာ ကန့်သတ်ချက်များကို အဆုံးသတ်ရန် စည်းကမ်းချက်များကို ဇွန်လတွင် ကြေညာခဲ့သည်။

အဆိုပါ ကန့်သတ်ချက်များကို ဇူလိုင်လတွင် ရုပ်သိမ်းလိုက်သော်လည်း အကယ်၍ လေကြောင်းလိုင်းများနှင့် လေဆိပ်များသည် လုံခြုံရေးဆိုင်ရာ တိုးမြှင့်မှုမရှိပါက အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဦးဆောင်သော အစိုးရအဖွဲ့က အခြေခံဖြစ်ရပ်တစ်ခုချင်းအလိုက် အသေးစိတ်စိစစ်ရမည်ဟု ပြန်လည်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**

## မာဒါဂါစကာပလိပ်ရောဂါသေဆုံးသူ ၁၂၄ဦးရှိလာ

**အန်တာနာနာရီဗို အောက်တိုဘာ ၂၅**
မာဒါဂါစကာနိုင်ငံတွင် ဖြစ်ပွားသော ပလိပ်ရောဂါကြောင့် သေဆုံးသူ ၁၂၄ ဦး ရှိလာပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၅ ရက်ကဖော်ပြခဲ့သည်။

အဆိုပါ ပလိပ်ရောဂါဖြစ်ပွားမှုသည် ဩဂုတ်လတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကျေးလက်ဒေသများမှတစ်ဆင့် လူစည်ကားရာ မြို့တော်အန်တာနာနာရီဗိုသို့ ကူးစက်ပျံ့နှံ့လာခဲ့ကြောင်းသတင်းများတွင် ဖော်ပြထားသည်။ အောက်တိုဘာ ၂၄ ရက်အထိ ပလိပ်ရောဂါကူးစက်ခံရသူအရေအတွက် ၁၁၉၂ ဦးအထိရှိလာပြီဖြစ်ကြောင်း မာဒါဂါစကာ ကျန်းမာရေးအာဏာပိုင်များကပြောခဲ့သည်။

အဆိုပါပလိပ်ရောဂါသည် ကြွက်သန်းနှင့် အခြားသေးငယ်သော သတ္တဝါများမှတစ်ဆင့် လူသို့ ကူးစက်ပျံ့နှံ့ခဲ့သောရောဂါဖြစ်ကြောင်းသိရသည်။ မာဒါဂါစကာတွင် ၁၉၈၀ ပြည့်နှစ်မှစကာ ဧပြီမှ စက်တင်ဘာအထိ နှစ်စဉ်နှစ်တိုင်းလိုလို ထိုကဲ့သို့ ရောဂါများပျံ့နှံ့လေ့ရှိသည်။ ပလိပ်ရောဂါကြောင့် ၂၀၁၄ခုနှစ်တွင် လူပေါင်း ၄၀ သေဆုံးခဲ့သည်။ ယခုကဲ့သို့ ကျေးလက်ဒေသမှတစ်ဆင့် မြို့ပြသို့များပြားလှသော ရောဂါကူးစက်မှုမှာ ကြုံတောင့်ကြုံခဲကိစ္စဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## စစ်သွေးကြွပိုမို ဆန့်ကျင်ရန် တေလာဆန်တိုက်တွန်း

**အစ္စလမ္မာဘတ် အောက်တိုဘာ ၂၅**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က ပါကစ္စတန်အား နိုင်ငံတွင်း စစ်သွေးကြွဆန့်ကျင်ရေးဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် တိုက်တွန်းလိုက်ကြောင်းသိရသည်။ ရက်ဇ်တေလာဆန်သည် အာဖဂန်နစ္စတန်နိုင်ငံမှတစ်ဆင့် အစ္စလမ္မာဘတ်သို့ အောက်တိုဘာ ၂၄ ရက်က ရောက်ရှိခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ဝန်ကြီးချုပ် ရှာဟဒ်ခါကန်အက်ဘာစီနှင့် အခြားပါကစ္စတန်အရာရှိများနှင့်တွေ့ဆုံခဲ့သည်။

အကြမ်းဖက်ဆန့်ကျင်ရေး ရလဒ်များကို ပါကစ္စတန်နိုင်ငံအနေဖြင့် ထုတ်ပြန်ခဲ့ကြောင်း ဝန်ကြီးချုပ် ရှာဟဒ်ခါကန်အက်ဘာစီကပြောခဲ့သည်။ ပါကစ္စတန်သည် အမေရိကန်နိုင်ငံနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း တေလာဆန်က ပြောခဲ့သည်။ ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင် ပါကစ္စတန်နိုင်ငံသည် စစ်သွေးကြွများနှင့် အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် ၎င်း၏ကြိုးစားမှုများကို တိုးမြှင့်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ပြောကြားချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



# နှစ်ဖက်အပြန်အလှန်တိုက်ခိုက်ခြင်းသည် နိုင်ငံကို ပျက်စီးစေမည်ဖြစ်ကြောင်း ကာ့ဒ်ဒေသအစိုးရကပြော

**ဘဂ္ဂဒက် အောက်တိုဘာ ၂၅**
အီရတ်နိုင်ငံရှိ ကာ့ဒ်အာဏာပိုင်များက လွတ်လပ်ရေးကြိုးပမ်းမှုအပေါ်ထောက်ခံမဲပေးခြင်းကို ဆန္ဒမစောသင့်ကြောင်း၊ စစ်ရေးထက်ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးမှုနည်းဖြင့် ဘဂ္ဂဒက်နှင့် သက်ဆိုင်သော ပဋိပက္ခများကို ဖြေရှင်းနိုင်ရေး အင်တိုက်အားတိုက်လုပ်ဆောင်သင့်ကြောင်း အောက်တိုဘာ ၂၅ ရက်က ပြောခဲ့သည်။

အီရတ်စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူက မည်သို့ပင်ဆိုစေ ကာ့ဒ်ထိန်းချုပ်ဒေသများကို ပြန်လည်ရယူရေး ထိုးစစ်ဆင်နွှဲမှုများကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း ပြောခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်က စတင်ခဲ့သော ကာ့ဒ်ဆန့်ကျင်ရေး လှုပ်ရှားမှုကတည်းက အီရတ်အစိုးရသည် နိုင်ငံမြောက်ပိုင်း၌ လုပ်ပိုင်ခွင့်အာဏာ တန်းတူညီမျှရန် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ကာ့ဒ်များသည် မြောက်ပိုင်းပြည်နယ်သုံးခု၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို စိုးမိုးချုပ်ကိုင်ထားကြောင်း သိရသည်။

နှစ်ဖက်အပြန်အလှန်တိုက်ခိုက်ခြင်းဖြင့် မည်သည့်နည်းနှင့်မျှ အောင်မြင်မှုရနိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံကို လုံးဝပျက်စီးစေမည်ဖြစ်ကြောင်း ကာ့ဒ်ဒေသအစိုးရက ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြခဲ့သည်။

ကာ့ဒ်ဒေသအစိုးရက ရုတ်တရက် အပစ်အခတ်ရပ်စဲရေးကို အဆိုပြုခဲ့သည်။ ထိုအဆိုပြုချက်က စက်တင်ဘာ လူထုဆန္ဒခံယူပွဲရလဒ်ကို အေးခဲသွားစေသည်။ ထိုဆန္ဒခံယူပွဲတွင် ကာ့ဒ်များက လွတ်လပ်ရေးအတွက် သောင်းသောင်းဖြဖြ ထောက်ခံမဲပေးခဲ့ကြောင်းသိရသည်။

**(ရိုက်တာ)**

# ဆိုက်ဘာတိုက်ခိုက်မှုများ ရုရှားနှင့် အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့




**ကီယက်ဗ်(မော်စကို) အောက်တိုဘာ ၂၅**
ယုန်သောင်းကျန်းဟုခေါ်သော မယ်လ်ဝဲလ်အသုံးပြု ဆိုက်ဘာတိုက်ခိုက်မှုများ ရုရှားနှင့် အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့ရာ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ရုရှားနိုင်ငံ အင်တာဖက်သတင်းအေဂျင်စီထိခိုက်ခဲ့သလို ယူကရိန်း အောဒီစလေဆိပ်ရှိ လေယာဉ်ခရီးစဉ်များလည်း နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် အပျက်အစီးကြီးကြီးမားမား ဖြစ်ပွားခဲ့သည်ဟု သတင်းဖော်ပြချက်မျိုး မတွေ့ရသေးသော်လည်း အမေရိကန်အစိုးရက ဆိုက်ဘာတိုက်ခိုက်မှုအပေါ် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ ယခု တိုက်ခိုက်မှုသည် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးစေခဲ့သည့် အလားတူမယ်လ်ဝဲလ်သုံး ကွန်ပျူတာတိုက်ခိုက်မှုမျိုး မေလနှင့် ဇွန်လတွင် ဖြစ်ပြီးနောက် ထပ်မံဖြစ်ပေါ်လာသော နောက်ထပ်တိုက်ခိုက်မှုတစ်ခုဖြစ်သည်။

ကွန်ပျူတာဗိုင်းရပ်သည် တိုက်ခိုက်ခံရသော ကွန်ပျူတာများတွင် လျင်မြန်စွာပျံ့နှံ့သွားခဲ့ပြီး သတင်းအချက်အလက်သယ်ယူပို့ဆောင်ရေး စနစ်များအပါအဝင် ကွန်ပျူတာလုပ်ဆောင်ချက်များကို ထိခိုက်စေကြောင်း အီးအက်စ်အီးတီ ဆိုက်ဘာ ကုမ္ပဏီ သုတေသနပညာရှင် ရောဘတ် လီပေါ့စကီက ပြောခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်မှုအများဆုံးခံရသူ ထက်ဝက်ကျော်မှာ ရုရှားမှဖြစ်ကြောင်းသိရပြီး ယူကရိန်းနှင့် ဘူဂေးရီးယား၊ တူရကီနှင့်ဂျပန်တို့နိုင်ငံတို့သည်လည်း ဆိုက်ဘာတိုက်ခိုက်မှုခံခဲ့ရကြောင်း သိရသည်။

ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်ခံရသော ရုရှားနိုင်ငံ၏ အကြီးဆုံး သတင်းအေဂျင်စီတစ်ခုဖြစ်သော အင်တာဖက်ဇ် သတင်းအေဂျင်စီက ၎င်းတို့၏ သတင်းဝန်ဆောင်မှုအချို့ ကွန်ပျူတာတိုက်ခိုက်ခံရကြောင်း မယ်လ်ဝဲလ်အသုံးပြု ကွန်ပျူတာတိုက်ခိုက်ခံရခြင်းဖြစ်ပြီး ၂၄ နာရီအတွင်း သာမန်အတိုင်း ပြန်လည်ကောင်းမွန်ရန် မျှော်လင့်ရကြောင်း ပြောခဲ့သည်။

အောဒီစလေဆိပ်ပြောရေးဆိုခွင့်ရှိသူက ကွန်ပျူတာဗိုင်းရပ်တိုက်ခိုက်ခံရသဖြင့် လေဆိပ်၏ ကွန်ပျူတာသုံး လုပ်ငန်းဆောင်တာများ နှောင့်နှေးကြန့်ကြာခဲ့ကြောင်း လေဆိပ်ဝန်ထမ်းများအားလုံး လေဆိပ်လုပ်ငန်းများကို ရှေးရိုးသာမန်အတိုင်း လုပ်ဆောင်ခဲ့ရကြောင်း ပြောခဲ့သည်။ ကီယက်ဗ်မြေအောက်မီးရထားစနစ်ဆိုင်ရာ ငွေပေးချေမှုစနစ်ကို ဖောက်ထွင်းတိုက်ခိုက်ခဲ့သော်လည်း မီးရထားများ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### မလေးရှားမြောက်ပိုင်း ပီနန်ပြည်နယ်၌ ဘတ်စ်ကားတိုက်မိမှုဖြစ်ပွားရာ လူရှစ်ဦးထက်မနည်းသေဆုံး

**ကွာလာလမ်ပူ အောက်တိုဘာ ၂၅**

မလေးရှားမြောက်ပိုင်း ပီနန်ပြည်နယ် အဝေးပြေးလမ်းပိုင်းတစ်နေရာတွင် အောက်တိုဘာ ၂၄ ရက်နံနက်က ဘတ်စ်ကားတိုက်မှုဖြစ်ပွားခဲ့ရာ လူ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၃ ဦး ဒဏ်ရာရခဲ့ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

ဘတ်စ်ကားတိုက်မိမှုသည် နံနက် ၅ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနှင့် နီပေါအလုပ်သမားများ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးသည် စက်ချွတ်ယွင်းမှုကြောင့် လမ်းဘေးတစ်နေရာတွင် ရပ်ထားစဉ် အခြားဘရိတ်ပေါက်လာသော ကားတစ်စီးက အဆိုပါကားကို ဝင်တိုက်မိခြင်းဖြစ်ကြောင်း ရဲအရာရှိ တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ နယူးစထရိတ်တိုင်းမ်သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

တိုက်မိမှုဖြစ်ပွားခဲ့သည့် ဘတ်စ်ကားများမှာ ပီနန်ပြည်နယ်တွင် ကုန်ထုတ်လုပ်ငန်းများရှိသော ဆိုနီနှင့် ပလက်ဇက်စ်တို့မှ စက်ရုံအလုပ်သမားများကို သယ်ဆောင်လာသည့် ကားများဖြစ်ကြောင်း သိရသည်။ ဘတ်စ်ကား တိုက်မိမှုဖြစ်ပွားခဲ့ရာမှ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော အလုပ်သမား ၂၃ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

### တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်များ မီဒီယာများနှင့်မကြာမီ တွေ့ဆုံမည်

**ပေကျင်း အောက်တိုဘာ ၂၅**

တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်များသည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ တွေ့ဆုံပွဲကို တရုတ်ရုပ်မြင်သံကြားနှင့် ရေဒီယို၊ အွန်လိုင်းစသည်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပထမဆုံးအကြိမ် မျက်နှာစုံညီ အစည်းအဝေးတွင် ရွေးချယ်ခြင်းခံရသည့် (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေး ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင်များသည် ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံသွားမည့် အစီအစဉ်ကို ပြည်သူ့ခန်းမကြီး၌ ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီရတ်နဲ့အာဖဂန်တို့ကို လျှပ်တစ်ပြက်သွားရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ သံတမန်ခရီးစဉ်

● **ချူးစန္ဒီနွေး** ●


**အီရန်နဲ့အမေရိကန်တို့ ဆက်ဆံရေးအဖုအထစ်တွေ ဖြစ်ပေါ်နေချိန်အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်ဟာ အမေရိကန်ရဲ့ အကြီးဆုံးစစ်မြေပြင်နှစ်ခုဖြစ်တဲ့ အာဖဂန်နဲ့အီရတ်ကို ခရီးထွက်ခဲ့ပါတယ်။ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ အာဖဂန်နစ္စတန်သို့သွားရောက်ခဲ့ပြီး အဲဒီနေ့ညပိုင်းမှာပဲ အီရတ်နိုင်ငံကို သွားရောက်ခဲ့ပါတယ်။**

အီရတ်ခရီးစဉ်အတွင်း အီရတ်ဝန်ကြီးချုပ် Haider al Abadi နဲ့ တွေ့ဆုံခဲ့ပြီး အီရတ်နိုင်ငံအတွင်း စည်းလုံးမှုရရှိဖို့ မျိုးနွယ်စုအုပ်စုတွေနဲ့ အခြားသောအုပ်စုတွေကြား ပြဿနာတွေချုပ်ငြိမ်းဖို့ တောင်းဆိုခဲ့ပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်မှာပဲ အီရတ်တပ်ဖွဲ့ဟာ ကီရာကတ်ဒေသကို သိမ်းပိုက်ခဲ့ပြီး ခွဲထွက်ရေးအတွက်တောင်းဆိုနေတဲ့ ကာ့ဒ်တပ်ဖွဲ့ဝင်တွေ ထိန်းချုပ်ထားတဲ့မြို့ကို ပြန်လည်သိမ်းယူခဲ့ပါတယ်။ အမေရိကန်အတွက်ကတော့ အီရတ်တပ်ဖွဲ့ဝင်တွေနဲ့ရော၊ ကာ့ဒ်တပ်ဖွဲ့ဝင်တွေနဲ့ပါ မဟာမိတ်ဆက်ဆံရေး မပျက်လိုပါဘူး။ နှစ်ဖက်စလုံးက အရေးပါပါတယ်။ အိုင်အက်စ်နဲ့ အခြားသော အကြမ်းဖက်စစ်သွေးကြွတွေကို တိုက်ခိုက်တဲ့နေရာမှာ နှစ်ဖက်စလုံးက အမေရိကန်အတွက် အရေးပါပါတယ်။ အီရတ်နိုင်ငံမှာ လတ်တလောဖြစ်ပေါ်နေတဲ့ ဗဟိုအစိုးရနဲ့ ကာ့ဒ်ဒေသ အစိုးရတို့ကြား ပဋိပက္ခတွေပေါ်ပေါက်နေမှုကို တကယ်ပဲစိုးရိမ်မိတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ ဒါကြောင့်လည်း နှစ်ဖက်အဖွဲ့အစည်းကလူတွေ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ကြဖို့လည်း တိုက်တွန်းခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့အီရတ်ကိုလာရောက်တဲ့ ခရီးစဉ်ဟာ အီရန်ကို အထီးကျန်တစ်နိုင်ငံတည်းဖြစ်ဖို့ ကြိုးစားမှုတစ်ရပ်လို့လည်း ယူဆလို့ ရပါတယ်။ မစ္စတာတေလာဆန် အီရတ်ကို ရောက်မလာခင်ကလည်း အီရတ်အစိုးရဟာ အီရန်ကထောက်ပံ့ပေးထားတဲ့ ပြည်သူ့စစ်တပ်ဖွဲ့နဲ့ ပတ်သက်ပြီး မစ္စတာတေလာဆန်ရဲ့ တောင်းဆိုမှုကို ပယ်ချခဲ့ပါတယ်။ အီရန်က အထောက်အပံ့ပြုထားတဲ့ အဲဒီတပ်ဖွဲ့ကို ဖျက်သိမ်းပစ်ဖို့၊ အီရတ်ကနေ နှင်ထုတ်လိုက်ဖို့ အမေရိကန်ဘက်က တောင်းဆိုခဲ့တာပဲ ဖြစ်တယ်။ အဲဒီတပ်ဖွဲ့ကို အီရန်နိုင်ငံက လက်နက်နဲ့ လေ့ကျင့်မှုတွေ ထောက်ပံ့ပေးထားသော်လည်း တပ်ဖွဲ့ဝင်တွေကတော့ အီရတ်နိုင်ငံသားတွေပဲဖြစ်တယ်။ ဒီအဖွဲ့နဲ့ပတ်သက်ပြီး ဘာကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဖျက်သိမ်းပစ်ဖို့ တောင်းဆိုခဲ့တာလဲ ဆိုတာကို နားမလည်ဘူးလို့ အီရတ်ဝန်ကြီးချုပ်က ပြောပါတယ်။

၂၀၁၄ ခုနှစ်မှာ အိုင်အက်စ် စစ်သွေးကြွတွေက အီရတ်နိုင်ငံရဲ့ နေရာအစိတ်အပိုင်း တော်တော်များများကို သိမ်းပိုက်ပြီးတဲ့နောက် ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းခဲ့တာဖြစ်ပြီး အဲဒီအဖွဲ့ဟာ အီရတ်တပ်ဖွဲ့နဲ့ ပူးပေါင်းခဲ့ပါတယ်။ အိုင်အက်စ် အဖွဲ့တွေဟာ အီရတ်နိုင်ငံရဲ့ သုံးပုံလောက်ကို သိမ်းပိုက်ထားနိုင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုကလည်း အိုင်အက်စ်အဖွဲ့ဆီကနေ နယ်မြေတွေ ပြန်လည်သိမ်းယူနိုင်ဖို့အတွက် ဘီလီယံပေါင်းများစွာ အကုန်အကျခံကာ အီရတ်တပ်ဖွဲ့ဝင်တွေကို လေ့ကျင့်မှုပြုလုပ်ပေးခဲ့ပါတယ်။

ပြည်သူ့စစ်တပ်ဖွဲ့တွေဟာ အီရတ်မျိုးချစ်တွေသာဖြစ်ကြောင်း၊ သူတို့ဟာ တိုင်းပြည်ကိုကာကွယ်ဖို့အတွက် စွန့်လွှတ်အနစ်နာခံသူတွေဖြစ်တယ်လို့ အီရတ်



ဝန်ကြီးချုပ်က ပြောပါတယ်။ အီရတ်နိုင်ငံက ဘာလုပ်သင့်တယ်၊ ဘယ်လိုဆုံးဖြတ်သင့်တယ်ဆိုတာကို ဘယ်ဘက်ကမှ ကြားဝင်ဆုံးဖြတ်လို့မရဘူးလို့ ဆိုပါတယ်။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးနဲ့ တနင်္ဂနွေနေ့ကပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အခုအခါအီရတ်မှာ အိုင်အက်စ်တွေကို တိုက်ထုတ်နေတာလည်း အောင်မြင်ဖို့နီးကပ်နေပြီ။ ဒါကြောင့်မို့ အီရတ်တပ်ဖွဲ့ဝင်မဟုတ်တဲ့ ပြည်သူ့စစ်အဖွဲ့ဝင်တွေဟာ အိမ်ပြန်သင့်ပြီလို့ ဆိုပါတယ်။ အီရတ်မှာရောက်ရှိနေတဲ့ နိုင်ငံခြားသားတိုက်ခိုက်ရေးသမားတွေဟာ အိမ်ပြန်သင့်ပြီ၊ အိုင်အက်စ်တွေ သိမ်းပိုက်ခဲ့တဲ့ နယ်မြေတွေမှာ အခုအခါ အီရတ်နိုင်ငံသားတွေကိုယ်တိုင် ပြန်လည်ထိန်းချုပ်နိုင်ဖို့ ကြိုးစားရမယ့်အချိန်ရောက်ပြီလို့ ဆိုပါတယ်။

ဒါဟာ ဘာကိုဖော်ပြနေသလဲဆိုရင် အီရတ်နိုင်ငံအနေနဲ့ အီရန်နဲ့ပတ်သက်နေတာ မကြိုက်ဘူးဆိုတာ ပြလိုက်တာပါပဲ။ အမေရိကန်သမ္မတ ထရန့်က အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ နုတ်ထွက်မယ်လို့ ကြေညာမှုတွေ ပြုလုပ်ပြီးနောက် အီရန်နဲ့ ဆက်ဆံရေးတွေ တောက်လျှောက်တင်းမာခဲ့ရာမှ အခုအခါမှာလည်း အရှေ့အလယ်ပိုင်းဒေသတွင် အီရန်ကို အထီးကျန်နိုင်ငံဖြစ်စေဖို့ လုပ်ဆောင်မှုလို့လည်း ယူဆလို့ရပါတယ်။ အီရတ်ဝန်ကြီးချုပ်ကတော့ အမေရိကန်ရဲ့ ပြောဆိုမှုနဲ့ပတ်သက်ပြီး ဒါဟာ လက်ခံနိုင်စရာမရှိတဲ့စွပ်စွဲမှုတစ်ခုလို့ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

အမေရိကန်ကတော့ အီရတ်နိုင်ငံကို အီရန်နဲ့ ပတ်သက်ဆက်နွယ်မှုတွေ လျှော့ချဖို့အတွက် ဆွန်နီအာရပ်နိုင်ငံတွေနဲ့ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် တိုက်တွန်းခဲ့ပါတယ်။ အောက်တိုဘာ ၂၃ ရက် နံနက်အစောပိုင်းမှာတော့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟာ အာဖဂန်နစ္စတန်ကို နှစ်နာရီကြာ သွားရောက်ခဲ့ပါတယ်။ အာဖဂန်မှာရှိတဲ့ အမေရိကန် လေတပ်အခြေစိုက်စခန်းကို လျှို့ဝှက်စွာ သွားရောက်ခဲ့တာဖြစ်ပြီး အာဖဂန်က ထိပ်တန်းအရာရှိကြီးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကြေညာထားခြင်းမရှိဘဲ အီရတ်ကို လာရောက်ခဲ့ပါတယ်။ မစ္စတာ တေလာဆန် အနေနဲ့ အာဖဂန်ကို သူနိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီးနောက် ပထမဦးဆုံးအကြိမ်သွားရောက်ခြင်းပဲ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံအတွင်းမှာလည်း ရှစ်လကြာ ဆွေးနွေးမှုများအပြီး သမ္မတထရန့်ဟာ အာဖဂန်နစ္စတန်နဲ့ပတ်သက်ပြီး သူရဲ့မူဝါဒတွေကို သြဂုတ်လအတွင်းမှာပဲ ကြေညာခဲ့ပါတယ်။ အရင်တုန်းကတော့ စစ်အသုံးစရိတ်တွေများတဲ့အတွက် အာဖဂန်ကို နောက်ထပ်တပ်ဖွဲ့ဝင်တွေစေလွှတ်ခြင်း မပြုတော့ဖို့၊ တပ်ဖွဲ့ဝင်တွေရုပ်သိမ်းဖို့ ဆွေးနွေးခဲ့ကြပေမယ့် သမ္မတထရန့်ကတော့ တာလီဘန်တွေကို အပြတ်ရှင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တပ်မှူးတွေဟာ လိုအပ်တဲ့ တပ်ဖွဲ့ဝင်အရေအတွက်ကို ထပ်မံတောင်းခံမယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် တာလီဘန်နဲ့ အခြားသော သူပုန်တွေကို အထောက်အပံ့ပြုနေတယ်လို့ အမေရိကန်အရာရှိတွေက စွပ်စွဲထားတဲ့ ပါကစ္စတန်ကိုလည်း အာဖဂန်နိုင်ငံအရေးမှာ ပါဝင်ပတ်သက်ခြင်းမပြုဖို့ ဆောင်ရွက်သွားမယ်လို့လည်း ထရန့်က ကတိပြုထားပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ ပါကစ္စတန်နိုင်ငံကို သွားရောက်ဖို့လည်းရှိပြီး ပါကစ္စတန်ခေါင်းဆောင်တွေနဲ့လည်း ဆွေးနွေးသွားဖို့ ရှိပါတယ်။

လွန်ခဲ့တဲ့သီတင်းပတ်ကပဲ မစ္စတာတေလာဆန်ဟာ ပါကစ္စတန်ရဲ့ပြိုင်ဘက်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်ဖို့ တောင်းဆိုမှုတွေ ပြုလုပ်ထားပါတယ်။ အောက်တိုဘာ ၂၃ ရက်မှာတော့ မစ္စတာတေလာဆန်ဟာ နျူကလီးယားလက်နက်ပိုင်ဆိုင်ထားတဲ့ ပါကစ္စတန်ရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ပတ်သက်ပြီး စိုးရိမ်မှုရှိတယ်လို့ ပြောခဲ့ပါတယ်။

ပါကစ္စတန်ဟာ အကြမ်းဖက်အဖွဲ့အစည်းအတော်များများနဲ့ ရင်ဆိုင်နေရတော့ လက်ရှိ အခြေအနေကို ကောင်းကောင်း သဘောပေါက်သင့်တယ်လို့ဆိုပါတယ်။ အမေရိကန်နဲ့ ပိုမိုဆက်ဆံရေး ကောင်းမွန်ဖို့အတွက် ပါကစ္စတန်နိုင်ငံအတွင်းမှာရှိတဲ့ ပုန်းအောင်းခြေကုပ်ရယူနေတဲ့ အကြမ်းဖက်သမားတွေကို ရှင်းလင်းပစ်ဖို့လိုတယ်လို့လည်း ဆိုပါတယ်။ ပိုမို လုံခြုံပြီးတည်ငြိမ်မှုရှိတဲ့ ပါကစ္စတန်နိုင်ငံဖြစ်လာဖို့ အတူတကွ ဆောင်ရွက်လိုတယ်လို့လည်း ဆိုပါတယ်။ အမေရိကန်ဟာ တာလီဘန်၊ အယ်ကိုင်ဒါနဲ့ အခြားသော အကြမ်းဖက်သမားတွေကို တိုက်ထုတ်ပစ် ဖို့အတွက် ဒေါ်လာဘီလီယံနဲ့ချီပြီး သုံးစွဲခဲ့ပါတယ်။

အီရတ်နိုင်ငံနဲ့ ပတ်သက်လို့ကတော့ လတ်တလောဖြစ်ပေါ်နေတဲ့ ကာ့ဒ်လူမျိုးတွေရဲ့ လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီးတော့ အမေရိကန်က မထောက်ခံဘူး။ အခုအချိန်ဟာ အိုင်အက်စ်တွေကို စုစုစည်းစည်း တိုက်ထုတ်ရမယ့်အချိန်ပဲဖြစ် တယ်လို့ ပြောခဲ့ပါတယ်။ အီရတ်နဲ့ အာဖဂန်နိုင်ငံတို့ဟာ အမေရိကန်ရဲ့ အကြီးမားဆုံး စစ်မြေပြင်နှစ်ခုဖြစ်ပြီး ငွေအား၊ လူအားလည်း စိုက်ထုတ်ထားရတဲ့ ဒေသတွေလည်း ဖြစ်ပါတယ်။ လတ်တလောမှာ အီရတ်မှာတော့ အိုင်အက်စ်တွေပေါ်မှာ အနိုင်ရနေပြီး၊ အာဖဂန်မှာတော့ တာလီဘန်တွေကို နှိမ်နင်းဖို့လုပ်ဆောင်နေပါတယ်။ အီရတ်မှာ အိုင်အက်စ်တွေကို တိုက်ထုတ်တာ အောင်မြင်နေပေမယ့် ကာ့ဒ်ဒေသရဲ့ ခွဲထွက်ရေးပြဿနာကလည်း ရှိနေပါသေးတယ်။ ဒီအချိန်မှာပဲ အီရတ်ဟာ အမေရိကန်နဲ့ ဆက်ဆံရေးတင်းမာနေတဲ့ အီရန်နဲ့ ပိုမို နီးစပ်လာမှုကိုလည်း အမေရိကန်ဘက်က မလိုလားပါဘူး။ ဒီလိုမျိုးပြဿနာတွေနဲ့ အရေးကြီးနေတဲ့အချိန်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာအီရတ်နဲ့အာဖဂန်ကို အချိန်ကိုက်သွားရောက်ခဲ့တာပဲ ဖြစ်ပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ချစ်ကြည်ရေးအတွက် ပေါင်းကူးတံတား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ

**ဒေါက်တာလဲ့လဲ့အောင် (မျိုး-ယဉ်-နု)**

**ယနေ့ကမ္ဘာတစ်ဝန်းရှိ ၂၁ ရာစုဖြစ်စဉ်ကို လေ့လာကြည့်မည်ဆိုပါက ဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကွဲပြားခြားနားမှု၊ နိုင်ငံတစ်ခုချင်းအလိုက် အမျိုးသားအချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် သီးခြားလက္ခဏာဆောင်မှုများအား ထိပါးမခံလိုသည့် ရပ်တည်ချက်များဖြင့် ကမ္ဘာတွင် ဗဟိုချက်မများစွာရှိနေသည် ဟူသော(Multipolar World) ဖြစ်စဉ်များ အစပျိုးလျက်ရှိသလို ကဏ္ဍအသီးသီးတွင် ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံမှု (Globalization) ဖြစ်စဉ် ပေါ်ပေါက်လျက်ရှိသည်။**

ကမ္ဘာ့ပညာရှင်များက ၎င်းဖြစ်စဉ်များ၏အကျိုးဆက်အဖြစ် ယဉ်ကျေးမှုတစ်သားတည်းဖြစ်ခြင်း (Homogenization)၊ ယဉ်ကျေးမှု နှစ်ခြမ်းကွဲခြင်း (Polarization) နှင့် ယဉ်ကျေးမှု မျိုးကွဲခြင်းပေါင်းစပ်ခြင်း (Hybridization)တို့ဖြစ်လာနိုင်သည်ဟု သုံးသပ်ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ယင်းပြောင်းလဲမှုများကို တားဆီး၍မရပေ။ ရင်ဆိုင်ကြရမည်သာဖြစ်သည်။ ယင်းဖြစ်စဉ်များမှ မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများကိုရယူပြီး တစ်ဖက်တွင်လည်း မိမိတို့၏အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်၍ မိမိနိုင်ငံနှင့် လူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့်အညီ နိုင်ငံတကာရေးရာများကို မှန်ကန်စွာဆက်စပ်တွေးခေါ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့သည်သာ တစ်ခုတည်းသော ရွေးစရာလမ်းဖြစ်နေပါသည်။

နိုင်ငံတိုင်းတွင် သက်ဆိုင်ရာလူမျိုးအလိုက် အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာခဲ့ကြသော ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ရှိကြသည်ချည်း ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှု (National Culture)သည် ဒေသတစ်ခု၏ နှောင်ကြိုးမဲ့ဖွံ့ဖြိုးတိုးတက်မှု(Independent Development) အတွက် အလွန်အရေးပါသော အခြေခံအနှစ်သာရများဖြစ်ပါသည်။ အကြောင်းမှာ မိမိနိုင်ငံနှင့် လူမျိုးတို့၏ ယဉ်ကျေးမှုသမိုင်းအစဉ်အလာများကို သေချာကျနစွာ သိနားလည်ပါက အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းလိုသော အမျိုးသားရေးအားမာန်များ ပြည့်ဝလာပြီး နိုင်ငံနှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်စေလိုသော မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းလာစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံအသီးသီးသည် နိုင်ငံသားတိုင်း မိမိတို့၏ယဉ်ကျေးမှုကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှုန်းစံ (Norms)များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကာ တိုးတက်ပြန့်ပွားအောင် သမိုင်းစဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။

နိုင်ငံနှင့် လူမျိုးတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ယဉ်ကျေးမှု၏ ကြေးမုံပြင်ဖြစ်သော ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သည့် သက်ဆိုင်ရာနိုင်ငံများ၏ စာပေအနုပညာ (Literary Arts)၊ ပန်းဆယ်မျိုးအပါအဝင် ဗိသုကာအနုပညာ (Visual Arts)၊ ဂီတ၊ သဘင်ဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုအနုပညာ (Performing Arts) စသည့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာ၍ သုံးသပ်အကဲဖြတ်နိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း နှစ်ပေါင်းနှစ်ထောင်ကျော်သည့် ယဉ်ကျေးမှုအနုပညာသမိုင်းဆိုင်ရာ အတွေ့အကြုံသင်ခန်းစာများ ရှိပြီးဖြစ်ပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် ထွန်းကားခဲ့သော မြန်မာတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာကြည့်သောအခါ ခေတ်အဆက်ဆက် အနုပညာရှင်များသည် အခြားသော နိုင်ငံရေး၊ စီးပွားရေးစသော ပညာရှင်များနှင့် တစ်သားတည်း ပေါင်းစည်းမိရုံမျှမက တစ်ပြေးတည်း ဉာဏ်ရည်ဉာဏ်သွေးမြင့်ကြလျက် နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု မြင့်မားခိုင်မာလာစေရေးကို အနုပညာစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရပါသည်။ ၎င်းတို့ ဖန်တီးပေးခဲ့ကြသော အနုပညာရပ်အသီးသီးမှာလည်း အနုပညာလက်ရာအနေနှင့် အဆင့်မြင့်ရုံသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနိုင်ငံတကာဆက်ဆံရေး စသည့် အမျိုးသားယဉ်ကျေးမှုအစုစုကို နောင်လာနောက်သားများတိုင်အောင် သုံးသပ်စိတ်ဖြာ အတုယူနိုင်စေရန် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ပေးအပ်နိုင်ခဲ့ကြပါသည်။

ထိုသို့ ရှေးဘိုးဘွားတို့ပေးအပ်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ၏ သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ကြမည့် အနုပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ကို ၂၀၀၁ ခုနှစ်တွင်လည်းကောင်း တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ တက္ကသိုလ်၏ ဆောင်ပုဒ်မှာ "စိတ္တံ ဒန္တံ သုခါဝဟံ" (ယဉ်ကျေးအောင်ဆုံးမထားသော စိတ်သည် ချမ်းသာခြင်းကို ဆောင်၏) ဖြစ်သည်။ ဤတက္ကသိုလ်တွင် ပညာဆည်းပူးကြသူများ သည် မိမိနိုင်ငံနှင့် လူမျိုးတို့၏ ဓလေ့ထုံးစံများနှင့် မအပ်စပ်သော ယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရန်၊ နိုင်ငံချစ်စိတ်မျိုးချစ်စိတ် နှင့် အမျိုးသားယဉ်ကျေးမှု အစဉ်အလာများကို တန်ဖိုးထား ချစ်မြတ်နိုးလာစေရန်၊ နိုင်ငံနှင့် လူမျိုးကို ရှုထောင့်အမျိုးမျိုးမှ မြင်တတ်သုံးသပ်တတ်စေရန် သင်ကြားပေးနေသော စာပေဘာသာရပ်များနှင့် အနုပညာဘာသာရပ်များဖြစ်သော ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များအနက်မှ မိမိဝါသနာပါရာ အထူးပြုအနုပညာဘာသာရပ်တစ်ခုကို အဓိက ဘာသာရပ်အဖြစ် ရွေးချယ်ပြီး စာတွေ့လက်တွေ့ စနစ်တကျ လေ့လာသင်ယူကြရသည်။ ပို့ချသော သင်ရိုးများမှာလည်း သုတေသန ဦးတည်သော ပညာရပ်များ (Research Oriented Disciplines) ဖြစ်ကြပါသည်။ သတ်မှတ်သင်တန်းကာလများ ပြီးဆုံးပါက ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့် ဒီပလိုမာဘွဲ့တို့ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် အပ်နှင်းပါသည်။ ရှေ့လာမည့် နှစ်များတွင် တက္ကသိုလ်တစ်ခု၏ အသက်သွေးကြောဖြစ်သော သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် ယဉ်ကျေးမှုအနုပညာဆိုင်ရာ မဟာဝိဇ္ဇာကျမ်းပြုစုနိုင်သောလူ့စွမ်းအားအရင်းအမြစ်များအား လေ့ကျင့်ပျိုးထောင် မွေးထုတ် သွားနိုင်ရန် စီမံချက်များ ချမှတ်ရေးဆွဲလျက်ရှိပါသည်။

စတင်ဖွင့်လှစ်ချိန်မှ ယခုပညာသင်နှစ်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဘွဲ့ရမောင်မယ် ၂၁၁၈ ဦးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဘွဲ့ရမောင်မယ် ၉၉၉ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ တက္ကသိုလ်နှစ်ခုမှ ဘွဲ့ရမောင်မယ်တို့သည် တက္ကသိုလ်၊ ကောလိပ်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ သတင်းနှင့် မီဒီယာလုပ်ငန်းများ၊ အနုပညာဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ အထူးသဖြင့် အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ရေးအတွက် မျိုးဆက်သစ်လူငယ်ရတနာလေးများ စုဝေးတည်ရှိရာ အခြေခံပညာကျောင်းများ၏ ဖွံ့ဖြိုးရေးအချိန်များတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအနုပညာရပ်များနှင့် ဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှုအနုပညာရပ်များကို အနှစ်သာရပြည့်ဝစွာဖြင့် ယခုထက်ပိုမို၍ ထိရောက်စွာ သင်ကြားပို့ချနိုင်ရေးသည်လည်း အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ယင်းအနုပညာရပ်များမှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ဒေသတွင်းနိုင်ငံများ၏ အမျိုးသားရေးစရိုက်လက္ခဏာများအား ပိုမိုသိနားလည်ကာ အပြန်အလှန်လေးစားချစ်ခင်လာတတ်စေရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။

**အာဆီယံ လူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံတွင်ပါဝင်သည့် မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သော "အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ယဉ်ကျေးမှု၊ သမိုင်း၊ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးသော လူ့အဖွဲ့အစည်းများအား အပြန်အလှန် ပိုမိုနက်နဲစွာ သိရှိနားလည်နိုင်စေရန်နှင့် မတူကွဲပြားမှုများကို တစ်စုတစ်စည်းတည်း ပေါင်းစည်းညီညွတ်ရေး စိတ်ဓာတ်များ တည်ဆောက်ရေး"အတွက်လည်း ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်မှုများ တိုးမြင့်လာသည်နှင့်အမျှ နိုင်ငံများအကြား ချစ်ကြည်ရေး အဓွန့်ရှည်တည်မြဲလာမည်**

ထိုမျှသာမက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအနေနှင့် အာဆီယံတက္ကသိုလ်များ ကွန်ရက် (ASEAN University Network- AUN)၏

(၁) အာဆီယံတက္ကသိုလ်များအကြား တည်ရှိပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်အား တိုးမြှင့်အားဖြည့်ရန်
(၂) အာဆီယံမှ သတ်မှတ်ထားသည့် ဦးစားပေးကဏ္ဍများတွင် ပူးပေါင်းလေ့လာသင်ယူမှု၊ ပူးပေါင်းသုတေသနပြုမှုနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအား မြှင့်တင်ရန်
(၃) အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသားကျောင်းသူများ၊ ပညာရှင်များနှင့် သုတေသီများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်သဟဇာတဖြစ်မှုအား မြှင့်တင်ရန်
(၄) အာဆီယံဒေသတွင်း အဆင့်မြင့်ပညာရေးတွင် မူဝါဒရေးရာအခြေပြ အဖွဲ့အစည်းအဖြစ် ဝန်ဆောင်မှုပြုသွားရန်

ဟူသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် ဒေသတွင်းနိုင်ငံများအကြား မိမိတို့တက္ကသိုလ်နှင့် သက်ဆိုင်သည့် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်များအရ ပြည်ပနိုင်ငံများသို့ ပညာသင်များစေလွှတ်ခြင်း၊ ပြည်ပသင်တန်းသားများအား လက်ခံသင်ကြားပေးခြင်း၊ လေ့လာရေးခရီးများ အပြန်အလှန်သွားရောက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် အာဆီယံ လူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံတွင်ပါဝင်သည့် မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သော "အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ယဉ်ကျေးမှု၊ သမိုင်း၊ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးသော လူ့အဖွဲ့အစည်းများအား အပြန်အလှန် ပိုမိုနက်နဲစွာ သိရှိနားလည်နိုင်စေရန်နှင့် မတူကွဲပြားမှုများကို တစ်စုတစ်စည်းတည်း ပေါင်းစည်းညီညွတ်ရေး စိတ်ဓာတ်များ တည်ဆောက်ရေး"အတွက်လည်း ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်မှု များ တိုးမြှင့်လာသည်နှင့်အမျှ နိုင်ငံများအကြား ချစ်ကြည်ရေး အဓွန့်ရှည်တည်မြဲလာမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဟု ဆိုအပ်သော အနုသုခုမပညာရပ်များသည် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုးတို့၏ လောက၊ ဓမ္မ၊ ရာဇ စသည့်အကြောင်းအရာတို့ အပေါ်၌ အခြေခံကာ ပေါ်ထွန်းလာသော အနုပညာရပ်များဖြစ်ပါသည်။ ယင်းအနုပညာရပ်များကို လေ့လာဖလှယ်ခြင်းအားဖြင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား စိတ်နေသဘောထားအမြင်တို့ကို သိရှိနားလည်ပြီး တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုများ ပိုမိုတည်ဆောက်လာနိုင်ကာ အပြန်အလှန်လေးစားမှုများနှင့် ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါသည်။ ၎င်းမှတစ်ဆင့် နိုင်ငံအသီးသီး၏ အတွေ့အကြုံများကို အနုပညာရပ်များဖြင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းဖြင့် အာရှ၏ ကိုယ်ပိုင်သွင်ပြင်လက္ခဏာများကိုလည်း ဖော်ထုတ်လျက်ရှိပါသည်။

သို့ဖြစ်၍ ကွန်ရက်ဖြာ ဆက်သွယ်တိုးတက်နေသော ယနေ့ခေတ်ကမ္ဘာကြီးတွင် နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ လူ့စွမ်းအားအရင်းအမြစ်များ၏ ယဉ်ကျေးမှုဆိုင်ရာ အနုပညာစွမ်းဆောင်မှုများသည် အနာဂတ်ကာလ လူ့အဖွဲ့အစည်း၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ကွယ်စေရေးအတွက် ရှေ့ပြေးပေါင်းကူးတံတားများ သဖွယ်ဖြစ်ပါသည်။ ထိုပေါင်းကူးတံတားများမှတစ်ဆင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ဒေသတွင်းနိုင်ငံများရှိ နိုင်ငံသူ နိုင်ငံသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို သားစဉ်မြေးဆက်တိုင်အောင် ပိုမိုတိုးပွားစေမည်ဖြစ်ပါကြောင်း တင်ပြရင်း အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ မိဘပြည်သူများ၏ လမ်းညွှန်ပူးပေါင်းပါဝင်မှုများနှင့် တက္ကသိုလ်တွင် လာရောက် ပညာသင်ယူကြမည့် မျိုးဆက်သစ်မောင်မယ်များအား ကြိုဆိုလိုက်ရပါသည်။

## ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်ပွဲကျင်းပ

**မင်းကင်း အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ဇင်ကလဲကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အအုံသစ်ဖွင့်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးသန်းဇေနှင့် မြို့နယ်ပညာရေးမှူး အဆင့်(၁) ဦးကျန်ထိုက်မောင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ဆက်လက်၍ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်ပွဲကို ကျောင်းရှေ့၌ ကျင်းပပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးစန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူးက ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးဝင်းငွေးက ကျောင်း၏ သမိုင်းအကျဉ်းကိုဖတ်ကြားသည်။ ထို့နောက် အလှူရှင် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား ဆရာကြီးဦးသောင်းဖေက ကျောင်းအုပ်ဆရာကြီးထံသို့ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၁၂၆ ဒါဇင်ကို ပေးအပ်လှူဒါန်းခဲ့သည်။

**ချင်းတွင်းသား**



## တံတားအက်ကွဲနိမ့်ကျသဖြင့် အချိန်မီ ပြန်လည်ပြုပြင်

**မအူပင် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စုအတွင်း မအူပင်-ဆားမလောက် ကားလမ်းပေါ်ရှိ အင်္ဂပူမြောင်းပေါ်တွင် ဆောက်လုပ်ထားသော အလျား ၁၅ ပေ၊ အနံ ၁၈ ပေရှိ ကွန်ကရစ်တံတား (တံတားအမှတ် ၁/၇)သည် အောက်တိုဘာ ၂၂ ရက်က ကြမ်းခင်း အက်ကွဲနိမ့်ကျသွားခဲ့သဖြင့် တာဝန်ရှိသူများက အချိန်မီ ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

လယ်ကိုင်းရဲကင်းမှူး ဒုရဲအုပ်အောင်ဆန်းလင်းနှင့်အဖွဲ့များ၊ မအူပင်ခရိုင် အမှတ် (၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တံတားနိမ့်ကျသည့်နေရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးခဲ့ပြီး မအူပင်ခရိုင်နှင့် မြို့နယ်လမ်းဦးစီးဌာနများနှင့် တံတားအထူးအဖွဲ့(၁၅)မှ တာဝန်ရှိသူများက တံတားကိုအမြန်ဆုံးပြုပြင်ခဲ့ရာ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ ခရီးသွားယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ(အပိုင်း-၄)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**(ယခင်တစ်ပတ်မှအဆက်)**

မီးတောင်တို့၏အကြောင်းကို အထူးပြုလေ့လာ သုတေသနလုပ်နိုင်ခဲ့သည့် ကာလနောက်ပိုင်း၌ ဖြစ်ပွားခဲ့သော မီးတောင်ပေါက်ကွဲမှု များစွာတို့အနက် မှတ်မှတ်သားသားဖြစ်ခဲ့ရသော ဖြစ်ရပ်တချို့သည် မီးတောင်ဝန်းကျင်ဒေသ အနီးတစ်ဝိုက်တွင် နေထိုင်သူများအတွက် ဆင်ခြင်သတိပြုစရာ၊ ကြိုတင်ရှောင်ရှားစရာ သတိပေးချက်များ ဖြစ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်အတွင်း၌ တည်ရှိသော အန်ကာရေမြို့အနီးရှိ မီးတောင်ကြီးပေါက်ကွဲခဲ့ရာ မြေပြင်အထက် ၁၁ ကီလိုမီတာအမြင့်အထိ မီးခိုးနှင့် ပြာမှုန်များကို မှုတ်ထုတ်ခဲ့သည်။ မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများကို ကြိုတင်ရွှေ့ပြောင်းပေးနိုင်ခဲ့သည့်အတွက် လူအသေအပျောက်မရှိခဲ့ပေ။

အလားတူပင် ၁၉၉၁ ခုနှစ်ကလည်း ဖိလစ်ပိုင်နိုင်ငံရှိ ကမ္ဘာ့နာမည်ကျော် ပင်နာတူဘိုမီးတောင်ကြီး ပြင်းထန်စွာပေါက်ကွဲခဲ့ရာ လူပေါင်း ၈၀၀ ကျော် သေဆုံးခဲ့ရသည်။ မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများကို ကြိုတင်ရွှေ့ပြောင်းပေးခဲ့ပါလျက် မျှော်လင့်ထားသည်ထက် ပို၍ပြင်းထန်စွာ ပေါက်ကွဲခဲ့သည့်အတွက် လူပေါင်းများစွာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

၁၉၉၅ ခုနှစ်ကလည်း ကာရစ်ဘီယံပင်လယ်အတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်တွင် မီးတောင်ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ အဏုမြူဗုံးပေါက်ကွဲသကဲ့သို့ မှိုပွင့်ပုံသဏ္ဌာန် ရောမပြာမှုန်တိမ်တိုက်ကြီး ဖြစ်ပေါ်လာပြီး မြေပြင်အထက် ပေ ၂၀၀၀ ခန့်အထိ မြင့်တက်သွားခဲ့သည်။ မီးတောင်ပေါက်ကွဲမည့်အရေးကို ကြိုတင်သိရှိခဲ့သောကြောင့် မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများကို ဘေးကင်းရာသို့ စနစ်တကျ ရွှေ့ပြောင်းပေးနိုင်ခဲ့သောကြောင့် လူအသေအပျောက် မရှိခဲ့ပေ။

ကမ္ဘာ့မီးတောင်ပေါက်ကွဲမှု သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးသော ဖြစ်ရပ်ကြီးတစ်ခုမှာ ၁၈၈၃ ခုနှစ်က ဖြစ်ပွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ကရာကာတိုကျွန်းပေါ်ရှိ ရောမမီးတောင်ကြီးသည် အင်အားပြင်းထန်စွာဖြင့် ပေါက်ကွဲခဲ့သောကြောင့် ပေ ၁၂၀ ကျော်မြင့်မားသော ပင်လယ်ဒီရေလှိုင်းများဖြစ်ပေါ်ကာ ဂျာဗားကျွန်းနှင့် ဆူမားတြားကျွန်းများအနီးရှိ ကျွန်းငယ်များနှင့် ရွာပေါင်းများစွာတို့ကို ဒီရေထုကြီးဖုံးလွှမ်းသွားမှုကြောင့် လူပေါင်း ၃၆၀၀၀ နီးပါး သေဆုံးခဲ့ကြရသည်။

ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ ၏ ပေါက်ကွဲမှုနီးပါးတမျှ ပြင်းထန်သော အဆိုပါ မီးတောင်ကြီး၏ ပေါက်ကွဲမှုသည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသော တုန်ခါမြည်ဟည်းမှုနှင့် ဆူညံသံကြီးများကို ထွက်ပေါ်စေခဲ့ရာ ကီလိုမီတာ ၅၀၀၀ နီးပါးမျှကွာဝေးသော သြစတြေးလျကုန်းတွင်းပိုင်း ဒေသများကပါ ပေါက်ကွဲသံကြီးကို ကြားခဲ့ကြရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် လူမှုအကျိုးစီးပွားကို သိသိသာသာ ထိခိုက်ပျက်စီးစေခဲ့သော သာဓကမျိုးလည်း ရှိခဲ့ဖူးသည်။ ၁၈၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်တစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၂၀၀၀ ကျော် သေဆုံးခဲ့သည်။ မီးတောင်ပေါက်ကွဲရာ ဒေသတစ်ဝိုက်တွင် အခိုးအငွေ့များ၊ ဖုန်မှုန့်များ၊ ပြာမှုန်များသည် ထုထည်ပမာဏကြီးမားစွာဖြင့် လေထုထဲသို့ပျံ့လွင့်သွားကာ ရက်အနည်းငယ်မျှ အမှောင်ဖုံးသွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြီး၏ အကျိုးဆက်အဖြစ် ငတ်မွတ်ခေါင်းပါးမှုကိုပါ ကြုံတွေ့ခဲ့ကြရပြီး ထောင်ပေါင်းများစွာသော ဒေသခံတို့ ထပ်မံသေဆုံးခဲ့ကြရသည်။

ကမ္ဘာ့အထင်ကရ မီးတောင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သော မီးတောင်ကြီးတစ်လုံးမှာ မြန်မာနိုင်ငံအတွင်း၌ တည်ရှိနေသည်။ ထိုမီးတောင်ကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အဆက်မပြတ် ပေါက်ကွဲခဲ့သော်လည်း ယနေ့အချိန်တွင်မူ ပေါက်ကွဲခြင်းမရှိတော့သော မီးတောင်ဟောင်းကြီး တစ်ခုအဖြစ် မြန်မာ့မြေပေါ်တွင် ငွားငွားစွင့်စွင့် ရှိနေဆဲပင်ဖြစ်သည်။ ထိုမီးတောင်ဟောင်းကြီးသည်ကား မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိနေသည့် ပုပ္ပားတောင်ကြီးပင်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် အထင်ကရရှိခဲ့သော၊ ယနေ့ထိတိုင်လည်း အထင်ကရရှိနေဆဲပင်ဖြစ်သော ပုပ္ပားတောင်ကြီးသည် ရှေးမြန်မာလူမျိုးတို့၏ လက်ထက်မှစ၍ ယနေ့မြန်မာတို့၏ လက်ထက်အထိတိုင် ရိုးရာယုံကြည်မှုများနှင့် ပတ်သက်နေသော အထင်ကရနေရာတစ်ခုလည်း ဖြစ်သည်။

အတိတ်ကာလက မီးတောင်ကြီးဖြစ်ခဲ့သော ပုပ္ပားတောင်သည် မျက်မှောက်ကာလ၌မူ ပေါက်ကွဲနိုင်ခြင်း လုံးဝမရှိတော့သည့် မီးတောင်သေတစ်ခုအဖြစ်သာ တည်ရှိနေတော့သည်။ သိပ္ပံသုတေသီတို့၏ စူးစမ်းရှာဖွေ သုတေသနပြုချက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း ၁၅ သန်းဝန်းကျင်က ပုပ္ပားတောင်ကြီးသည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲပွင့်အန်ခဲ့သော မီးတောင်ကြီးတစ်ခုဖြစ်ခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။ ထိုစဉ်ကာလများက ပုပ္ပားတောင်ကြီးသည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲမှုများဖြစ်ခဲ့ပြီး ချော်ရည်ချော်မြှုပ်၊ မီးခိုးနှင့်ပြာမှုန်များကို ပမာဏများပြားစွာ မှုတ်ထုတ်ခဲ့သည်။

ကမ္ဘာပေါ်ရှိ မိုင် ၆၀၀ နှင့်အထက် ရှည်လျားသည့် မြစ်ကြီး ၁၇၇ စင်းအနက် တစ်စင်းအပါအဝင်လည်းဖြစ်၊ မြန်မာ့အသက်သွေးကြောလည်းဖြစ်သော ဧရာဝတီမြစ်ကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၅၀ ကျော်ကတည်းက မေခနှင့်မလိခမြစ်နှစ်မြွာပေါင်းဆုံရာ မြစ်ဆုံဒေသမှအစပြုကာ တောင်စူးစူးသို့ စီးဆင်းပြီး မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဝင်နေခဲ့ရာမှ၊ လွန်ခဲ့သော နှစ်ပေါင်း ၁၀ သန်းကျော်က ပုပ္ပားမီးတောင်ကြီးပေါက်ကွဲမှုကြောင့် မြေလွှာများမြင့်တက်ကာ မြစ်ရေစီးလမ်းကြောင်း ပြောင်းလဲသွားခဲ့သည်။

ထိုအချိန်မှစ၍ ဧရာဝတီမြစ်သည် မန္တလေးမြို့အနီးတွင် အနောက်ဘက်သို့ ချိုးကွေ့စီးဆင်းသွားပြီး မြန်မာနိုင်ငံအောက်ပိုင်း ဟသ်ာတမြို့အနီးတွင် မြစ်ဝကျွန်းပေါ်ဒေသအဖြစ် မြစ်မြွာများကွဲထွက်ကာ ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်သွားခဲ့သည်။ ဧရာဝတီ၏ မူလမြစ်အောက်ပိုင်းမှာ စစ်တောင်းမြစ်အဖြစ် ကျန်ရှိနေခဲ့သည်။ ဤသည်ကိုထောက်ရှုခြင်းအားဖြင့် ပုပ္ပားတောင်ကြီးသည် တစ်ချိန်က မီးတောင်ရှင်(Active Volcano) တစ်ခုဖြစ်ခဲ့ကြောင်း သိရှိနိုင်သည်။

ထိုမှတစ်ဖန် လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းခန့်က ပုပ္ပားတောင်ကြီးသည် နှစ်ကာလကြာရှည်စွာ ငြိမ်သက်နေခဲ့သော မီးတောင်ငြိမ် (Dormant Volcano) အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ပုပ္ပားတောင်ကြီးသည် ပေါက်ကွဲမှုမရှိဘဲ ငြိမ်သက်နေခဲ့သည့်တိုင် လုံးဝပေါက်ကွဲနိုင်ခြင်း မရှိတော့သော အခြေအနေမျိုးအထိ



**မြန်မာနိုင်ငံရှိ အထင်ကရ မီးငြိမ်းတောင်တစ်ခုဖြစ်သော ပုပ္ပားတောင်ကလပ်**
**ဓာတ်ပုံ-** Ralf-André Lettau(**ဝီကီပီးဒီးယား**)

ရောက်ရှိမလာခဲ့သေးပေ။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ခန့်မှစ၍ ပုပ္ပားမီးတောင်ကြီး၏ အတွင်းပိုင်းတွင် ချော်ရည်ပူ ပမာဏမှာ သိသာစွာ လျော့နည်းသွားခဲ့သလို...ချော်ရည်ပူမျက်နှာပြင်၏ အပေါ်နှင့်ဘေးပတ်လည်ရှိ ပိုင်ရိုကလပ်စတစ် သတ္တုကျောက်စိုင်ကြီးများကလည်း ကွာကျလာနိုင်သည့်အခြေအနေ မရှိနိုင်တော့သည့် အတွက်၊ ထိုစဉ်ကာလမှစ၍ ပုပ္ပားတောင်ကြီးသည် မီးတောင်သေ (Extinct Volcano) တစ်ခုအဖြစ်သို့ ပြောင်းလဲ ရောက်ရှိသွားခဲ့သည်။

ကမ္ဘာ့မြေမျက်နှာပြင်ပေါ်၌ မီးတောင်ရှင်၊ မီးတောင်ငြိမ်နှင့် မီးတောင်သေများ အများအပြား တည်ရှိနေသလို...ကမ္ဘာအရပ်ရပ်ရှိ သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏ အောက်တွင်လည်း အချိန်မရွေးပေါက်ကွဲမှုဖြစ်နိုင်သော ရေအောက်မီးတောင်များ အများအပြားရှိနေကြသည်ကို ဘူမိသိပ္ပံပညာရှင်တို့က ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ခေတ်သစ်သိပ္ပံပညာရပ်များကို အသုံးချခြင်းအားဖြင့် မြေပြင်ပေါ်ရှိ မီးတောင်များ၏ ပေါက်ကွဲနိုင်ခြေများကို ကြိုတင်သိရှိနိုင်ကြပြီ ဖြစ်သော်လည်း၊ သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်အောက်ရှိ ရှုံ့မီးတောင်များ၏ လှုပ်ရှားထကြွ ပေါက်ကွဲမည့်အချိန်ကိုမူ ကြိုတင် မခန့်မှန်းနိုင်ကြသေးပေ။

ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်၌ ရှုံ့မီးတောင်များအပါအဝင် ရေအောက် ရောမမီးတောင်ကြီးများကလည်း အများအပြား ငုပ်လျှိုးတည်ရှိနေကြသည်။ အဆိုပါ ရေအောက်မီးတောင်ကြီးများသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကတည်းကပင် ပေါက်ကွဲပွင့်အန်ခဲ့ကြသည်။ လက်ရှိတွင်လည်း ပေါက်ကွဲနေဆဲ၊ ပွင့်အန်နေဆဲဖြစ်ကာ၊ နောင်လာမည့် အနာဂတ်ကာလများ၌လည်း စဉ်ဆက်မပြတ် ပေါက်ကွဲ ပွင့်အန်နေကြဦးမည်သာ ဖြစ်သည်။

သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်အောက်ရှိ အချို့သောမီးတောင်ကြီးများမှာ ကမ္ဘာ့မြေပြင်ပေါ်ရှိ ရောမ မီးတောင်ကြီးများထက်ပင် အရွယ်အစား ပို၍ကြီးမားကြသလို... ပေါက်ကွဲမှုအားကလည်း မြေပေါ် မီးတောင်များထက် အဆများစွာ ကြီးမားပြင်းထန်တတ်ကြသည်။ ကမ္ဘာ့မြေပြင်ပေါ်ရှိ မီးတောင်များ ပေါက်ကွဲ ပွင့်အန်ကြသည့်အခါ ဖိအားအနည်းငယ်မျှသာရှိသော လေထုကို ဖြတ်သန်းရသည့်အတွက် ကျောက်တုံးများ၊ ချော်တုံးချော်ခဲများ၊ အခိုးအငွေ့များ၊ ချော်ရည်များကို လွတ်လပ်စွာ မှုတ်ထုတ်ခွင့်ရရှိကြသည်။ ရေပြင်အောက်ရှိမီးတောင်များ ပေါက်ကွဲပွင့်အန်ကြသည့် အခါ၌မူကား ထုထည်ပမာဏ ကြီးမားလှသော ရောမရေထုကြီး၏ဖိအားကို ဆန့်ကျင်ထိုးဖောက်ကြရသည့်အတွက် အင်အားရှိသလောက် အစွမ်းပြခွင့်မရရှိကြချေ။

သို့ရာတွင် ရေအောက်မီးတောင်များသည် ထိုမျှလောက်သော ရောမရေထုကြီး၏ ဖိအားကို ဇီလာဆန့်ကျင်ပြီး ချော်တုံးချော်ခဲနှင့် ချော်ရည်များ၊ ကျောက်တုံးများ၊ ပြာမှုန်နှင့်အခိုးအငွေ့များကို ပမာဏများပြားစွာ မှုတ်ထုတ်ခဲ့ကြသည့်အတွက် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်များပေါ်၌ ကျွန်းများကို ဖြစ်တည်စေခဲ့ကြသည်။ ဤသို့အားဖြင့် ပစိဖိတ်သမုဒ္ဒရာ ရေပြင်ပေါ်၌ ဟာဝိုင်ယီကျွန်းစုများနှင့် ကာရိုလိုင်းကျွန်းစုများ၊ အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်ပေါ်၌ ဘာမြူဒါကျွန်း၊ အိန္ဒိယသမုဒ္ဒရာ ရေပြင်ပေါ်၌ ခရစ္စမတ်ကျွန်းစသည်တို့ကို ပေါ်ပေါက်လာစေခဲ့သည်။

ခေတ်သစ်သိပ္ပံပညာရပ်တို့ဖြင့် လေ့လာတိုင်းတာချက်များအရ ရေအောက်၌ ငုပ်လျှိုးနေကြသော မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်မှုကြောင့် ဖြစ်တည်လာရသောကျွန်းများ၏ အခြေချရာ သမုဒ္ဒရာရေပြင်အောက် ချိုင့်ဝှမ်းကြီးများသည် ကမ္ဘာ့တိုက်ကြီးများအခြေချရာ ကုန်းမြေထုကြီးများကဲ့သို့ ထူထဲခြင်းမရှိဘဲ အများဆုံး ကီလိုမီတာ ၈၀ ခန့်အထိသာ ရှိနေကြကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ကမ္ဘာ့ကုန်းမြေထု အစိုင်အခဲကြီးနှင့်နှိုင်းယှဉ်လျှင် အလွန်ပင်ပါးလွှာလှသော သမုဒ္ဒရာရေပြင်အောက် ချိုင့်ဝှမ်းကြီးများကို ထိုးဖောက်ကာ ပွင့်အန်ခဲ့ကြရသည့် ရေအောက်မီးတောင်ကြီးများသည် ရေထုကြီး၏ ဖိအားကြောင့် လွတ်လွတ်လပ်လပ် ပေါက်ကွဲပွင့်အန်ခွင့်ကို မရရှိသောကြောင့် အလွန်ပူပြင်းလှသည့် ချော်ရည်ချော်မြှုပ်များ၊ ကျောက်တုံးနှင့်ချော်ခဲများ၊ ပြာမှုန်များသည် ပထမအဆင့်အနေဖြင့် ရေပြင်အောက်၌ တောင်ကုန်းငယ်ကလေးများအဖြစ်သို့ ရောက်ရှိလာကြသည်။

နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ရေအောက်မီးတောင်ကြီးများ ထပ်မံပေါက်ကွဲ ပွင့်အန်ကြသည့်အခါ ကနဦးဖြစ်တည်ခဲ့သော ရေအောက်တောင်ကုန်းငယ်များပေါ်၌ အေးခဲသွားသော ချော်တုံးနှင့် ကျောက်တုံးများက အလွှာထပ်ပိုးကာ တောင်ကုန်းကြီးများကို ဖြစ်လာစေသည်။ ဤသို့အားဖြင့် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်၌ လူမသိသူမသိဖြင့် ပေါက်ကွဲခဲ့ကြသော ငုပ်လျှိုးမီးတောင်များကြောင့် နှစ်ကာလ ကြာရှည်လာသည့်အခါ လူသိထင်ရှားဖြစ်သော ကျွန်းကြီးကျွန်းငယ်များကို ပေါ်ပေါက်လာစေတော့သည်။

ရေအောက်မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်သည့်အခါ အလွန်ပါးလွှာသော သမုဒ္ဒရာရေအောက် ချိုင့်ဝှမ်းမြေသားထုကို ထိုးဖောက်ကြပြီးမှသာ ရေပေါ်၌ ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့ကို ဖြစ်တည်လာစေသည့်အားလျော်စွာ အဆိုပါမီးတောင်ကျွန်းများ၏ အောက်ခံဖြစ်သော သမုဒ္ဒရာချိုင့်ဝှမ်းများသည် အက်ကြောင်းများဖြင့် ပြည့်နှက်လျက်ရှိနေကြသည်။ ထို့ကြောင့်ပင် ဆူမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြား ဆန်းဒါးရေလက်ကြားတွင် ရေအောက်မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်မှုကြောင့် ဖြစ်တည်လာခဲ့သော ကရာကာတိုကျွန်းကြီးသည် ၁၈၈၃ ခုနှစ် ဩဂုတ် ၂၇ ရက်က ဟိုက်ဒရိုဂျင်ဗုံး အလုံး ၃၀ အားနှင့် ညီမျှသောအင်အားဖြင့် ပြင်းထန်စွာပေါက်ကွဲခဲ့ရာ ရေမျက်နှာပြင်အထက် ပေပေါင်း ၁၄၀၀ မြင့်မားသည့် အဆိုပါကျွန်းကြီး၏ အောက်ခံမြေလွှာသည် မူလကတည်းက အက်ကြောင်းများဖြင့် ပြည့်နှက်နေခဲ့သဖြင့် ကျွန်းတစ်ခုလုံး တစ်စစီကြေမွသွားကာ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားရခြင်း ဖြစ်သည်။

သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်များပေါ်၌ ကျွန်းများအဖြစ် ပေါ်ထွက်လာခြင်း မရှိသေးမီ ရေအောက်၌ နှစ်ကာလအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ပေါက်ကွဲလျက်ရှိသော ရေအောက်မီးတောင် ပွင့်အန်မှုများကို သာမန်အားဖြင့် လူအများက သတိမပြုမိခဲ့ကြပေ။ သိပ္ပံပညာ တိုးတက်ထွန်းကားနေသော မျက်မှောက်ကာလ၌မူ ရေအောက်မီးတောင်များ၏တည်နေရာ (လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်အညွှန်းများ)၊ မီးတောင် အရေအတွက်၊ ပေါက်ကွဲနိုင်သည့် ခန့်မှန်းကာလ၊ ပေါက်ကွဲအားနှင့် ငြိမ်သက်နေမည့် ကာလအပိုင်းအခြား စသည်တို့ကို ရှာဖွေဖော်ထုတ်နိုင်ကြပြီ ဖြစ်သည်။

ဤကဲ့သို့ သိပ္ပံနည်းကျ ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အတိတ်ကာလက ကြိုးပမ်းမှုများထဲတွင် သိပ္ပံပညာလောကအတွက် ဝမ်းနည်းဖွယ်ရာအဖြစ်ဆိုးတချို့ကိုပင် ကြုံခဲ့ကြရဖူးသည်။ ဂျပန်နိုင်ငံကမ်းလွန်ပင်လယ် မီယောဂျင်းရှောရေပြင်ပေါ်၌ ရေအောက်မီးတောင်များ၏ သဘောသဘာဝကို အသေးစိတ်လေ့လာ မှတ်တမ်းတင်နိုင်ရန်အတွက် သိပ္ပံပညာရှင်များကို တင်ဆောင်ခုတ်မောင်းနေသော သိပ္ပံစူးစမ်းရေး သင်္ဘောတစ်စင်းသည် စူးစမ်းလေ့လာတိုင်းတာမှုများ ပြုလုပ်နေစဉ်၌ အောက်တည့်တည့်ရှိ ရေအောက်မီးတောင်တစ်လုံး မမျှော်လင့်ဘဲ ပေါက်ကွဲခဲ့သည့်အတွက် သင်္ဘောနှင့်တကွ သိပ္ပံပညာရှင်များ အားလုံးတို့ကို ဆုံးရှုံးခဲ့ရသည်။

တစ်ခါတစ်ရံ၌မူ စူးစမ်းရှာဖွေမှုခရီးစဉ် မဟုတ်ပါဘဲနှင့် သိပ္ပံလောကအတွက် အလွန်တန်ဖိုးရှိသော ရှာဖွေတွေ့ရှိမှုများကိုလည်း ကြုံကြရလေ့ရှိသည်။ သာဓကအားဖြင့် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်းက အပျော်ခရီးနှင်နေသော သင်္ဘောတစ်စီးမှ ခရီးသည်နှင့်သင်္ဘောသားများက အတ္တလန္တိတ်သမုဒ္ဒရာ အတွင်းရှိ အဇိုးကျွန်းစုများ(Azores)ထဲတွင် ယခင်ကမတွေ့ဖူးသော ကျွန်းတစ်ကျွန်းကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြရာ ကျွန်းပတ်ပတ်လည်၌ လှည့်လည်ခုတ်မောင်းရင်း အဆိုပါကျွန်း၏ပုံစံနှင့် အနေအထားများကို ရုပ်ရှင်ဖလင်ဖြင့် မှတ်တမ်းတင် ရိုက်ကူးခဲ့ကြသည်။ အဆိုပါ မှတ်တမ်းရုပ်ရှင်ကို ပြန်လည်စစ်ဆေး ကြည့်ရှုမိခဲ့ကြရာမှ ထိုကျွန်းသည် ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ရေပြင်ပေါ်သို့ ထိုးထွက်လာသော ကျွန်းသစ်တစ်ကျွန်းဖြစ်ကြောင်း နောက်ပိုင်း၌ ဖော်ထုတ်သိရှိခဲ့ကြသည်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

# ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုပေါင်းစုံလူငယ်များ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းမိတ်ဆက်



**ဘားအံ အောက်တိုဘာ ၂၅**
ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှု အခန်းကဏ္ဍတွင် လူငယ်များ တစ်ထောင့်တစ်နေရာမှ ပါဝင်လာတတ်စေရန်အတွက် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုပေါင်းစုံလူငယ်များ ပူပေါင်းဆောင်ရွက်ခြင်းစီမံကိန်းဆိုင်ရာ မိတ်ဆက်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ Hotel Gabbana အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

"လူငယ်များအနေနဲ့ ကိုယ့်ရဲ့ဘာသာတရားကို တန်ဖိုးထားပြီး ကိုယ်ကိုယ်တိုင် ငြိမ်းချမ်းစွာ ကိုယ့်ရဲ့အသိုင်းအဝိုင်းမိသားစုအတွင်း ငြိမ်းချမ်းရေးရဲ့သဘောတရားကို သိရှိနာလည်ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုအခန်းကဏ္ဍမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်လာစေဖို့အတွက် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုပေါင်းစုံလူငယ်များ ပူပေါင်းဆောင်ရွက်ခြင်းစီမံကိန်းကို ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ငြိမ်းဖောင်ဒေးရှင်းမှ အစီအစဉ်မန်နေဂျာ ဒေါ်လွှမ်းရာက ပြောသည်။

စီမံကိန်းတွင် လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးဆိုတာဘာလဲ၊ ငြိမ်းချမ်းရေး၏သဘောတရား၊ ဘာသာတရား၏ အနှစ်သာရ၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ အမြင့်ဖွင့်သင်တန်း၊ တိုင်းဒေသကြီးအဆင့် ဘာသာပေါင်းစုံဖိုရမ်၊ လူထုပညာပေးဖျော်ဖြေရေးအစီအစဉ် စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမိတ်ဆက်ပွဲတွင် ခရစ်ယာန်ဘာသာဝင် ဆရာကြီး ဦးစောလှက အဖွင့်အမှာစကားပြောကြားပြီး ငြိမ်းဖောင်ဒေးရှင်း ကရင်ပြည်နယ်ရုံး အကြံပေးအဖွဲ့ဝင် ဦးစိန်းထွေးက ဂုဏ်ပြုစကားပြောကြားကာ ငြိမ်းဖောင်ဒေးရှင်းမှ အစီအစဉ်မန်နေဂျာ ဒေါ်လွှမ်းရာက ငြိမ်းဖောင်ဒေးရှင်းမှ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပေးပြီး ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုပေါင်းစုံလူငယ်များ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းမန်နေဂျာ ဦးကိုကိုဝင်းက စီမံကိန်းဆောင်ရွက်မည့်ကြောင်းအရာများကို ရှင်းလင်းတင်ပြပေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဘာသာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကရင်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ခေါင်းဆောင်များ၊ ဘာသာပေါင်းစုံမှလူငယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ အားနည်းချက် အားသာချက်များကို ထောက်ပြကာ အကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး အစီအစဉ် မန်နေဂျာက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းစီမံကိန်းကို ကရင်ပြည်နယ်အပါအဝင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကရင်ပြည်နယ်တွင် အဆိုပါ စီမံကိန်းကို ယခုနှစ် အောက်တိုဘာလထဲ၌ စတင်ဆောင်ရွက်လျက်ရှိကာ ၂၀၁၉ ဒီဇင်ဘာလအထိ သုံးနှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# စစ်တွေမြို့ပေါ်၌ တန်ဆောင်တိုင်အကြိုအဖြစ် ရခိုင်ဇနီးမောင်နှံအရုပ်ကြီးများ လှည့်လည်ကပြ

**စစ်တွေ အောက်တိုဘာ ၂၅**
တန်ဆောင်မုန်းလပြည့်နေ့တွင် စစ်တွေမြို့၌ ရခိုင်ရိုးရာအစဉ်အလာမပျက် ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များတွင် အောက်တိုဘာ ၂၃ ရက်မှ စတင်ကာ ရခိုင်ရိုးရာဇနီးမောင်နှံ(အရုပ်ကြီး)များဖြင့် စတင်လှည့်လည်၍ ကပြဖျော်ဖြေပြီး အလှူခံလျက်ရှိသည်ကို တွေ့ရသည်။

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲ (ဗုဒ္ဓပူဇနိယ) ဘာသာရေးပွဲတော်ကြီးကို အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရာကြီး ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပွဲတော်ကျင်းပရေးကော်မတီကဦးစီးပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ဝက်ဘာကွင်းကြီး၌ မြို့လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲကြီးကို ရခိုင်ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပ၍ ဆရာတော် သံဃာတော် အပါး ၅၅၀ အား ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကုသိုလ်ယူသွားမည်ဖြစ်ကြောင်း ဘုရားကြီးဂေါပကအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဖုန်းပြုပြင်သင်တန်းဖွင့်လှစ်

**အထက်မင်းလှ အောက်တိုဘာ ၂၅**
သရက်ခရိုင် မင်းလှမြို့နယ်အတွင်းမှ ကျေးလက်နေလူငယ်များ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်အတွက် ဖုန်းပြုပြင်သင်တန်းကို မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကိုင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။



အဆိုပါ ဖုန်းပြုပြင်သင်တန်းဖွင့်ပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ဌာနအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းများနှင့် ဖွင့်လှစ်ပေးလျက်ရှိသည့် သင်တန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဌာနအနေဖြင့် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများအနက် ဖုန်းပြုပြင်သင်တန်းသည် ပထမဆုံးအကြိမ် ဖွင့်လှစ်ပေးသည့် သင်တန်းဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ ရည်မှန်းချက်များစွာထားရှိပါကြောင်းလည်း ဦးစီးမှူးက ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကိုင်းကျေးရွာအတွင်းရှိ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး ဖုန်းပြုပြင်ခြင်းနှင့်ပတ်သက်သည့် ပညာရပ်များကို သင်တန်းနည်းပြနှစ်ဦးက ၁၅ ရက်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။**ကိုသက်(အထက်မင်းလှ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာရပ်သင်တန်းများ ဆင်းပွဲကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၅**
မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ရေးမြို့နယ် ဝက်စွယ်ဖြူကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက် အကူပြု သင်တန်းများ၏ သင်တန်းဆင်းပွဲကို အောက်တိုဘာလ တတိယပတ်အတွင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများမှာ စွပ်ကျယ်တံဆိပ်ရိုက်နည်းသင်တန်း၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ချက်လုပ်နည်းသင်တန်း၊ ယိုထိုးနည်း၊ ဆိုင်ကယ်စက်ပြုပြင်သင်တန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးပညာပေးသင်တန်းတို့ဖြစ်ပြီး သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဗထူး**

# လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်းသင်တန်းဖွင့်

**စစ်ကိုင်း အောက်တိုဘာ ၂၅**
စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သော လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၆/၂၀၁၇) ဖွင့်ပွဲကို စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ရဲရင့်ရိပ်သာခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်းက အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တရားခံများ၏ ပြန်လည်အကြမ်းဖက် ရန်ပြုတုံ့ပြန်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်အနာတရဖြစ်ခဲ့ရသည့် ဖြစ်စဉ်များ အများအပြား ပေါ်ပေါက်ခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှုများမှ ရှောင်လွှဲနိုင်စေရန်၊ လူစုလူဝေးကို ကိုင်တွယ်ထိန်းသိမ်းရာတွင် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နေမှုများကို နားလည်သဘောပေါက်စေရန်နှင့် အမှုအခင်းများဖြစ်ပွားရာတွင် ဖြစ်စဉ်အခြေအနေအပေါ် မူတည်၍ အမှုမှန်ပေါ်ပေါက်ရေးနှင့် သက်သေခံပစ္စည်းများကို စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့က ကြီးကြပ်ကွပ်ကဲ၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းသို့ သင်တန်းသား ရဲတပ်ဖွဲ့ဝင် ၄၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက်သတ္တပတ်နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၆၆)**

# ကမ္ဘာလှည့်ခရီးသွားများ အပျော်စီးရေယာဉ်များဖြင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် လေ့လာလည်ပတ်

**နေပြည်တော် အောက်တိုဘာ ၂၅**
ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းခရီးစဉ်များဖြင့် ဝင်ရောက်လာပြီး ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းရှိ သဘာဝအလှတရားများ၊ ဒေသခံပြည်သူများ၏ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို စိတ်အားထက်သန်စွာ လေ့လာလျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Trails of Indochina Travels & Tours ကုမ္ပဏီလီမိတက်၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံသူ ကမ္ဘာလှည့်ခရီးသွား ၂၆ ဦးသည် အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ R.V Anawrahta အပျော်စီးရေယာဉ်ဖြင့် ရန်ကုန်-မန္တလေး-ရေစကြို-အမြင့်ရွာ-မုံရွာ-မုထောရွာ-သင်းထောရွာ-မောက်ကတော်-ကလေးဝ-ကလေး-ကင်းတပ်-စစ်သောင်-ဖောင်းပြင်-ဟုမ္မလင်း-မော်လိုက်-ကြည်တောင်ဦး-ဖိုလ်ဝင်တောင်-ရွှေဘတောင်-မုံရွာ-ပုဂံ-ရန်ကုန်-မန္တလေး ခရီးစဉ်ကိုလည်းကောင်း လည်ပတ်လျက်ရှိပြီး အောက်တိုဘာ ၂၉ ရက်တွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ တစ်ဆင့် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ နယူးဇီလန်နိုင်ငံသူ ဧည့်သည် ၂၅ ဦးသည်လည်း အဆိုပါ ခရီးစဉ်ကိုပင် အောက်တိုဘာ ၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိအတွင်းက သွားရောက်လေ့လာလည်ပတ်ခဲ့ပြီး အောက်တိုဘာ ၁၆ ရက်က ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမှုများကြောင့် ကမ္ဘာလှည့်ခရီးသွားများသည် မြန်မာနိုင်ငံရှိ ပြည်တွင်းရေကြောင်းခရီးစဉ်များဖြင့် ဧရာဝတီ၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ဒေသများသို့ စဉ်ဆက်မပြတ် ဝင်ရောက်လေ့လာလည်ပတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားနေ့အကြို စာပေဟောပြောပွဲအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၅**
အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အင်းစိန်မြို့နယ် စာပေဥယျာဉ် Book Club အသင်းတို့ဦးစီး၍ လာမည့် နိုဝင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၉၇)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အကြိုစာပေ ဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပရန်အတွက် အလှူရှင်များမှ အလှူငွေပေးအပ်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) ရှိ Community Center ခန်းမ၌ အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နှင်းကြည်နှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ - တောင်တွင်းကြီး)တို့က အမှာစကားပြောကြားပြီး အလှူငွေများပေးအပ်ရာ ဦးဘိုကြည်နှင့် ဒေါ်အေးအေးသန့်( I Car ဂျာနယ်)ထုတ်ဝေသူတို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများနှင့် ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အမျိုးသားနေ့အကြို စာပေဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက် ည ၇ နာရီတွင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပမည်ဖြစ်ပြီး ဝါရင့်စာရေးဆရာကြီး တက္ကသိုလ်စိန်တင်၊ သန်လျင်မောင်မောင်ဦး၊ ဝင်းနွယ်(ပုသိမ်)နှင့် ရန်မိုးအောင်(အင်းစိန်)တို့က အမျိုးသားနေ့အကြောင်း သိကောင်းစရာများကို ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**တီးတိန် အောက်တိုဘာ ၂၅**

တီးတိန်မြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ဌာနဆိုင်ရာများ လုပ်ငန်းဆောင်ရွက်နေမှုများကို ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့်အဖွဲ့ အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝန်ကြီးသည် တီမောသေကျမ်းစာကျောင်းခန်းမ၌ ပြုလုပ်သော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တီးတိန်မြို့နယ်ဦးစီးမှူးရုံး၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲသို့ သွားရောက်သည်။ ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော ၂၀၁၇ ခုနှစ် ရိုးရာခွာဒိုပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပွဲဖြစ်မြောက်ရေး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဇုန်နယ်အလိုက်ဘောလုံးပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့ပေါ်ရှိ ခရစ်ယာန်သင်းအုပ်ဆရာတော်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ နိုဝင်ဘာ ၃ ရက်နှင့် ၄ရက်တွင် ကျင်းပမည့် ရိုးရာခွာဒိုပွဲကိစ္စ၊ မြို့တွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကိစ္စ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများကို ရှင်းလင်းခဲ့ပြီး ပြည်သူများ၏ တင်ပြမေးမြန်းချက်များကိုလည်း ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် ဝန်ကြီးသည် ရိုးရာခွာဒိုပွဲကျင်းပမည့် ဆိုင်းဇန်ကျေးရွာသို့ဆက်လက်သွားရောက်ပြီး ပွဲကျင်းပရေးအတွက် လိုအပ်ချက်များကို စစ်ဆေးကြည့်ရှုခဲ့သည်။

**(မြို့နယ် ပြန် /ဆက်)**

## ပွဲတော်ချိန်အမီ အင်းတော်ကြီးရေလယ်ဘုရား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဆွေးနွေး

**မိုးညှင်း အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားစေတီတော်အား ဗုဒ္ဓပူဇနိယပွဲတော်အမီ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစီးရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲတွင် အင်းတော်ကြီးဒေသချောင်းဝဆရာတော်က သြဝါဒချီးမြှင့်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အင်းတော်ကြီးရွှေမဥ္ဇူဘုရား ဗုဒ္ဓပူဇနိယပွဲတော်အမီ စေတီတော်ကို လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစီးရေး၊ ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပွဲတော်အဝင် ကွန်ကရစ်လမ်းကို တိုးချဲ့ခင်းနိုင်ရေး စသည်တို့ကို ဆွေးနွေးသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ စိတ်အေးချမ်းသာစွာ တည်းခိုနိုင်ရေးအတွက် တည်းခိုဆောင်များ အဆင်ပြေစွာ စီစဉ်ထားရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ရေး၊ မီးဘေးအန္တရာယ်ကင်းဝေးရေးနှင့် ဒုစရိုက်သမားများအား စောင့်ကြည့်နှိမ်နင်းရေးအတွက် လုံခြုံရေးကိစ္စရပ်များ စသည်တို့ကို ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အင်းတော်ကြီးကန်ပတ်ဝန်းကျင် ကျေးရွာ ၁၁ အုပ်စုရှိ ကျောင်းတိုက်များမှ ဆရာတော်သံဃာတော်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် ကျေးရွာအုပ်စု ၁၁ စုမှ အုပ်ချုပ်ရေးမှူးများ၊ အင်းတော်ကြီးရွှေမဥ္ဇူ ရေလယ်ဘုရား ဂေါပကအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **နီတိုး**

## ပုဂ္ဂလိကစေတနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ကျောက်ကပ်ဖောင်ဒေးရှင်းတစ်ခုထူထောင်နိုင်ရေး ဆောင်ရွက်သွားမည်

**မန္တလေး အောက်တိုဘာ ၂၅**



မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောက်ကပ်ရောဂါကြောင့် ဆေးကုသမှုခံယူနေရသည့် ကလေးငယ်များအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးများနှင့် အခြားလိုအပ်သည်များအတွက် ဖောင်ဒေးရှင်းတစ်ခုထူထောင်ပြီး ရန်ပုံငွေတစ်ရပ်လည်း ထူထောင်သွားမည်ဖြစ်ကြောင်းနှင့် ဆင်းရဲနွမ်းပါးသည့် ကျောက်ကပ်ဝေဒနာရှင်များ အားကိုးအားထားရာ ဖောင်ဒေးရှင်းတစ်ခု ဖြစ်လာစေရန်အတွက် ပုဂ္ဂလိကစေတနာရှင်များ၏ ပံ့ပိုးကူညီမှုများလည်း လိုအပ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

မန္တလေး ချမ်းအေးသာစံမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ ခုတင် (၃၀၀) ဆံ့ ကလေးဆေးရုံကြီး ကျောက်ကပ်ကုသဆောင်၌ ကျောက်ကပ်ရောဂါဝေဒနာ ခံစားနေရပြီး ကျောက်ကပ်ဆေးနေရသည့် ကလေးငယ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်တိုဘာ ၂၂ ရက်က သွားရောက် တွေ့ဆုံအားပေးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ချထားပေးသော်လည်း လိုအပ်ချက်များ ရှိနေပါသေးကြောင်း၊ အစိုးရဘက်မှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် လိုအပ်ချက်များကို ပုဂ္ဂလိက စေတနာရှင်များက ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ကလေးဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးကုသမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရုံသာမကဘဲ ကျောက်ကပ်ဝေဒနာခံစားနေရသဖြင့် နေ့စဉ် ကျောက်ကပ်ဆေးနေရသည့် ကလေးများအား ကုသရေးပိုင်းကိုသာမက စားသောက်ရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ပညာရေးတို့ကိုပါ တာဝန်မဟုတ်ဘဲ စေတနာထား တာဝန်ယူဆောင်ရွက်ပေးနေသည်ကို သိရှိရ၍ တာဝန်ခံဆရာဝန်ကြီးများအတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် ခုတင် (၃၀၀)ဆံ့ ကလေးဆေးရုံကြီး ကျောက်ကပ်ကုသဆောင်၌ ကျောက်ကပ်ဆေးနေရသည့် ကလေး ၂၀ ခန့်ရှိကာ ၎င်းတို့၏ ကုသရေးပိုင်းကိုသာမက စားသောက်ရေး၊ ပညာရေးတို့ကိုပါ တာဝန်ခံ ဆရာဝန်ကြီးများက ဦးဆောင်၍ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အခက်အခဲ၊ လိုအပ်ချက်များလည်းရှိနေသဖြင့် စေတနာရှင် ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပံ့ပိုး ကူညီပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ပလောင်ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နမ့်ဆန် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ပလောင်ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းထားထားလှိုင်က ယခုဆိုလျှင် ပြည်သူ့စာကြည့်တိုက်များကို Community Centre များအဖြစ် ပုံဖော်ဆောင်ရွက်လျက်ရှိပြီး လူမှုအသင်းအဖွဲ့များ ဆွေးနွေးတိုင်ပင်ရာ၊ သတင်းအချက်အလက်များ ဖလှယ်ရာနေရာ၊ ကျောင်းသားလူငယ်များအတွက် ပညာဆည်းပူးရာနေရာ၊ သင်တန်းတက်ရောက်ရာနေရာ ဖြစ်စေရန် ဆောင်ရွက်ပေးနေကြောင်း၊ စာဖတ်ဝါသနာပါသူ၊ စာပေဝါသနာပါသူ အချင်းချင်း စုစည်းပြီး စာအုပ်စာပေမြတ်နိုးသူများ Book Club၊ အမျိုးသမီးအခွင့်အရေးများ ကာကွယ်ရေးနှင့် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမျိုးသမီးအသင်း Women Club၊ လူငယ်များအသိပညာမြင့်မားရေးနှင့် ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဝါသနာတူလူငယ်များစုစည်းပြီး လူငယ်အသင်း Youth Club များ ဖွဲ့စည်းရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပလောင်ယဉ်ကျေးမှုအဖွဲ့အစည်းခေါင်းဆောင် ဒေါ်နိုင်နိုင်ကျော်နှင့် တိုင်းရင်းသူတစ်ဦးက ပလောင်ရိုးရာယဉ်ကျေးမှုကဏ္ဍအကြောင်းနှင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာနေထိုင်ရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသော ပလောင်တိုင်းရင်းသား တိုင်းရင်းသူများနှင့် အမျိုးသမီးရေးရာ အဖွဲ့များက ကလေးစာဖတ်ခန်းအတွင်း ခင်းကျင်းပြသထားသော ပြတိုက်ငယ်ပုံစံနှင့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကာ ပြတိုက်ငယ်နှင့် ပတ်သက်၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မြို့နယ်ပြည်သူ့စာကြည့်တိုက်များ၌ ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေး

**မိုင်းငေါ့**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ကို Community Centre အဖြစ် ပုံဖော်ဆောင်ရွက်မှုတစ်ရပ်အဖြစ် မူလတန်းအဆင့် ကလေးငယ်များ၏ ဆေးရောင်ခြယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မိုင်းငေါ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က အမှာစကားပြောကြားကာ ပြိုင်ပွဲသို့ အထက(တာလုံ)၊ အမက(မန်လုံ)၊ အမက(ကွန်ကောက်)နှင့် အမက(တာလုံ)ကျောင်းတို့မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၄ ဦးပါဝင် ယှဉ်ပြိုင်ခဲ့သည်။ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာဝန်ခံဆရာဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

**မတ္တရာ**

မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကလေးငယ်များအတွက် ရောင်စုံဆေးရောင်ခြယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ အခြေခံပညာမူလတန်းကျောင်း(ရေနား)မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဝင်ရောက်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေသူမြင့်က စာရေးကိရိယာများ လက်ဆောင်ပေးအပ်ခဲ့သည်။

မတ္တရာမြို့နယ် Community Centre ၌ ကျောင်းသား ကျောင်းသူများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာပေဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို လစဉ် ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အမျိုးသမီးများတွေ့ဆုံပွဲ တွံတေး၌ ကျင်းပ

**တွံတေး အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာ အမျိုးသမီးငယ်များ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံအမျိုးသမီးငယ်များက အပြန်အလှန်မိတ်ဆက်ကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသီတာထွန်းက တွေ့ဆုံပွဲပြုလုပ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်သန်းသန်းအေးက အမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်၊ အဖွဲ့၏ လုပ်ငန်းလုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဖွဲ့ဝင်ဒေါ်ခင်သန်းဝင်းက လူမှောင်ခိုကူးခံရခြင်းအကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း၊ အမျိုးသမီးငယ်များ၏ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုအကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ရပ်ကွက်/ကျေးရွာများမှအမျိုးသမီးငယ်များက မိမိတို့သိရှိလိုသည့် အချက်များကို မေးမြန်းကြပြီး အမျိုးသမီးရေးရာအဖွဲ့တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ တွံတေးမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာရှိအမျိုးသမီးငယ်များအတွက် အိမ်တွင်းလက်မှုပညာသင်တန်းများကို ကျေးရွာအုပ်စုအလိုက် သင်ကြားပို့ချသွားရန်ရှိပြီး အဆိုပါ လက်မှုပညာများဖြင့် အမျိုးသမီးငယ်များအနေဖြင့် စီးပွားရေးကို တစ်ဖက်တစ်လမ်းက တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်းလည်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ သိရသည်။ **မျိုးလှိုင်(တွံတေး)**

# အကျွန်ုပ်တို့၏ ပြည်ထောင်စု ဥယျာဉ်မဟာအတွင်းမှာ

**မြင့်စိုး (နတလ)**

သင်တန်းဆင်းပွဲများ ကျင်းပပြီးစီးခဲ့တာဆိုလျှင်ဖြင့် ရက်သတ္တနှစ်ပတ်မျှရှိသွားခဲ့ပေပြီ။ သို့သော်ငြားလည်း ကျွန်တော့်စိတ်ထဲမှာတော့ သိပ်မကြာသေးသလို မနေ့တစ်နေ့ကအတိုင်း ထင်မှတ်နေဆဲ။ တည်ငြိမ်အေးချမ်း ခံ့ညား ထည်ဝါလှသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ပရိဝုဏ်၊ ဂုဏ်သိက္ခာနှင့် အစဉ်အလာကြီးမားခဲ့သော ဘွဲ့နှင်းခန်းမကြီး၊ ထိုခန်းမကြီးထဲမှာတော့ အနာဂတ်ကိုပိုင်စိုးမည့် ကျောင်းသား လူငယ်များအား လေ့ကျင့်သင်ကြားပေးရင်း ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ၊ ထွန်းကားပြန့်ပွားအောင် ဆောင်ကြဉ်းပေးမည့် စည်းရုံးရေးမှူးကောင်း ဆရာ ဆရာမလောင်းများနှင့် အနယ်နယ် အရပ်ရပ် (နယ်စပ်ဒေသအသီးသီး) က တက်ရောက်လာကြသော သူတို့၏မိဘများ။ ဆိုရသော် ဤနေ့ ဤရက်ဖြစ်သည့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်သည် ပန်းတိုင်းကို ပွင့်စေပြီး ပွင့်သောပန်းတိုင်းကို မွှေးစေသော မင်္ဂလာရက်မြတ်တစ်ရက်ပါပေ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း အမှတ်စဉ်(၁၄)နှင့် (၁၅)၊ ပညာရေးဘွဲ့ B.Ed ငါးနှစ်သင်တန်း အမှတ်စဉ်(၁)တို့၏ ဘွဲ့နှင်းသဘင်အခမ်းအနား၊ ဆရာအတတ်ပညာဒီပလိုမာ သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို အဆိုပါနေ့ရက်က ယင်းတက္ကသိုလ်ကြီး၏ ဘွဲ့နှင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက်အမှာစကားပြောကြား၍ သင်တန်းအလိုက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းငွေဦးနှင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြဝင်းနှင့်ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘွဲ့/ဒီပလိုမာရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးသားချင်းများ တက်ရောက်ခဲ့ကြသည်။

၎င်းတို့၏ မိဘဆွေမျိုးသားချင်းများဟု ကျွန်တော်ရေးလိုက်ရခြင်းမှာ အခမ်းအနားတက်ရောက်ရန် မိဘ/အုပ်ထိန်းသူ နှစ်ဦးကိုသာ ဖိတ်ကြားခေါ်ယူခဲ့သော်လည်း တချို့ဆိုလျှင် တစ်ရွာလုံးနီးပါးဟု တင်စားပြောဆိုရမတတ် ၁၀ ဦး၊ ၁၅ ဦးခန့်အထိ ရောက်ရှိလာကြသည် ဆို၏။ တိုင်းရင်းသားတွေလည်း ဖြစ်နေပြန်၊ ဟိုးဝေးလံခေါင်သီလှသော နယ်စပ်ဒေသ ကျေးရွာတွေမှ လာကြသည်လည်း ဖြစ်နေပြန်တာမို့ တစ်ဦးစ နှစ်ဦးစ ပိုပြီးရောက်လာတာကအစ မျှော်လင့်မထားသော မိသားစုအပိုဦးရေများ၏ စားသောက်ရေး၊ နေရေးထိုင်ရေး အဆင်ပြေစေရန် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမကြီးများက စီစဉ်ဆောင်ရွက်ပေးနေကြသည်ကိုလည်း ကျေးဇူးတင်စွာ တွေ့မြင်ခဲ့ရသည်။ တစ်ခါတစ်ရံ၌ ရွာဦးကျောင်းဆရာတော်များပင် ဂုဏ်ယူဝမ်းမြောက်စွာ ကြွရောက်၍ အားပေး ချီးမြှင့်တတ်ကြကြောင်း ကြားသိခဲ့ရပြန်ပါ၏။ ဂုဏ်ပြုချီးမြှောက်ထိုက်သူကို လာရောက် ဂုဏ်ပြုကြသည့်သဘောပင် မဟုတ်ပါလား။



ကျောင်းသားကျောင်းသူလေးများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာအကများဖြင့် ဖျော်ဖြေမှု

သင်တန်းဆင်း ကျောင်းသား ကျောင်းသူလေးများထဲတွင် ထူးချွန်ဆုရသူများကတော့ မိမိအတွက်သာမက မိမိတို့မိဘ၊ မိမိတို့ဇာတိရပ်ရွာ၊ မြို့နယ်၊ မိမိအားမွေးဖွားပေးခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၏ဂုဏ်ကို ဆောင်နိုင်ခဲ့ကြပေသည်။ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း၌ စံပြထူးချွန်ဆုရသွားသော မထန်ဆွင်းကျိန်ဆိုလျှင် ချင်းပြည်နယ် တီးတိန်မြို့နယ်မှ တီးတိန်ချင်းတိုင်းရင်းသူတစ်ဦးဖြစ်ပြီး စာပေဘာသာ(သိပ္ပံ) ထူးချွန်ဆုကိုပါ ဆွတ်ခူးသွားခဲ့သူလေးဖြစ်သည်။ ထိုနည်းတူစွာပင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်မှ ကယန်း(ပဒေါင်) တိုင်းရင်းသူလေး မခရစ္စတီးနာက ဆရာအတတ်ပညာ ထူးချွန်ဆုကို ဆွတ်ခူးရရှိသည်။

**၎င်းတို့၏ မိဘဆွေမျိုးသားချင်းများဟု ကျွန်တော်ရေးလိုက်ရခြင်းမှာ အခမ်းအနားတက်ရောက်ရန် မိဘ/အုပ်ထိန်းသူ နှစ်ဦးကိုသာ ဖိတ်ကြားခေါ်ယူခဲ့သော်လည်း တချို့ဆိုလျှင် တစ်ရွာလုံးနီးပါးဟု တင်စားပြောဆိုရမတတ် ၁၀ ဦး၊ ၁၅ ဦးခန့်အထိ ရောက်ရှိလာကြသည်ဆို၏။ တိုင်းရင်းသားတွေလည်း ဖြစ်နေပြန်၊ ဟိုးဝေးလံခေါင်သီလှသော နယ်စပ်ဒေသ ကျေးရွာတွေမှလာကြသည်လည်း ဖြစ်နေပြန်တာမို့ တစ်ဦးစနှစ်ဦးစ ပိုပြီးရောက်လာတာကအစ မျှော်လင့်မထားသော မိသားစုအပိုဦးရေများ၏ စားသောက်ရေး၊ နေရေးထိုင်ရေး အဆင်ပြေစေရန် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမကြီးများက စီစဉ်ဆောင်ရွက်ပေးနေကြသည်ကိုလည်း ကျေးဇူးတင်စွာတွေ့မြင်ခဲ့ရသည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ ဗမာတိုင်းရင်းသူ မမဥ္ဇူအေးက စာပေဘာသာ (ဝိဇ္ဇာ) ထူးချွန်ဆုကိုလည်းကောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်မှ ပလောင်တိုင်းရင်းသူ မလွေးအမ်ဇောင်က တိုင်းရင်းသားဘာသာနှင့် ယဉ်ကျေးမှု ထူးချွန်ဆုကိုလည်းကောင်း၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်မြင့်ဇူက ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆု(ဝိဇ္ဇာတွဲ)ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှ ဓနုတိုင်းရင်းသား မောင်မျိုးကျော်ကျော်ကလည်းကောင်း၊ ထူးချွန်ဆု(သိပ္ပံတွဲ)ကို ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်ဇော်ဇော်ဦးကလည်းကောင်း ရရှိခဲ့ပါသည်။

အထူးဂုဏ်ပြုဆုဖြစ်ပြီး ဦးသန်းဦးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဦးသန်းဦး(ရန်ကုန်ပညာရေးတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အခြေခံပညာ ဦးစီးဌာန) ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပေးအပ်သော ရွှေတံဆိပ်ဆုကို ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်မှ ကယန်း(ပဒေါင်)တိုင်းရင်းသူ မခရစ္စတီးနာက ဆွတ်ခူးရရှိသွားသည်။ ဆရာကြီးဦးသန်းဦးသည် ၁၉၆၀ ပြည့်နှစ် B.Ed စာမေးပွဲတွင် ပထမအဆင့်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သောကြောင့် စည်သူဒေါက်တာဦးဘ၏ ရွှေတံဆိပ်ဆုကို ထိုစဉ်က ရန်ကုန်တက္ကသိုလ် အဓိပတိဖြစ်သော ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဂုဏ်ပြုပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရသူဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်မှ မဟာပညာရေးဘွဲ့၊ ၂၀၁၅ ခုနှစ်တွင် ယင်းတက္ကသိုလ်မှပင် ချီးမြှင့်သော ဒေါက်တာဘွဲ့နှင့် ရန်ကုန်တက္ကသိုလ်မှ အပ်နှင်းခဲ့သည့် ဒေါက်တာဘွဲ့တို့ကို ရရှိခဲ့သူလည်းဖြစ်ပါသည်။

ထို့ကြောင့် ပညာအမွေကောင်းကို လက်ဆင့်ကမ်းပေးဝေလိုသော စေတနာထက်သန်စွာဖြင့် ဦးသန်းဦးဖောင်ဒေးရှင်းအဖွဲ့က အထက်ပါ ရွှေတံဆိပ်ဆုများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် လေးကြိမ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တစ်ကြိမ် ပေးအပ်ချီးမြှင့်ခဲ့ပြီး နိုဝင်ဘာလ ၂၆ ရက်နေ့တွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဒုတိယအကြိမ် ထပ်မံပေးအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အမှာစကားပြောကြားရာ၌ သင်တန်းဆင်း မောင်မယ်များအနေဖြင့် မိမိတို့တာဝန်ကျရာဒေသများမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ပြုစုပျိုးထောင်ပေးရန်၊ တက္ကသိုလ်ကြီးက သင်ကြားပေးလိုက်သည့် ဖွံ့ဖြိုးရေးဘာသာရပ်၊ အထူးဖွံ့ဖြိုးရေး ဘာသာရပ်များ၏ စာတွေ့လက်တွေ့ သဘောတရားများနှင့်အညီ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား အားသွန်ခွန်စိုက် ပါဝင်ကူညီဆောင်ရွက်ကြရန်၊ တောင်ပေါ်နှင့်မြေပြန့် ဒေသနေရာအနှံ့အပြားသို့ သွားရောက် တာဝန်ထမ်းဆောင်ကြရင်း နိုင်ငံတော်အစိုးရနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအကြား ကြားခံပေါင်းကူးတံတားများသဖွယ် ခံယူ၍ နိုင်ငံတော်၏ ကျေးဇူးသစ္စာတရားကို ထာဝစဉ် စောင့်သိရိုသေသော စည်းရုံးရေးမှူး ပညာရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများကို ဘွဲ့နှင်းခန်းမကြီး၏ ဧည့်ခန်းတွင်တွေ့ဆုံကာ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့သည်။ ထိုနေ့မွန်းလွဲပိုင်းတွင် (၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ပါမောက္ခချုပ်ဦးမြဝင်းက မဟာပညာရေးဘွဲ့နှစ်ဦး၊ ပညာရေးဘွဲ့ ၂၂၃ ဦး၊ ဆရာအတတ်ပညာဒီပလိုမာအတွက် ဒီပလိုမာလက်မှတ်ရ ၁၀၇ ဦးတို့ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုတို့တွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သင်တန်းဆင်း ဆရာ ဆရာမများအား အလုပ်ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ ပညာရေးဝန်ကြီးဌာန ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း)တို့မှ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အလုပ်တာဝန်ခန့်အပ်လွှာများကိုပါ တစ်ပါတည်းပေးအပ်၍ တာဝန်ထမ်းဆောင်စေခဲ့ပါသည်။

တစ်နည်းဆိုရလျှင် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရင့်သန်ခိုင်မာစေရန် ပြုစုပျိုးထောင်ပေးပြီး အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပန်းပျိုးလက်များကို မွေးထုတ်ပေးနေခြင်းပဲဖြစ်ပါသည်။ ညဦးပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့မိဘများအား ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာအကများဖြင့် ပြန်လည်ကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြရာ မိခင်ဖွံ့ဖြိုးတက္ကသိုလ်မြေ ယိမ်းအက၊ ကချင် အင်ထူကာခရန်အက၊ ကယား ဖူးအိုင်ဟုန်းအက၊ ရခိုင် မဟာနွယ်အက၊ မွန် ရွှေဟသာ်မင်း ယိမ်းအက၊ ရှမ်း ဆိန်ကောင်မောင်းဆိုင်အက၊ ချင်း ဝါးညှပ်အက၊ ကရင် ယူးယူးဟောင်ဟောင်မလိဖော့သန်အက၊ မြေဝိုင်း နှစ်ပါးအလှအကတို့ကို စုပေါင်းညီညာလှပစွာ တွေ့မြင်ကြည့်ရှုခွင့်ရခဲ့သည်။

လာမည့်နှစ်တွင်လည်း ပညာရေးဘွဲ့ B.Ed ငါးနှစ်သင်တန်း အပတ်စဉ်(၂)နှင့် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများ သင်တန်းဆင်းဦးမည်ဖြစ်သကဲ့သို့ မကြာမီရက်ပိုင်းမှာလည်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့မှ သင်တန်းဆင်း ကျောင်းသားများ မွေးထုတ် ပေးဦးမည်ဖြစ်ပါသည်။ ပြည်ထောင်စုပန်းဥယျာဉ်ကြီးထဲမှာ ပွင့်လန်းခဲ့သော ရောင်စုံပန်းကလေးများသည် ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များ မွှေးထုံသင်းပျံ့စွာဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ခရီးဆက်လျက်ရှိနေဦးမည်သာ။ ။

## ဘုရားသုံးဆူမြို့တွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေ

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရန် နေရာအခက်အခဲမရှိဘဲ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ် အဆောက်အအုံကို တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု အခြေအနေများကို မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်း၍ သတ်မှတ်ပုံစံ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ အိမ်ရာကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် ရောင်နီဦး ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်တွင်းလေကြောင်းလိုင်းများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ကြိုးပမ်းမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ပြည်တွင်းလေကြောင်းလိုင်းများ ရေရှည်ရပ်တည် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည်များနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ပြည်တွင်းလေကြောင်းလိုင်းအသီးသီးမှ တာဝန်ရှိသူများနှင့် အောက်တိုဘာ ၂၃ ရက်က ရန်ကုန်မြို့ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်သူ့အကျိုးနှင့် ဈေးကွက်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် အင်အားတစ်ရပ်ရရှိရေးအတွက် လေကြောင်းလိုင်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ၂၀၁၈ ခုနှစ်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်စစ်ဆေးမည့် Universal Safety Oversight Audit Programme (USOAP) နှင့် Universal Safety Audit Programme (USAP) တို့အတွက် ကြိုတင်ပြင်ဆင်မှုများတွင် လေကြောင်းလိုင်းများ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အကောက်ခွန်နှုန်းထားနှင့် လေယာဉ်ဆင်းသက်ရပ်နားခများ လျှော့ချပေးရေးကိစ္စ၊ လေယာဉ်စက်မှုပိုင်းကြီးကြပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။



USOAP နှင့် USAP တို့သည် ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာလေကြောင်းအဖွဲ့အစည်းများဖြစ်ကြောင်း၊ ယင်းတို့သည် အဖွဲ့ဝင်နိုင်ငံများရှိ လေကြောင်းအရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် စစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DCA)၏ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ကာ အရည်အသွေးကောင်းမွန်သော လေကြောင်းလိုင်းများအဖြစ် တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၊ အဲမန္တလေးလီမိတက်၊ ရန်ကုန်အဲဝေးစ်လီမိတက်၊ အဲပုဂံလီမိတက်၊ အေးရှားဝင်းစ်လီမိတက်၊ အဲကေဘီဇက်လီမိတက်၊ ရွှေမြန်မာလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ APEX လေကြောင်းလိုင်း၊ FMI လေကြောင်းလိုင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းလေကြောင်းလိုင်းအများစုမှာ အရှုံးဖြင့်ရင်ဆိုင်နေရကြောင်း၊ အရှုံးနည်းပြီး အမြတ်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဲမန္တလေး၊ အဲပုဂံနှင့် APEX လေကြောင်းလိုင်းတို့မှာ ယာယီရပ်နားထားကြောင်းသိရသည်။

လေကြောင်းလိုင်းအလိုက် ခရီးသည်ရရှိမှုမှာ ပျမ်းမျှအားဖြင့် ၅၆ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ လေယာဉ်ထိုင်ခုံအပြည့် ပြေးဆွဲနိုင်မှုမရှိခြင်းကြောင့် အရှုံးဖြင့် ရင်ဆိုင်နေရကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ MAI နှင့် အဲကေဘီဇက် တို့သာ ပြည်တွင်းသာမက ပြည်ပနှင့်ပါ ပြေးဆွဲနေသည့်အတွက် ခရီးသည်ဝေစု အများစုရရှိထားကြောင်း၊ ယင်းလေကြောင်းလိုင်းသုံးခုသည်လည်း မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ပြေးဆွဲနေသော ပြည်ပလေကြောင်းလိုင်း ၂၇ ခုနှင့်လည်း ရုန်းကန်ယှဉ်ပြိုင်နေရကြောင်း သိရသည်။ **မြင့်မောင်စိုး၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

## အခြေခံအပ်ချုပ်စက် သင်တန်းဆင်း

**ပဲခူး အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၀ ရက်က ပဲခူးမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပျဉ်ပုံကြီးတပ်နယ်၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမြင့်က သင်တန်းမှ သင်ကြားပေးလိုက်သည့် အခြေခံစက်ချုပ်အတတ်ပညာကို အခြေပြု၍ မိမိတို့သင်တန်းဆင်းရဲမေများအနေဖြင့် တပ်တွင်းမိသားစု၏ အဝတ်အထည်များကို ဖန်တီးချုပ်လုပ်ပေးနိုင်သူများဖြစ်လာ၍ အများအားကိုးရသူများဖြစ်လာမည်ဖြစ်ကြောင်း၊ တတ်မြောက်ပြီးသည့် ယခုပညာရပ်ကို ဆက်လက်ဖန်တီးနေမှသာ အရည်အချင်းတိုးတက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကာလမှာစက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ တစ်လကြာတိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုငွေဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

## စာပေဟောပြောပွဲနှင့်စာရေးကိရိယာလှူဒါန်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

Youth Developement Pilot Project Committee (YDPP) က ကြီးမှူးဖွင့်လှစ်သည့် ဘောလုံးသင်တန်းသား ကလေးငယ်များ၏ အသိဉာဏ်စာရိတ္တ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာပေဟောပြောပွဲနှင့် စာရေးကိရိယာလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)စားရိပ်သာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကား ပြောကြားသည်။

ထို့နောက် ဆရာညီပုလေးက ရွှေရောင်နေ့ရက်များများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကျော်ရင်မြင့်က မျိုးကောင်းမျိုးသန့် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ သင်တန်းသား ၃၁၅ ဦးနှင့် နည်းပြဆရာ ၂၄ ဦးတို့အတွက် ဗလာစာအုပ်တစ်ဒါဇင်စီနှင့် ကျောပိုးအိတ်များကို YDPP ကျောင်းအုပ်ကြီးဒေါ်မေမြတ်နွယ်(သံလွင်မြန်မာ)၊ ဦးဘယ်နီတင်အောင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်-ငြိမ်း) နှင့် တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းရာ နည်းပြဆရာများက လက်ခံယူကြသည်။

အဆိုပါ သင်တန်းတွင် မန္တလေးခရိုင်အတွင်းရှိ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်တို့မှ တစ်မြို့နယ်လျှင် ဘောလုံးသင်တန်းသား ၄၅ ဦးစီစုစုပေါင်းသင်တန်းသားကလေးငယ် ၃၁၅ ဦးတို့ကို သင်တန်းနည်းပြ ၂၄ ဦးတို့က လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားပြုလုပ်

**ဇီးကုန်း အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ဇီးကုန်းမြို့အမှတ်(၃) ရပ်ကွက် မြို့ပတ်လမ်းဥပဒေရုံးဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအုန်းသန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထူးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ခြင်းတို့အား ဆောင်ရွက်ခဲ့သည်။

မြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် တင်ဒါအောင်မြင်သော GOLDEN PEAK Co.,Ltd မှ မြေအကျယ် ၁၀၄ ပေ × ၈၂ ပေ ပေါ်တွင် တစ်ထပ်လေးခန်းတွဲ ခြံစည်းရိုးပါ အုတ်တိုက်အဆောက်အအုံကို သုံးလအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## ကော့သောင်းမြို့ ဘုရင့်နောင်ရုပ်တုကုန်းမြေ တောင်ပတ်လမ်းနှင့် ဗျူးပွိုင့် အပန်းဖြေရင်ပြင်တည်ဆောက်မှု ၉၀ရာခိုင်နှုန်းပြီးစီး

**ကော့သောင်း အောက်တိုဘာ ၂၅**

မြို့ကျက်သရေဆောင်ဘုရင့်နောင်ရုပ်တုကုန်းမြေဝန်းကျင်သည် ပါချန်မြစ်ဝမှ တစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ လှမ်းမြင်ရသည့် သာယာလှပသော အပေါ်စီးရှုခင်းများကြောင့် မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အမှတ်တရဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ မြို့ခံပြည်သူများ အပန်းဖြေအနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့် ခန်းများပြုလုပ်ခြင်းဖြင့် အစဉ်စည်ကားလျက်ရှိသည့် နေရာတစ်ခုဖြစ်၍ ကုန်းမြေပိုမိုသာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်က လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ထိုင်း-မြန်မာ နယ်စပ်ဖြတ်သန်းခရရှိငွေမှ ၁၀ ရာခိုင်နှုန်းနှင့် မိမိတို့၏ မြို့ပိုမိုသာယာလှပရေး မြို့ခံ စေတနာရှင် အလှူရှင်တို့၏ထည့်ဝင်လှူဒါန်းငွေများဖြင့် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာအပန်းဖြေနိုင်ကြရေး စံချိန်စံညွှန်းများနှင့်အညီ တာဝန်ယူ ပူးပေါင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ဒီနှစ်ဆောင်းရာသီ လာနီညာရာသီဥတု ဖြစ်ခဲ့ရင်



၂၀၁၇-၂၀၁၈ ဆောင်းဦးရာသီနှင့် ဆောင်းရာသီကာလများတွင် လာနီညာရာသီဥတုဖြစ်ရန် ၅၅ ရာခိုင်နှုန်း ကျော်ရှိနေပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

ဒေါက်တာထွန်းလွင်က"လက်ရှိရာသီဥတုကမိုးပါးသွားပြီ။ ဒီတစ်ပတ်လုံး မုန်တိုင်းလည်း မရှိဘူး။ ဘင်္ဂလားပင်လယ်အော်ရော၊ တောင်တရုတ်ပင်လယ်မှာရော မုန်တိုင်းမရှိဘူး။ ဆောင်းလေလည်းနည်းနည်းစ ဝင်လာပြီ။ ဘင်္ဂလားပင်လယ်အော်မှာ အနောက်တောင်လေ မရှိတော့ဘူး။ အရှေ့မြောက်လေတိုက်နေပြီ။ ဆောင်းဦးရာသီစဝင် နေပြီ"ဟု ပြောသည်။

ဆက်လက်၍လာနီညာရာသီဥတုနှင့်ပတ်သက်ပြီး" လောလောဆယ် စက်တင်ဘာလ၊ အောက်တိုဘာလတွေမှာတွက်လို့ရတဲ့အဖြေက လာနီညာဖြစ်ဖို့ ၅၅ ရာခိုင်နှုန်းကနေ၆၅ရာခိုင်နှုန်း အထိရှိနေတယ်။ တကယ်လို့သာ လာနီညာဖြစ်လာခဲ့ရင် ဒီဇင်ဘာလမှာ အားအကောင်းဆုံးဖြစ်ပြီး ၂၀၁၈ ဧပြီ-မေအထိ သွားမယ်။ လာနီညာဖြစ်ခဲ့ရင်အားနည်းမယ်၊ အားအသင့်အတင့် ရှိမယ်၊ အားကောင်းမယ်သုံးမျိုး ဖြစ်နိုင်တယ်။တကယ်လာနီညာရဲ့ မူလနေရာကမြန်မာနိုင်ငံနဲ့ အဝေးကြီး၊ အားအနည်းငယ်၊ အသင့်အတင့်ဆိုရင် မြန်မာနိုင်ငံအပေါ် သိပ်မထိခိုက်ဘူး။ အားကောင်းမယ်ဆိုရင်တော့ မြန်မာနိုင်ငံကိုထိခိုက်နိုင်တယ်။ အကျိုးသက်ရောက်မှုရှိနိုင်တယ်။ လာနီညာရဲ့ သက်ရောက်မှု အားကောင်းရင် ဒီဆောင်းဟာ အေးမယ်။ စွတ်စိုမယ်။ အပူချိန်ကျမယ်။ မိုးရေချိန်တိုးလာမယ်။ ၂၀၁၈ ခုနှစ် မိုးရာသီမှာ အန္တရာယ်နှစ်ခု ကြုံနိုင်တယ်။ မိုးများပြီး ရေကြီးတာ ကြုံနိုင်တယ်။ မုန်တိုင်းဖြစ်နိုင်တယ်။ အဲဒါကလာနီညာ ဖြစ်ခဲ့ရင်ပေါ့။ အခု စဖြစ်ခါစရာခိုင်နှုန်းအားဖြင့် တစ်ဝက်ကျော်ကျော်ပဲရှိသေးတော့ ပြောရမှာ စောသေးတယ်။ လာနီညာဖြစ်ခဲ့သည့်တိုင်အောင်အားမကောင်းရင် မသိသာဘူး၊ အားကောင်းရင်အန္တရာယ်တွေ ဖြစ်နိုင်တယ်"ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

လာနီညာ အားကောင်းလာလျှင် နောက်ဆက်တွဲ ဖြစ်လာနိုင်မည့် အန္တရာယ်များကို သတိထားကြရန်လိုကြောင်း၊ လာနီညာဖြစ်သည့်နှစ်များတွင် မုန်တိုင်းဝင်တတ်ကြောင်း၊ ၁၉၇၅ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များသည်လာနီညာနှစ်များဖြစ်ပြီးထိုနှစ်များတွင် မြစ်ဝကျွန်းပေါ်ကိုမုန်တိုင်းဝင်ခဲ့သည့်အတွက် သတိထားကြရန်လိုကြောင်း၊ မိုးလေဝသ သတင်းကိုသတင်းစာ၊ရေဒီယို၊ ရုပ်မြင်သံကြားနှင့်လူမှုကွန်ရက်များတွင် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနားထောင်ရန်လိုကြောင်း ဒေါက်တာထွန်းလွင်က ပြောကြားသည်။ **ရီရီမြင့်**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (ခ) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (ဂ) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (ဃ) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (င) | ကျပ်သိန်းငါးရာ | = | (၉) ဆု |
| (စ) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (ဆ) | ကျပ်သိန်းတစ်ရာ | = | (၁၂) ဆု |
| (ဇ) | ကျပ်သိန်းငါးဆယ် | = | (၁၇) ဆု |
| (ဈ) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (ည) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (ဋ) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (ဌ) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (ဍ) | ကျပ် တစ်သိန်း | = | (၁၂၀၀၀) ဆု |
| (ဎ) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၃၂၀၈) ဆု |

၂။ ရောင်းမကုန်ထီလက်မှတ် (၉၈၃၄)အုပ် ကျန်ရှိနေပါသဖြင့် အဆိုပါ ရောင်းမကုန်ထီလက်မှတ်များမှ ဆုမဲပေါ်ထွက်လာပါက အခြားသင့်တော်သော ဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးပါမည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

(က)နိုင်ငံခြားစက္ကူ ၃၀"(Standard)45 Gsm - ၁၀၀၀ တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၁၀-၂၀၁၇ရက်မှ ၂၄-၁၁-၂၀၁၇ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာတွင် တစ်စောင်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၁-၂၀၁၇ရက် နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် ခန့်မှန်းတန်ဖိုး၏ (၁%)ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၂၁၂၃၊
၀၆၇-၃၄၁၂၀၂၈

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများ
ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၂၃၉၀

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ခြင်းဆေးဖျန်းစက် | (၁၀)လုံး |
| (ခ) | Computer | (၇၀)လုံး |
| (ဂ) | Laser Printer | (၁၀၆)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၀-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်းအမှတ်-၀၉-၅၁၈၁၇၁၆၊ ၀၉-၇၈၁၈၈၆၉၈၈၊ ၀၉-၂၅၂၂၅၂၇၁၂ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Aerial (True Ortho) Photo ကောင်းကင်မြေပုံများ 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၀-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၇-၁၁-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် -၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်းအမှတ် -၀၉-၅၄၀၀၀၄၈သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မသူဇာသင်း ၁၀/ဘလန(နိုင်)၁၈၅၁၂၃၏ Passport/No.MC 477832 သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၂၆၂၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ဘီ၊ ပုလဲ(၁)ရပ်ကွက်၊ မြတ်လေးလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်၊ မြေကွက်အမှတ်(၉၁)၊ ဧရိယာ ၀.၄၅၉ ဧကရှိ နှစ် ၆၀ ဂရန်မြေအား ဒေါ်နုနုလှိုင်(ဘီလစ်) ၁၂/ဥကမ(နိုင်)၀၀၄၉၃၄မှ မင်္ဂလာဒုံမြို့နယ်၊ တရားမကြီးမှုအမှတ် ၃၆/၂၀၁၅၏ စီရင်ချက်အနိုင်ဒီကရီ၊ တရားမဇာရီမှု အမှတ် ၊ ၁၆/၂၀၁၅ ၏ နေ့စဉ်မှတ်တမ်း၊ ၁၂-၁၀-၂၀၁၅ ရက်စွဲပါ စာအမှတ်၆၅၆ /၅-၁/၂၀၁၅ အရ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။

အဆိုပါလျှောက်ထားသော မြေကွက်နှင့် ပတ်သက်၍ မြို့မြေစာရင်းတွင် ဗိုလ်ကြီးကျော်ကျော်လွင် အမည်ပေါက်ဟု သတ်မှတ်ထားပြီး လျှောက်ထားသူမှ တင်ပြထားသော နှစ်(၆၀)မြေငှားစာချုပ်တွင် အမည်ပေါက်မှာ ဦးချစ်မောင်ဖြစ်နေသဖြင့် ကွဲလွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မင်္ဂလာဒုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ဘီ၊ ပုလဲ(၁) ရပ်ကွက်၊ မြတ်လေးလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်၊ မြေကွက်အမှတ် (၉၁)၊ ဧရိယာ ၀.၄၅၉ ဧက၏ မြေရာဇဝင်အား အတည်ပြုရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တင်ပြကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ချက်မရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အမည်ပြောင်း

လမ်းမတော်မြို့နယ် အထက(၂) ဆဌမတန်း (A) မှ ဦးနိုင်နိုင်အောင်၏သား မောင်ပြည့်ဖြိုးအောင်အား ယနေ့မှစ၍ မောင်ဟိန်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်၊ မောင်ဟိန်းထက်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1533 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၄၀၂/ခ၊ မြေကွက်တည်နေရာအမှတ် (၄၀၂/ခ)၊ အင်းဝ(၆)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သန်းသန်းအေး ၁၁/ကဖန(နိုင်)၀၀၅၅၉၂) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းအေးမှ ဘဏ်ချေးမြေပုံကူးလျှောက်ထားရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးယူခဲ့ရာ ၎င်းမြေပုံမူရင်းမှာ မည်သည့်ဘဏ်တွင်မျှ ဘဏ်ငွေချေးယူခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မရှိကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၇-၁၆၄၇/၂၄-၇-၂၀၁၇ နှင့် မူရင်းတို့တင်ပြ၍ ဘဏ်ချေးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှတ်(၁၄)နယ်မြေ၊ ဗိုလ်ချုပ် ရွာသစ်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဦးပိုင်အမှတ်(လ/၃၆)ထဲမှ အလျား (၂၀ ပေ × အနံ ၅၀ ပေ) အကျယ်အဝန်းရှိ (တောင်ဘက်ခြမ်း)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်ဦးအောင်ဆန်း(၁၂/သကတ(နိုင်)၀၆၃၃၆၃) ထံမှ အဆက်စပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုအဆိုပြုကမ်းလှမ်းသူ ဒေါ်ခင်သီတာထွန်း ၁၂/သလန(နိုင်)၀၉၂၈၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာစိုး(LL.B)**
**စဉ်-၈၅၃၇**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-၅၅၊အခန်း-၁၅၊မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်။**

**REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF AGRICULTURE,LIVESTOCK AND IRRIGATION AGICULTURAL DEVELOPMENT SUPPORT PROJECT(ADSP)**
**Invitation for Quotation**

**Contract Reference no G-1**

1. The Government of Republic of the Union of Myanmar has received financing from the international Development Association (IDA) of the World Bank Group toward the cost of the Agriculture Development Support Project,and intends to apply part of the proceeds toward payments under the contracts for goods described in Paragraph 2.
2. The Department of Irrigation, Ministry of Agriculture, Livestock and Irrigation, Office No.43, Nay Pyi Taw, Myanmar now invites sealed bids from eligible bidders for the supply of:

**G-1-Motorbikes**

3. Bidding will be conducted through the Request for Quota tions (Shopping)procedure as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers revised July 2014 ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.
4. Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e 0900 to 1600 hours Myanmar time at the address given below.
5. A complete set of bidding documents in English can be obtained by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only.

- The Quotations must be delivered to the address below on or before: **November 15, 2017, 14 hrs, Myanmar time.**
- Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidder's designated representatives and anyone who choose to attend at the address below

6. All Quotations must be accompanied by a Bid Securing Declaration(in accordance with the format provided in the Bidding Documents)
7. The address referred to above is:

Attn: **Mr.Tint Lwin, Director of Procurement**
**Ministry of Agriculture, Livestock and Irrigation. Irrigation Department Address: Building No.43,** Floor/Room number: **1st floor, Office of Director of Procurement,** City: **Nay Pyi Taw** Country: **Republic of the Union of Myanmar**
Telephone:+**95-67-410316,** facsimile number:+**95-67-410509**
Electronic mail address: tlwin4.irr@gmail.com
Additional information and Request for Quotation documents can be obtained from: Mr. Nyein Chan Soe-National Procurement Officer
Telephone:+95-9250794163,Email-nyeinchansoe02 @gmail.com

**REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF AGRICULTURE,LIVESTOCK AND IRRIGATION AGICULTURAL DEVELOPMENT SUPPORT PROJECT(ADSP)**
**Invitation for Quotation**

**Contract Reference no G-2**

1. The Government of Republic of the Union of Myanmar has received financing from the international Development Association(IDA) of the World Bank Group toward the cost of the Agriculture Development Support Project,and intends to apply part of the proceeds toward payments under the contracts for goods described in Paragraph 2.
2. The Department of Irrigation, Ministry of Agriculture, Livestock and Irrigation, Office No.43, Nay Pyi Taw, Myanmar now invites sealed bids from eligible bidders for the supply of:

**G-2-Vehicles**

- Lot 1: 10 SEATER MINIBUS(VAN)
- Lot 2: 4-WHEEL DRIVE VEHICLE DOUBLE CAB

3. Bidding will be conducted through the Request for Quotations (Shopping)procedure as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers revised July 2014 ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.
4. Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e 0900 to 1600 hours Myanmar time at the address given below.
5. A complete set of bidding documents in English can be obtained by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only.

- The Quotations must be delivered to the address below on or before: **November 15, 2017, 14 hrs, Myanmar time.**
- Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidder's designated representatives and anyone who choose to attend at the address below

6. All Quotations must be accompanied by a Bid Securing Declaration(in accordance with the format provided in the Bidding Documents)
7. The address referred to above is:

Attn: **Mr.Tint Lwin, Director of Procurement**
**Ministry of Agriculture, Livestock and Irrigation. Irrigation Department Address: Building No.43,** Floor/Room number: **1st floor, Office of Director of Procurement,** City: **Nay Pyi Taw** Country: **Republic of the Union of Myanmar**
Telephone:+**95-67-410316,** facsimile number:+**95-67-410509**
Electronic mail address: tlwin4.irr@gmail.com
Additional information and Request for Quotation documents can be obtained from: Mr. Nyein Chan Soe-National Procurement Officer
Telephone:+95-9250794163,Email-nyeinchansoe02@gmail.com

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်းလုံး၊ P.V.C ပိုက်များ အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၂) ခေါ်ယူခြင်း

ရှမ်းပြည်နယ်အတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် လုပ်ငန်းများ ဆောင်ရွက်လိုအပ်သည့် ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်းလုံး P.V.C ပိုက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပြည်နယ် | ပစ္စည်းအမျိုးအစား | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ဒီဇယ်ဆီ | ဘိလပ်မြေ | သံချောင်း အရွယ်စုံ | 110mm ØP.V.C ပိုက် | 90mm ØP.V.C ပိုက် | 75mm ØP.V.C ပိုက် | 4''Ø Pipe |
| | | ဂါလန် | တန် | တန် | NO | NO | NO | NO |
| ၁။ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၄၂၆၉၁ | ၁၄၂၆.၆၅ | ၄၄.၃၉ | ၄၅၆ | ၅၃ | ၁၅၈ | ၅၄၂ |
| ၂။ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၆၀၀၀ | ၅၀၂ | | | | | |
| ၃။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၄၁၈၀ | | | | | | |
| | **စုစုပေါင်း** | ၈၂၈၇၁ | ၁၉၂၈.၆၅ | ၄၄.၃၉ | ၄၅၆ | ၅၃ | ၁၅၈ | ၅၄၂ |

(က) **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၃၀-၁၀-၂၀၁၇ ရက် မှ ၈-၁၁-၂၀၁၇ ရက်အထိ နံနက် ၉း၃၀ မှ ညနေ ၄း၃၀
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ် တောင်ကြီးမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၀-၁၁-၂၀၁၇ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၄-၁၁-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီ

အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၏ ဖုန်း-၀၈၁-၂၁၂၁၁၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

Hanearl Science Limitedမှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား ကလို့(စ်)ဖရင့်(ဒ်)ကုမ္ပဏီလီမိတက်မှ မြန်မာကောင်းမှန်လုပ်ငန်းစုကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| No. | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1 | BENTID 50 WG | DIFLUBENZURON 50% WG | Provisional | P 2017-3983 |
| 2 | KONAN 2 EC | EMAMECTIN BENZOATE 2% EC | Provisional | P 2017-3986 |
| 3 | MANIPAM 5 EC | FENPROPATHRIN 5% EC | Provisional | P 2017-3988 |
| 4 | REACTION 2 WP | BIFENTHRIN 2% WP | Provisional | P 2017-3979 |
| 5 | TOPSTAR 21.7 SC | AZOXYSTROBIN 21.7% SC | Provisional | P 2017-3978 |
| 6 | TOPLINE 25 WP | DIMETHOMORPH 25% WP | Provisional | P 2017-3985 |
| 7 | MOONSTAR10 SP | VALIDAMYCIN 10% SP | Privisional | P 2017-3975 |

**ကလို့(စ်)ဖရင့်(ဒ်)ကုမ္ပဏီလီမိတက်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ရေတားတမံ တည်ဆောက်မည့် ကျောက်ရောမြေသယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံ စတင် ရောင်းချမည့်ရက်၊ အချိန်** - ၂၃-၁၀-၂၀၁၇ ရက်၊ ၀၉း၃၀ နာရီ
**တင်ဒါပုံစံအရောင်း ပိတ်မည့်ရက်၊ အချိန်** - ၂၇-၁၀-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၁၄-၁၁-၂၀၁၇ ရက်၊ ၁၅း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံ တစ်စောင်လျှင် ၁၀၀၀၀/- ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## အများသိစေရန် အသိပေးကြေညာချက်

VisionFund Myanmar ကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ် (၀၂၁၇/၂၀၁၆)ဖြင့် လိုင်စင်ရယူပြီး အသေးစားငွေရေးကြေးရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ VisionFund Myanmar ကုမ္ပဏီလီမိတက်တွင် Board Member အဖွဲ့ဝင် (၆)ဦးအဖြစ် Samuel Sureshkumar Bartlett၊ Dr.Saw Ivan ၊ Michael John Spingler ၊ Angelina Maria Oguma၊ Adrian Iver Merryman နှင့် Jonathan Peter Hartley တို့မှ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အဆိုပါ Board Member အဖွဲ့တွင် ဦးစိုးကျော်ကျော်၊ ဒေါ်စုစုသာထွန်းနှင့် Aude Schonbachler တို့ (၃)ဦးထပ်မံပါဝင်လာပြီး စုစုပေါင်း Board Member အဖွဲ့ဝင်(၉)ဦးဖြင့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Mr.Rommel Caringal**
**Chief Executive Officer (VisionFund Myanmar Co.,Ltd.)**
**အမှတ် (၁၉)၊ ဝင်ဆာအက်စတေ့ကွန်ဒို၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ရုံးဖုန်း-၀၉-၇၇၈၈၄၄၉၆၁~4 Ext:3801**

**မွေးသက္ကရာဇ် အမှန်**

ကျောက်တံခါးမြို့ (အထက) နဝမတန်း(E)မှ (ဘ)ဦးမျိုးသက်ဦး ၇/ညလပ(နိုင်)၁၀၄၆၇၆၏သား မောင်ငြိမ်းချမ်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၄-၂၀၀၃ ဖြစ်ပါသည်။

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ပဋ္ဌမအကြိမ်သက်ကြီးသင်္ဘောသားများအား ထောက်ပံ့ကြေးပေးအပ်ပွဲ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်မှ ၁၈-၁၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် အမှတ်(၁၃၀)၊ ယုဇနဟိုတယ်၊ တတိယထပ် (MSF-MTC)၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်၌ အသက်(၇၀)ကျော်နှင့်အထက် သက်ကြီးသင်္ဘောသားများအား ပဋ္ဌမအကြိမ်မြောက် သက်ကြီးထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လျှောက်လွှာလာရောက်လျှောက်ထားနိုင်ပြီး ၇-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀နာရီတွင် စာရင်းပိတ်မည်ဖြစ်ပါသည်။ ၁၄-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် ထောက်ပံ့ကြေးငွေလက်ခံရရှိမည့် အတည်ပြုပြီးသော အမည်စာရင်းအား အမှတ်(၅၃)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

သင်္ဘောသားညီနောင်များမှ မိမိတို့၏ နောင်တော်သက်ကြီးသင်္ဘောသားများအား ကူညီထောက်ပံ့လှူဒါန်းလိုပါက အဖွဲ့ချုပ်ရုံးတည်ရှိရာ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်နိုင်ရန် အဖွဲ့ချုပ်ရုံးသို့ဆက်သွယ်၍ ဖိတ်စာထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-စီ)၊ မြေကွက်အမှတ် (၂၂)၊ ဦးဖိုးထွန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အမှတ် (၃၂) အကျယ်အဝန်း အလျား ၄၉/၃၉ပေ × အနံ ၇၅/၆၈ပေ ခေါ်တွင်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထရှင်တူး ၁/မကန(နိုင်)၀၉၀၁၇၇ (၄င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူဒေါ်ဒွဲဘူ)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းလင်း ၅/ရဥန(နိုင်)၀၀၀၅၅၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး (LL.B, D.B.L, WIPO)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၇၀၀)**
**အမှတ် (၁၀) လေးလွှာ/ဘီ၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၅၁၂၀၁၀၊ ၀၉-၄၄၃၂၁၄၉၇၇**

## ACKNOWLEDGEMENT FOR THE CLAIMABLES

Close Friend Company Limited has transferred its rights to register and distribution in Myanmar for the following pesticides to Myanmar Kaung Hman Group Company Limited. For those who have any rejection for this matter can submit their claims to the Office of Pesticide Registration Board within 7days from this advertisement date:

| No. | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1 | BENTID 50 WG | DIFLUBENZURON 50% WG | Provisional | P2017-3983 |
| 2 | KONAN 2 EC | EMAMECTIN BENZOATE 2% EC | Provisional | P2017-3986 |
| 3 | MANIPAM 5 EC | FENPROPATHRIN 5% EC | Provisional | P2017-3988 |
| 4 | REACTION 2 WP | BIFENTHRIN 2% WP | Provisional | P2017-3979 |
| 5 | TOPSTAR 21.7SC | AZOXYSTROBIN 21.7% SC | Provisional | P2017-3978 |
| 6 | TOPLINE 25 WP | DIMETHOMORPH 25% WP | Provisional | P2017-3985 |
| 7 | MOONSTAR 10 SP | VALIDAMYCIN 10% SP | Privisional | P2017-3975 |

**CLOSE FRIEND COMPANY LIMITED**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3634 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/7652 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2005 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ရခိုင်ပြည်နယ်အတွက် " ၆၅,၁၆၀ သိန်း" လှူဒါန်းခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) အား အထူးကျေးဇူးတင်ရှိခြင်း

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ( BFM ) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းမှ ရခိုင်ပြည်နယ်အတွက်

(က) ၂၆.၈.၂၀၁၇ - ရက်နေ့က ကျဆုံး/ဒဏ်ရာရဝန်ထမ်းများအတွက် ( ၄၇၀) သိန်း

(ခ) ၁၀.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်၊မောင်တောမြို့နယ် - နယ်စပ်ခြံစည်းရိုး ကာရန်အတွက် ( ၁၁၆၉၀) သိန်း

(ဂ) ၁၂.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မောင်တောဒေသဖွံ့ဖြိုးရေး အတွက် ( ၃၀၀၀) သိန်း

(ဃ) ၁၉.၁၀.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံ သို့ ပေးအပ်ခြင်း။ ( ၃၀၀၀၀) သိန်း

စုစုပေါင်း ကျပ်သိန်းပေါင်း ခြောက်သောင်း ငါးထောင်တစ်ရာ့ခြောက်ဆယ် (၆၅,၁၆၀သိန်း) အား ရခိုင်ပြည်နယ်အတွက် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးခဲ့ပါသည့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် အဖွဲ့သားများ အားလုံး သက်ရှည် ကျန်းမာပြီး စီးပွားဉစ္စာများ အမြဲမပြတ် တိုးပွားပြီး နိုင်ငံနှင့် ပြည်သူ့အကျိုး ဆထက်တိုး၍သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးကျေးဇူးတင် ရှိပါကြောင်း ဂုဏ်ပြုအပ်ပါသည်။

(၁) မရမာကြီး မဟာဗောဓိလှူမှုရေးအသင်း (စစ်တွေမြို့)
(၂) ဝံလက်ဖောင်ဒေးရှင်း (စစ်တွေမြို့)
(၃) ဝေဟင်အောင်ဖောင်ဒေးရှင်း
(၄) နွေးထွေးသူများအသင်းပရဟိတ (ဘူးသီးတောင်မြို့)
(၅) အနောက်တံခါးဒေသထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(စစ်တွေမြို့)

## ရောင်းချရန်ကြော်ငြာစာ

### တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
### မန္တလေးခရိုင်တရားရုံး
### ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၂၃၂

| | | |
|---|---|---|
| မန်နေဂျာ | နှင့် | ၁။ ဦးမောင်ကို |
| မြန်မာ့စီးပွားရေးဘဏ်(၁)၊ မန္တလေးမြို့ | | ၂။ ဒေါ်စိုးစိုးဝင်း |
| **တရားနိုင်** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၀၂/၂၀၁၇ အမှုတွင် အနိုင်ဒီကရီကိုအတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၈ရက် မွန်းမတည့်မီ ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇)၊ ဦးပိုင်အမှတ်(၅၉+၆၀)၊ ဧရိယာ ဝဒသမ ဝ၅၅၁+ဝဒသမ ဝ၅၅၁ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၁) (၃၁×၅၀)ပေရှိ နှစ်ထပ်ခွဲ အာရ်စီပတ်ကားတိုက်နှင့် အိမ်အမှတ်(၂) (၂၇×၁၉)(၁၃×၁၇)ပေရှိ တစ်ထပ် Steel Structure အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၅၀၀ (ကျပ်သိန်းငါးထောင်ငါးရာ)တိတိ။**

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူ တို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက် ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့် ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(အေးမြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1737 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8158 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၃၂၈၆ CP Light Truck,P/U (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၂/ပဘတ(နိုင်) ဝ၂၇၉၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သက်ကြီးပူဇော်ပွဲနှင့်တွေ့ဆုံပွဲ MFPDSA

**မြန်မာနိုင်ငံစီမံကိန်းရေးဆွဲရေးဦးစီးဌာနဝန်ထမ်းဟောင်းများအသင်း**

မြန်မာနိုင်ငံစီမံကိန်းရေးဆွဲရေးဦးစီးဌာနဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့်တွေ့ဆုံပွဲကြီးအား အောက်ပါအတိုင်းကျင်းပမည်ဖြစ်၍ အသက် (၇၅)နှစ်နှင့်အထက်ဝန်ထမ်းဟောင်း များ၊ လက်ရှိဝန်ထမ်း/ဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်

( ဖိတ်စာမရောက်ရှိလည်း တက်ရောက်နိုင်ပါသည် )

နေ့ရက် ~ ၂၀၁၇ အောက်တိုဘာ (၂၉) ရက်၊ တနင်္ဂနွေ၊ နံနက် ၉ မှ ၁၂ အထိ
နေရာ ~ "ဖူဆန်း စားတော်ဆက်" - ၁၆၀၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၊ MYANMAR PLAZA အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

စုံစမ်းရန် ~ 095011551, 0973065966, 0943202861, 0943018362, 09795292349

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများအတွက်

## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရ နည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လ သင်တန်းများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဖွင့်လှစ်ပါမည်-

(က) လမ်းခင်းကျွမ်းကျင်မှုသင်တန်း(Road Construction)
(ခ) ပုံဆင်ပုံရိုက်ကျွမ်းကျင်မှုသင်တန်း(Concrete Shuttering)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) မူလတန်းအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး (၄၀)နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ခ) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရမည်-

(က) လျှောက်လွှာမူရင်း(၁)စောင်
(ခ) နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ(၁)စောင်
(ဂ) လိုင်စင်ဓာတ်ပုံ(၃)ပုံ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း (သို့မဟုတ်) မြို့နယ်ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်း
(င) သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း

၄။ ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၆ ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ပါသည်-

(က) အစိုးရ နည်းပညာအထက်တန်းကျောင်း(နေပြည်တော်) (ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)
(ခ) အစိုးရ နည်းပညာအထက်တန်းကျောင်း(ရွာမ) (ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)
(ဂ) အစိုးရ နည်းပညာအထက်တန်းကျောင်း(မန္တလေး) (ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)

(လျှောက်လွှာများကို ၂၆-၁၀-၂၀၁၇ရက်မှ ၅-၁၁-၂၀၁၇ရက် အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီး တွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးလျှောက်ထားရမည့်ရက်မှာ ၅-၁၁-၂၀၁၇ရက် ဖြစ်ပါသည်။ ၆-၁၁-၂၀၁၇ရက်တွင် လူတွေ့ စစ်ဆေးသွားမည်ဖြစ်ပါသည်။)

၅။ သင်တန်းကို ကျား/မ မရွေး လျှောက်ထားနိုင်ပြီး သင်တန်းတစ်ခု လျှင် သင်တန်းသား/သူ ၁၂ ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား/သူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ် (၉၇/က-၁၀)၊ မြေဧရိယာ ဝဒသမ ဝ၈၅ဧကရှိ မြေကွက်အား ဒေါ်သန္တာဝင်း ၁/မကန(နိုင်)၁၀၇၅၆၅ အမည်ဖြင့် အမှုတွဲအမှတ် ၅၁/V(၂၀၁၇-၂၀၁၈)ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာရာ မြစ်ကြီးနားမြို့နယ်တရားရုံး၌ ၃-၄-၂၀၁၇ ရက်စွဲဖြင့် ကျမ်းကျိန်လွှာအမှတ်စဉ် ၂၄၃/၂၀၁၇ ဖြင့် ကျိမ်းကျိန်ဆိုပြီး မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၂၆-၄-၂၀၁၇ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၁၅၂/၂၀၁၇ ဖြင့် တင်ပြကာ ဒေါ်သန္တာဝင်း ၁/မကန(နိုင်)၁၀၇၅၆၅ အမည်ဖြင့် မြေငှားဂရန်(အသစ်) ရရှိရေးအတွက် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့် ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၁၇ ရက် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၂၈) ငြင်းချက်ထုတ်ရန်သမ္မန်စာတွင် တရားပြိုင်၏ အမည်ကို ဦးဝေဖြိုးမင်းအစား ဦးဝေဖြိုးဝင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ဝေဖြိုးဟန်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၁၉-၉-၂၀၁၇ ရက် စာမျက်နှာ (၂၇)ပါ ယာဉ်အမှတ် ၄၆ယ/၂၆၇၂၃ အစား ၄၆ယ/၂၆၇၂၇ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပဋ္ဌာနိကာယ်ကျောင်းတိုက် ကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ ပဋ္ဌာနိကာယသာသနဗိမာန်ကျောင်းတိုက်တွင် ယခုနှစ် ပုရိမဝါမှ ထတော်မူကြသည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်) အမှူးရှိသော စာချ-စာသင် သံဃာတော်အရှင်မြတ်(၃၀၀)တို့နှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား (၄၁)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့် (၃-၁၁-၂၀၁၇) သောကြာနေ့ မွန်းလွဲ ၁ နာရီ ပဋ္ဌာနိကာယဓမ္မသဘာ၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ကုသိုလ်ယူ နိုင်ရန် ဖိတ်ကြားအပ်ပါသည်။ **အကျိုးဆောင်များ**

**ပဋ္ဌာနိကာယသာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၀၁-၈၅၆၄၄၅၆၊ ၀၉-၂၅၀၀၁၄၇၆၇**

## မြတ်ဆရာပူဇော်ပွဲ (ထောက်ကြန့်)

ယခင်အင်းစိန်ခရိုင် ထောက်ကြန့်စံပြကျေးရွာ အစိုးရအလယ်တန်း ကျောင်း အလက(၂)၊ အထက(၃) မင်္ဂလာဒုံတို့မှ ပညာသင်ကြားပေး ခဲ့သော ဆရာကြီး ဆရာမကြီးများအား (၂၁)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း။

**အစီအစဉ်**

**နေ့ရက်** - ၁၃-၁၁-၂၀၁၇ ရက် (တနင်္လာနေ့) (အမျိုးသားနေ့)
**အချိန်** - နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ
**နေရာ** - အထက(၃) အင်ကြင်းခန်းမ (ထောက်ကြန့်)

**ဆက်သွယ်လှူဒါန်းနိုင်ရန်-**

| | |
|---|---|
| ဦးအောင်စိုးရီ (ဥက္ကဋ္ဌ) | ဖုန်း-၀၉-၃၁၃၁၄၀၄၅၊ |
| ဒေါ်ကြည်ကြည်ငြိမ်း (ဒု-ဥက္ကဋ္ဌ) | ဖုန်း-၀၉-၄၂၀၀၀၄၄၅၃၊ |
| ဦးကျော်သူ (ဘဏ္ဍာရေးမှူး) | ဖုန်း-၀၉-၅၁၃၁၇၁၁ |

## ကြော်ငြာစာ

### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### လားရှိုးခရိုင်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅

**ကွယ်လွန်သူ ဒေါ်စု၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၅/ဗမာခါးရိုး)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စု ကျန်ရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဌေးဌေးဇော် ရပ်ကွက်(၉)၊ နယ်မြေ(၄)၊ လားရှိုး မြို့နေသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၇ရက် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသဖြင့် ထို ကွယ်လွန်သူ ဒေါ်စု၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန်ဆိုခဲ့သော ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၇ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန် အမွေထိန်းလက်မှတ်ထုတ်မပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဌေးဌေးဇော်၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၇ခုနှစ် အောက်တိုဘာ ၁၆ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**လားရှိုးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

